
http://www.linhtet.com



http://www.linhtet.com

## ဒို့တာဝန်အရေးသုံးပါး

- ✪ ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- ✪ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- ✪ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✪ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✪ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- ✪ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ✪ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
- ✪ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✪ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ✪ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ✪ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး၊
- ✪ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး၊

## လူမှုရေးဦးတည်ချက်(၄)ရပ်

- ✪ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- ✪ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ✪ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊
- ✪ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.linhtet.com

# ပြည့်ပိုင်မျိုးအိမ်

မြို့ကြီးသား

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(ဂဂ)၊ ဒုထပ်(ယာ)၊ ၃ဂ-လမ်း၊

ဖုန်း -၂၄၅၂ဂ၄၊ ၃၇၉၄ဂ၇

http://www.linhtet.com

# ပုံနှိပ်မှတ်တမ်း

ပြည့်ပိုင်မျှးအိမ်၏ စာအုပ်အမှတ်စဉ် (၂၇)

| | | |
|---|---|---|
| **စာမူခွင့်ပြုချက်အမှတ်** | - | **၅၀၁၇၇၅၁၂၀၉** |
| **မျက်နှာဖုံးခွင့်ပြုချက်အမှတ်** | - | **၅၀၁၆၆၃၁၂၀၉** |
| **အဖုံး ဒီဇိုင်း** | - | **သင့်မြတ်** |
| **ထုတ်ဝေသူ** | - | **ဦးလှိုင်ဝင်းမိုး (မြဲ - ၀၃၉၀၀)** |
| | | **၈၈၊ ၃ထပ်(ယာ)၊ ၃၈လမ်း၊ ကျောက်တံတား။** |
| **မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** | - | **ဦးဝင်းကျော်ထွန်း (မုံရွေးပုံနှိပ်တိုက်)** |
| | | **(၈၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။** |
| **အတွင်းဖလင်** | - | **ကိုဦးနှင့် ညီများ** |
| **စာအုပ်ချုပ်** | - | **ဝင်းပပ** |
| **ပုံနှိပ်ခြင်း** | - | **ပထမအကြိမ်** |
| | | **၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ။** |
| **အုပ်ရေ** | - | **၅၀၀** |
| **တန်ဖိုး** | - | **၁၆၀၀ ကျပ်** |

၈၉၅·၈၃

ပြည့်ပိုင်မျှးအိမ်

မြို့ကြီးသား / ပြည့်ပိုင်မျှးအိမ်။ - ရန်ကုန် ၊

တော်ဝင်မြို့မှစာပေ၊ ၂၀၀၉။

၁၄၂ - စာ ၊ ၁၃ စင်တီမီတာ × ၂၀·၅ စင်တီမီတာ။

(၁) မြို့ကြီးသား

Life is just one damned things after another.

**ဘဝဆိုတာက**

**ဘာမှမဟုတ်တာတွေ**

**တစ်ခုပြီးတစ်ခု**

**ပေါ်လာတတ်တာမျိုး။**

Elbert Hubbard

http://www.linhtet.com

www.linhtet.com

"မင်း အခု ဘာတွေပြင်ဆင်ထားလဲ"

"ခင်ဗျာ . . . "

ယောက္ခထီးကြီး၏ အမေးစကားကို သံယောင်လိုက်ကာ 'ခင်ဗျာ' ဟု သူဆိုဖြစ်သည်။

"မဗျာနဲ့ . . . အခုပဲ မင်းမိန်းမ ငါ့သမီးမှာ ကိုယ်ဝန်ငါးလ ရှိနေပြီ . . . မကြာခင် လေးငါးလအတွင်းမှာ ကလေးကမွေးတော့မယ် . . . ကဲ . . . အဲဒီ့အတွက် မင်း ဘာတွေပြင်ဆင်ထားလဲလို့ မေးတာ . . . "

ယောက္ခထီးဖြစ်သူ၏အမေးကြောင့် သူ ဟက်ခနဲ ရယ်ဖြစ်သည်။ ယောက္ခထီးကြီးက လည်း မေးမှမေးတတ်ပလေ။ မိန်းမဖြစ်သူက

http://www.linhtet.com



ကိုယ့်ရဲ့ရင်သွေးလွယ်ထားတဲ့ကိစ္စ ဘာမှမပြင်ဆင်ဘဲနေပါ့မလား။

"သြော် . . . ဒါလား . . မပူပါနဲ့ ဖေကြီးရာ . . သူ ကိုယ်ဝန် စရကတည်းက ကျွန်တော့်မရီးဆီက ဗိုက်ဖုံးအင်္ကျီအဟောင်းသုံးထည် တောင်းပြီး အဖေ့သမီးကို ဆင်ထားတယ် . . . "

"ဘာကွ . . . "

သူ့စကားအဆုံးမှာ ယောက္ခထီးက နီမြန်းသောမျက်နှာကြီး ဖြင့် 'ဘာကွ' ဟု ထအော်သည်။

ယောက္ခထီးကြီး၏ 'ဘာကွ' ဟူသော အသံသည် မိုးခြိမ်း သံလို ဟိန်းထွက်ကာသွားသည်။

"မင်း . . . မင်းကွာ . . . "

"ဘာဖြစ်လို့လဲ ဖေကြီး . . . "

မချင့်မရဲပုံစံကြီးဖြင့် 'မင်းကွာ' ဟုဆိုသော ယောက္ခထီးကြီး ကို သူ မရဲတရဲ မေးဖြစ်သည်။

"ဘာဖြစ်ရမှာလဲကွ . . ငါ့သမီးကို သူများဝတ်ပြီးသား အင်္ကျီ ဆင်ရသလားကွ . . . ငါ့သမီးကို ငါက ရွှေပေါ်မြတင်ထားတာကွ . . . ငါ့သမီးဘဝမှာ အင်္ကျီအဟောင်းဆိုတာကို ဝတ်ဖူးဖို့မပြောနဲ့ . . . ကြားဖူးမှာတောင် မဟုတ်ဘူး . . မင်းနဲ့ရမှပဲ သူများဝတ်ပြီး သားအင်္ကျီကို ငါ့သမီးဝတ်ရတော့တယ် . . . စိတ်နာလိုက်တာကွာ . . . တောက်!"

လောကကြီးမှာ သူသာလျှင် အကြီးကျယ်ဆုံး၊ အချမ်းသာ ဆုံး၊ အတော်ဆုံး၊ အတတ်ဆုံးဟု အမြဲဂုဏ်ယူဝင့်ကြွားမြဲဖြစ်သော ယောက္ခထီးဖြစ်သူကိုကြည့်ရင်း သူ ဘာပြောရမှန်းမသိ ဖြစ်ကာသွား သည်။

"မင်း စွမ်းဆောင်နိုင်တာ . . . ဒါပဲလားကွ . . . ဟင် . . . မင်းမိန်းမ မွေးဖို့ပြင်ဆင်ခဲ့တာ ဒါအကုန်ပဲလား . . . "

http://www.linhtet.com



ယူကျုံးမရသံကြီးဖြင့်မေးသော ယောက္ခထီး၏ အမေးအဆုံးမှာ သူကဖြေရန် အသင့်ဖြစ်ကာနေသည်။

"သားတို့လင်မယားနှစ်ယောက်စလုံး . . . နီးစပ်ရာကနေ ကလေးအနှီးလုပ်ဖို့ဆိုပြီးတော့ . . . ပုဆိုးအဟောင်းလေးတွေ လိုက်တောင်း . . . ထား . . . "

**"တော် တိတ် . . . "**

သူ့စကားပင် မဆုံးသေး။ ယောက္ခထီးကြီးက အာခေါင်ခြစ်ကာထ၍အော်သည်။

"မင်း . . . မင်း . . ငါ့ကို နောက်နေတာလား အောင်သိန်း"

"မ . . . မနောက်ပါဘူး ဖေကြီး . . ကျိန်ဆိုလည်းကျိန်ပါ့မယ် . . . ပွင့်လေမူပြီးကုန်ကြသော . . . "

"တော်စမ်း . . . "

သူ့စကားမဆုံးခင်မှာပင် ယောက္ခထီးကြီးက မိုးခြိမ်းသံကြီးဖြင့် ဆိုသည်။

"အလကား အူကြောင်ကျားကောင် . . . ကြောင်တောင်တောင်နဲ့ . . . ငါ ပါးပိတ်တီးလိုက်ရ မကောင်းရှိတော့မယ် . . . မင်း ငါ့ကို ပတ်ဝန်းကျင်မှာ မျက်နှာမပြရဲအောင် လုပ်နေတာလား"

"သား . . . ဘာ အမှားလုပ်လို့လဲဗျာ . . . "

မျက်ရည်များပင်ဝဲကာ သူ ဆိုမိသည်။

ကြည့်ဦး . . . ယောက္ခထီး လုပ်သူက ဘလိုင်းကြီး သူ့ကို ကြိမ်းမောင်းကာနေသည်။

"အေးပါ . . . မင်း ဘာမှ အမှားမလုပ်ဘူး . . မှားတာက ငါ မှားတာ . . . မင်းလို မအူမလည် ကြောင်တောင်တောင်ကောင်နဲ့ ငါ့သမီး နုနုထွတ်ထွတ်ကို ပေးစားမိတာကိုက ငါ မှားတာ . . . ငါ . . . . မှား . . . . တာ . . . . "

http://www.linhtet.com



ပြောရင်းမှ ယောက္ခထီးကြီးက နားထင်ကိုထောက်ကာ. .

"ကျွတ် . . . ကျွတ် . . . ကျွတ် . . . "

ဟု စုတ်သပ်သည်။ ကြည့်ရသည်မှာ ရုတ်တရက်သွေးတိုးသွားဟန်တူသည်။

"ဖေကြီး . . . သား . . . ဘာလုပ်ပေးရမလဲဟင် . . . "

ကျွန်တော်တစ်လှည့်၊ သားတစ်လှည့်ဖြင့် ကြုံသလိုသုံးကာ ဆိုသော သူ့စကားအဆုံးမှာ ယောက္ခထီးကြီးက လက်ကိုကာပြသည်။

"ရဒယ် . . . မင်း ပါးစပ်ကိုပိတ်ပြီးတော့ ငြိမ်ငြိမ်လေးသာ ထိုင်နေ . . . အမလေး . . . ဘုရား . . . ဘုရား . . . ခေါင်းတွေ ကိုက်လိုက်တာနော် . . . "

ယောက္ခထီးကြီးက ဘုရားကိုတ,ရင်း နားထင်ကို လက်ညှိုးဖြင့်ထောက်ကာထားသည်။

ပြီး သူ့ကို မကြည်ကြည့်ဖြင့်ကြည့်ကာ. .

"ဒီလိုလုပ် . . . မင်းတို့လင်မယားနှစ်ယောက် ငါ့အိမ်မှာ လာနေကြတော့ . . . "

"ဗျာ . . . "

နားကြားများလွဲသလားဟု သူတွေးဖြစ်သည်။ အိပ်မက်မဟုတ်တာကတော့ သေချာသည်။ မာနကြီးလွန်းသော ယောက္ခထီးကြီးက 'အိမ်ရိပ်တောင်မနင်းနဲ့' ဟုဆိုကာ ပြတ်ပြတ်စဲစဲပင်နေခဲ့သော ယောက္ခထီးကြီးက အခုတော့လည်း 'အိမ်မှာလာနေကြ' ဟုခေါ်ကာ နေသည်။

"သား . . . ဧပရယ်နဲ့တိုင် . . . ပင် . . . "

"လျှာမရှည်နဲ့ . . . ငါက လာနေကြဆိုရင် လာနေကြ . . . ညနေခင်းရောက်ရင် . . . ကားလွှတ်လိုက်မယ် . . . လိုက်လာကြ . . . ဒါပဲ . . . "


http://www.linhtet.com



တစ်ဖက်သတ်ပြောချင်ရာပြောပြီး ထထွက်သွားသော ယောက္ခထီးလုပ်သူ၏ကျောကို လိုက်ကြည့်ရင်း သူ သက်ပြင်းကို 'ဟင်း' ခနဲ ချဖြစ်သည်။

တစ်ချိန်လုံး ပွဲကြည့်ပရိသတ်လုပ်နေသော ဧပရယ်က သူ့ကို ပြုံးပြသည်။ သူလည်း ပြန်၍ပြုံးပြဖြစ်၏။

သူ့အတွေးမှာ အတိတ်တို့က ဓာတ်ရှင်တွေထဲကလို ပေါ်ကာ လာသည်။


တက္ကစီမီတာများ   မတပ်သေးမီ
လွန်ခဲ့သော   သုံးနှစ်ခန့်က ....

အောင်မင်္ဂလာအဝေးပြေး ယာဉ်ရပ်နားစခန်းကို ကားဝင်လာတော့မှ သူ လန့်နိုးလာသည်။

ပျားပန်းခတ်နေသော ကားများ၊ ခရီးသည်များ၊ ဈေးသည်များကိုကြည့်ရင်း ရန်ကုန်ရောက်ပြီဆိုသောအသိကြောင့် သူ . . . ရင်တွေ ဘာတွေတောင် ကတုန်ကရင်ကြီးဖြစ်သွားရသည်။

တီဗီထဲမှာလောက်သာ မြင်ဖူးခဲ့သော ရန်ကုန်မြေကို သူ ခြေချခါနီးလာသည်နှင့် တစ်ပြိုင်နက်တည်း ရွာမှ ကိုသာတိုးမှာလိုက်သော စကားတို့ကို ဖျတ်ခနဲ ပြန်ကာကြားယောင်သည်။

http://www.linhtet.com



"အောင်သိန်းရေ . . . မင်း ကားပေါ်ကဆင်းတာနဲ့ 'ဘယ်လဲ ညီလေး' ဆိုပြီးတော့ အလုအယက်ဝိုင်းမေးတဲ့လူတွေ ရောက်လာလိမ့်မယ် . . . အဲဒီ့လူတွေက တကယ်တော့ ပွဲစားတွေကွ . . တက္ကစီလို့ခေါ်တဲ့ အငှားကားတွေ တစ်စီးစာ လူသုံးလေးယောက်လောက်စုပေးရင် သူတို့အတွက်က မုန့်ဖိုးထောင့်ငါးရာ၊ နှစ်ထောင်ကတော့ အသာလေးရတာ . . .

ဒီကောင်တွေကလည်း သွားမယ့်ခရီးရဲ့ ကျသင့်စရိတ်ထက် တစ်ဆနီးနီး ပိုတောင်းပေးကြတာကိုး . . . သွားနေကျလူမဟုတ်လို့ကတော့ ငါ့ကောင်ရေ . . . သူတို့ဆိုတဲ့ဈေးကိုသာ ခွဆစ်ပေတော့ . . . ငါးထောင်လောက်တောင်းရင် သုံးထောင်လောက် ဆစ် . . . သုံးထောင်ဆိုရင် ထောင့်ငါးရာ . . . နှစ်ထောင်ဆစ် . . . အဲဒါမှ တန်ရုံကျတာ . . . သွားနေကျဆိုတဲ့စကားကိုသာ တွင်တွင်ပြော . . . ကြားလား . . .

ပြီးတော့ အရေးကြီးတယ် မစောင့်နိုင်ဘူး . . ခုထွက်မှာ လား . . ဘာညာနဲ့ပြောနိုင်မှ . . . မဟုတ်လို့ကတော့ ကားပေါ်မှာ လူမပြည့်မချင်း နာရီဝက်၊ တစ်နာရီလောက် စောင့်ပေတော့ . . . "

ကိုသာတိုး၏စကားကို ပြန်ကြားယောင်ရင်း သူ ခေါင်းကို နှစ်ခါ၊ သုံးခါညိတ်ဖြစ်သည်။

ပြီး . . .

အစ်ကိုဝမ်းကွဲ ကိုသာတိုး၏ဇနီးဖြစ်သူ မရီးဖြစ်သည့် မမယ်လှ၏စကားကိုလည်း ပြန်လည်ကာ ကြားယောင်မိသည်။

"ကားသော့တွေ တစ်ကိုင်ကိုင် လုပ်နေတိုင်းလည်း ကားဒရိုင်ဘာမထင်နဲ့ . . . အဲဒီ့ပွဲစားတွေက ဟန်ပြကိုင်ထားတာ . . . ဈေးတွေပြောဆိုလို့ ဈေးတည့်ပြီးသွားရင် အဲဒီ့လူတွေနောက်လိုက်သွားမိလို့ကတော့ မင်းရဲ့လက်ဆွဲအိတ်ကို ကားနောက်ဖုံးထဲထည့်

http://www.linhtet.com



သော့ခတ်ထားပြီး မင်းကို ကားပေါ်မှာ ငုတ်တုတ်စောင့်ခိုင်းထားပြီ မှတ် . . . နောက် ခရီးသည်မပြည့်မချင်း စောင့်ပေတော့ပဲ . . .

အဲ . . . ခရီးသည်များ တစ်ယောက်တလေလိုနေရင် 'ဆက်မစောင့်ချင်ရင် လိုနေတဲ့တစ်ယောက်စာကို မျှခံလိုက်ကြပါလား . .' ဆိုတာမျိုးနဲ့ ပိုက်ဆံညှစ်တတ်ကြသေးတာ . . . ဒီတော့ ဖြစ်နိုင်ရင် အဲဒီ့လို လူလိုက်စုတဲ့လူတွေနဲ့ စကားသွားမပြောနဲ့ . . . အိမ်ကကား လာကြိုမှာလို့ ခပ်တည်တည်ပြောပြီးတော့ ခေါင်းခါပြလိုက် . . .

ပြီးတော့မှ ခပ်လှမ်းလှမ်းမှာ အေးအေးဆေးဆေးရပ်ပြီး ခရီးသည်စောင့်နေတဲ့ အငှားကားကို ငှားစီး . . . ဈေးက မကွာဘူး . . . အတူတူပဲ . . . "

မရီးဖြစ်သူ၏စကားကို ပြန်၍ကြားယောင်နေစဉ်မှာပင် သူစီးလာသော ကားကြီးက သတ်မှတ်နေရာမှာ ဂိတ်ထိုးသည်မို့ သူ ဆင်းရန်ပြင်ရသည်။

ရန်ကုန်ရောက်ပြီဆိုသောအသိကြောင့် ရင်ခုန်သံက မြန်လာသည်။ ကြည်နူးမှုကြောင့် ရင်ခုန်သည်လား။ နယ်ပယ်အသစ်တစ်ခု၏ တစ်စိမ်းများကြား မဝံ့မရဲချရမည့် ခြေလှမ်းကြောင့်လားတော့ မသိ။ သူ့ရင်တွေကတော့ ခုန်နေဆဲ။

"ညီလေး . . . ဘယ်သွားမလဲ . . . "

ကားပေါ်မှဆင်းလျှင်ဆင်းချင်း ကားသော့တရမ်းရမ်းဖြင့် လူလတ်ပိုင်းတစ်ယောက်က ပြုံး၍အမေးရှိသည်။

ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသလို ရွာမှာ ရန်ကုန်ပုံပြင် ကို အဝနားထောင်ခဲ့သူမို့ ခေါင်းကို အသာခါပြလိုက်သည်။ ပြီး . .

"အိမ်က ကားလာကြိုမှာ . . . "

"သြော် . . . ဟုတ်လား . . . "

စောစောက ချိုအီစွာပြုံးရင်း ညင်သာစွာအမေးရှိခဲ့သော

http://www.linhtet.com



ထိုလူက သူ့စကားကြောင့် ချွဲအီစွာပြုံးနေမှုတို့ ရပ်တန့်ကာသွားပြီး 'ဟုတ်လား' ဟု ခပ်ဆောင့်ဆောင့်ဆိုကာ သူနှင့်စကားဆက်ပြောလျှင် ရှေ့နှင့်တူသောအချိန်တို့ လျင်မြန်စွာကုန်ဆုံးသွားတော့မည့်အလား နောက်ခရီးသည်တစ်ဦးကို 'ဘယ်လဲအစ်ကို' ဟု ဆက်၍မေးသည်။

သူ ပြုံးရင်းဆက်အလျှောက်မှာ နောက်လူတစ်ယောက်က

"ဘယ်လဲ ညီလေး"

ဟု မေးပြန်သည်။

လာပြန်ပြီ တစ်ယောက်။

သူ စောစောကလိုဖြေဖြစ်သည်။ ထိုလူကလည်း စောစောကလူလိုပင် သူ့ကို ဘာမှပြောမနေတော့ဘဲ အခြားခရီးသည်ဘက် ခြေဦးလှည့်သည်။

"ဘယ်လဲ အစ်ကို . . ."

"လာပြန်ပြီ တစ်ယောက် . . ."

ဟု သူတွေးမိပြန်သည်။ တယ်လည်းများတဲ့ ပွဲစားတွေ။

သူစောစောကလိုပဲ ပြောဖြစ်ပြန်သည်။

သို့သော် ဒီတစ်ယောက်က ဇွဲကောင်းသည်။ ဘေးမှတကောက်ကောက်လိုက်ကာ . . .

"လူပြည့်နေပြီ အစ်ကို . . . တစ်ယောက်ပဲလိုတော့လို့ပါ . . . ပြောပါ အစ်ကိုရ . . . ဘယ်လဲ . . ."

လူပြည့်နေပြီဆိုသောစကားကြောင့် သူ နည်းနည်းတော့ စိတ်ဝင်စားသွားသည်။

"သေချာရဲ့လား . . ."

သူ မယုံသင်္ကာဖြင့် ထိုချာတိတ်ကိုကြည့်ရင်း မေးဖြစ်သည်။

"မယုံရင် လိုက်ကြည့်ဗျာ . . . လူမရှိရင် မလိုက်နဲ့ . . ."

ကြိုက်ပြီဟု သူတွေးဖြစ်သည်။

http://www.linhtet.com



ပြီး ငင်းချာတိတ်နောက်ကို သူလိုက်ခဲ့ဖြစ်သည်။ ခပ်လှမ်းလှမ်းကားကို လှမ်းပြရင်း ချာတိတ်က . . .

"အဲဒီကားပဲ အစ်ကို . . . ကဲ . . . အစ်ကိုက ဘယ်သွားမလို့လဲ . . ."

"လှည်းတန်းဈေး . . ."

သူ မဆိုင်းမတွပင် ဖြေဖြစ်သည်။ ချာတိတ်ကလည်း မဆိုင်းမတွပင် . . .

"ကိုးထောင်ပဲပေးတော့ အစ်ကိုရာ . . . တကယ်ဆို တစ်သောင်းလောက်တောင်းလို့ရတယ် . . ."

ချာတိတ်စကားအဆုံးမှာ သူ ပြုံးဖြစ်သည်။

"ဘယ်ရမလဲ ချာတိတ်ရာ . . . ငါက ရန်ကုန်မလာခင်ကတည်းက မင်းတို့အထာတွေ ကြိုသိပြီးသားပါကွ . . ."

ဟု တွေးရင်း . . .

"တစ်ယောက်တည်း ငါးထောင်နဲ့စင်းလုံးငှားသွားမှာပေါ့ကွ . . . ဒီလို ညှပ်သပ်ပြီး ဘယ်စီးတော့မလဲ . . . လေးထောင်ရရင် လိုက်မယ်ကွာ . . ."

သူ့စကားကြောင့် ချာတိတ်က မျက်နှာပျက်သွားသည်။ ပြီး

"အာ . . . အစ်ကိုကလည် စင်းလုံးကို တစ်ယောက်တည်း ငါးထောင်နဲ့ ဘယ်ကားသမားမှ မလိုက်နိုင်ဘူး . . ကဲပါဗျာ . . . ငါးရာပဲ ပိုပေးလိုက် . . . လေးထောင့်ငါးရာ . . ."

"လေးထောင်မရရင် မလိုက်ဘူး . . ."

ပြောပြောဆိုဆို သူ လှည့်ထွက်ရန် ပြင်လိုက်သည်။

"ကဲပါ အစ်ကိုရာ . . . မထူးပါဘူး . . လာ လာ . . . လေးထောင်ပဲ ပေးတော့ . . . ကျန်တဲ့လူတွေကို လေးထောင်ပဲ ပေးရတယ်လို့ သွားမပြောနဲ့နော် . . . ကျွန်တော် သူတို့ကို ခြောက်ထောင်

http://www.linhtet.com



စီယူထားလို့ . . . နော် . . . အစ်ကိုနော် . . . ”

“အေးပါကွာ . . . ရော့ ရော့ . . . လေးထောင် . . . ”

တစ်ထောင်တန်လေးရွက်ကို ဂျင်းချာတိတ်လက်ထဲ ထည့်ပေးလိုက်ရင်း ကားပေါ်ကို သူ တက်ထိုင်ဖြစ်သည်။

ပွဲစားချာတိတ် နှင့် Taxi ကားသမားက စာရင်းတွေရှင်းနေကြသည်။ ပြီးနောက် ကားသမားက ကားကို မောင်းကာထွက်လာခဲ့သည်။

လမ်းဘေးဝဲယာကိုကြည့်ကာ လိုက်ပါလာရင်းက ပြုံးမိသည်။ ညီအစ်ကိုဝမ်းကွဲလင်မယား၏ ပို့ချချက်များကြောင့် သူ့ငွေအလဟဿကုန်မည့်အရေးမှ ဝေးသွားခဲ့သည်။

အချိန်အတော်လေးကြာသည်အထိကားက မောင်းနေဆဲဖြစ်သည်။ အထပ်မြင့်တိုက်ကြီးများကိုကြည့်ရင်း ပျော်သလိုလို၊ ရွာကို သတိရသလိုလိုကြီးဖြစ်ကာနေသည်။ ကားပေါ်မှာပါလာသူ ခရီးသည်တစ်ယောက်က . . .

“အစ်ကို . . လှည်းတန်းဈေးပါတယ်နော် . . . ”

ဟု ကားဆရာကိုလှမ်း၍ ဆိုသည်။

“အကိုက်ပဲ . . . ”

ဟု သူတွေးမိသည်။ သူသည်လည်း လှည်းတန်းဈေးမှာ ဆင်းမည်ကိုး။

“ကဲ . . . လှည်းတန်းဈေး ရောက်ပါပြီဗျာ . . . ”

ကားဆရာက ကွမ်းပလုတ်ပလောင်းစားထားရင်းက လှည့်၍ဆိုသည်။ လှည်းတန်းဈေးမှာ ဆင်းမည့်လူနှစ်ယောက်ကဲ့သို့ပင် သူလည်း အထုပ်အပိုးဆွဲကာ ကားပေါ်မှဆင်းဖြစ်သည်။

ကားက ခပ်သွက်သွက်ပင် ဝူးခနဲ မောင်းထွက်ကာသွားသည်။

http://www.linhtet.com



ကားပေါ်မှ အတူဆင်းခဲ့သည့် ခရီးသည်နှစ်ယောက်ကို ကြည့်ရင်း သူ လိပ်ပြာမလုံသလိုခံစားလိုက်ရသည်။

သူ တစ်ကိုယ်ကောင်းဆန်သလိုများ ဖြစ်သွားပြီလား။ ၎င်း ခရီးသည်နှစ်ယောက်ကိုကြည့်လိုက်တော့လည်း အတော်လေး ရိုးကြပုံ ပေါ်သည်။

စိတ်မကောင်းစွာကြည့်နေခိုက်မှာပင် ထိုနှစ်ယောက်အနက် သူနှင့်ရွယ်တူတစ်ယောက်က ပြုံးကြောင်ကြောင်ကြည့်ရင်း သူ့ကို ပြုံးပြသည်။ ပြီး . . .

"လှည်းတန်း အတူတူဆင်းတာပဲ . . . ဒါနဲ့ ခင်ဗျားက တစ်ယောက်တည်းဆိုတော့ ဘယ်လောက်ပေးရလဲ . . ."

မေးလာသောမေးခွန်းကြောင့် သူဖြေရမည်ကို အားတုံ့အားနာဖြစ်သွားရသည်။ အဝေးပြေးကွင်းမှ ပွဲစားချာတိတ်က ၎င်းတို့ကို တစ်ယောက်ခြောက်ထောင်တောင်းထားသည်ဟု ဆိုခဲ့သည်ကိုး။

"ခင်ဗျားတို့က ဘယ်လောက်ပေးရလို့လဲ . . ."

အဖြေပေးမနေဘဲ ပြန်မေးဖြစ်သည်။ 'တစ်ယောက်ခြောက်ထောင်' ဟု ဆိုလာမည်ကို သူ သိနှင့်ပြီးသားဖြစ်သည်ကိုး။

သို့သော် ထိုလူ့ထံမှ အဖြေက သူထင်သလို မဟုတ်။

"ငါးထောင် . . ."

"ငါးထောင် . . . ဩော် . . . တစ်ယောက်ကို ငါးထောင်လား . . ."

သူ ပွဲစားချာတိတ်၏စကားနှင့် သိပ်မကွာဟုတွေးရင်း တစ်ယောက်ငါးထောင်လားဟု မေးဖြစ်သည်။

"မဟုတ်ဘူး . . . နှစ်ယောက်ကိုမှ ငါးထောင် . . ."

"ဗျာ . . ."

သူ့နားကိုပင် သူ မယုံချင်ဖြစ်သွားရသည်။

http://www.linhtet.com



"တောက် ! . . . ခံလိုက်ရပြီ"

ဟု . . .

"တကယ်တော့ ခင်ဗျားလို လူချည်းသက်သက် ပစ္စည်းမပါရင် တစ်ယောက်နှစ်ထောင်ပါပဲ။ ကျွန်တော်တို့က တန်ဆာတွေများနေလို့ တစ်ထောင်ပိုပေးရတာ . . ."

"ဪ . . ."

လက်သီးကို ကျစ်နေအောင်ဆုပ်ကာထားရင်းမှ 'ဪ' ဟု သူ အံကြိတ်ကာဆိုဖြစ်သည်။

သူ၏ ရန်ကုန်၌ပထမဆုံးသော အတွေ့အကြုံကား ဤသို့ သင်းလှချေသည်တကား။



“အဆောင်မှာပဲနေမယ်လို့ စိတ်ကူးရင်တော့ လှည်းတန်းတစ်ဝိုက်မှာ အဆောင်များတယ် ...အဆောင်ရှာချင်ရင်တော့ လွယ်ပါတယ်..မင်း ရန်ကုန်ကိုရောက်တာနဲ့ လှည်းတန်းတစ်ဝိုက်ကိုရောက်အောင်သွား .. လှည်းတန်းဈေးပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်ပေါ့ကွာ ... အဲဒီ့တစ်ဝိုက်က ကွမ်းယာဆိုင် .. ဒါမှမဟုတ် ကုန်စုံဆိုင်လို ဟာတွေမှာ ...အဆောင်စုံစမ်းချင်လို့လို့သာ ပြောလိုက် ...သူတို့က သူတို့နဲ့သိတဲ့ ပွဲစားနဲ့ချိတ်ပေးလိမ့်မယ် ...ပွဲစားနဲ့ရှာမှ အဆင်ပြေမှာ ...ကိုယ့်ဘာသာကိုယ်ရှာလို့ကတော့ ဘယ်လိုမှအဆင်ပြေမှာ မဟုတ်ဘူး”

http://www.linhtet.com

# မြို့ကြီးသား



ကိုသာတိုး၏ အမှာစကားက သူ့နားတွင် ပြန်၍ကြားယောင်သည်။ ဘေးပတ်ဝန်းကျင်ကို မျက်စိကစားကာကြည့်လိုက်တော့ ကွမ်းယာဆိုင်တစ်ဆိုင်ကို သွားတွေ့သည်။ ဘာမှစဉ်းစားမနေဘဲ ယင်းကွမ်းယာဆိုင်ဘက် လက်ဆွဲအိတ်ကိုဆွဲကာ ထွက်ခဲ့ဖြစ်သည်။

အထုပ်အပိုးဖြင့် ဆိုင်ရှေ့ရောက်လာသော သူ့ကို ကွမ်းယာဆိုင်ရှင်က 'ဘာလိုလို့လဲ' ဟူသော သဘောဖြင့် မျက်လုံးပင့်ကြည့်သည်။

"အစ်ကို . . . အဆောင်စုံစမ်းချင်လို့ခင်ဗျ . . . "

"ယောကျ်ားလေးဆောင်လား . . မိန်းကလေးဆောင်လား"

"ယောကျ်ားလေးဆောင်ပါ . . . ကျွန်တော်နေမှာ . . . "

သူ့စကားအဆုံးမှာ ကွမ်းယာဆိုင်ရှင်က ခေါင်းနှစ်ချက်ညိတ်သည်။ ပြီး . . . သူ့ကိုကြည့်ကာ ဆိုင်ဘေးမှခုံလွတ်သို့ မေးငေါ့ပြရင်း

"ခဏလေးထိုင်စောင့် . . . တစ်အောင့်လောက်ဆိုရင် အစ်ကို့အမျိုးသမီးလာတော့မှာ . . . သူ လိုက်ပြပေးလိမ့်မယ်"

"ဟုတ်ကဲ့ . . . "

ပြောပြောဆိုဆိုပင် သူ ခုံလွတ်မှာ ဝင်ထိုင်ဖြစ်သည်။ ကိုသာတိုး၏ကျေးဇူးဖြင့် အလုပ်တစ်ခု အဆင်ပြေပြန်ပြီဟု သူ တွေးဖြစ်သည်။

လူတွေ၊ ကားတွေ ကြိတ်ကြိတ်တိုးနေသော လမ်းမကြီးကို ကြည့်ကာ သူ မူးချင်ချင်ကြီးဖြစ်ကာလာသည်။

သိပ်တော့ မကြာလိုက်။

ဘေးလွယ်အိတ်ကို ဟန်ကျပန်ကျ လွယ်ကာထားသော အမျိုးသမီးတစ်ဦးက ချိုင့်တစ်လုံးဆွဲလျက် ဆိုင်ရှေ့မှာရောက်လာသည်။

http://www.linhtet.com



ထိုအမျိုးသမီးက ချိုင့်ကို ကွမ်းယာဆိုင်ရှင်ထံ လှမ်းပေးသည်။

"မချောရေ . . . ဒီကလေးက အဆောင်ရှာချင်လို့တဲ့"

ဆိုင်ရှင်၏စကားအဆုံးမှာ မချောဆိုသော အစ်မကြီးက 'ရတယ်လေ' ဟု ဆိုကာ သူ့ကို အထက်အောက်ကြည့်သည်။

ပြီး . . .

"ဒါနဲ့ မောင်လေးက ဘယ်လောက်တန်လောက် နေချင်လဲ"

"ခင်ဗျာ . . ."

အစ်မကြီး၏စကားကို နားမရှင်းသည်မို့ သူ 'ခင်ဗျာ' ဟု ဆိုဖြစ်သည်။ အစ်မကြီးက သူ့ကို 'တော်တော်တုံးတာပဲကိုး' ဟူသော သဘောဖြင့် မသိမသာပြုံးသည်။ ပြီးမှ . . .

"ဒီလိုကွ . . . အစ်မက မောင်လေးကို အဆောင်တွေလိုက်ပြပေးရမှာလေ . . အဲဒီ့တော့ မောင်လေးက တစ်လဘယ်လောက် တန်အဆောင်မှာနေမယ်ဆိုတာ သိရမှ လိုက်ပြလို့အဆင်ပြေမှာ . . တကယ်လို့ အစ်မပြတဲ့အဆောင်တွေကို မောင်လေးက မကြိုက်ဘူးဆိုရင်လည်း ကိစ္စမရှိဘူး . . အစ်မရဲ့သူငယ်ချင်းတွေကိုခေါ်ပြီး တခြားအဆောင်တွေ လိုက်ပြခိုင်းလို့ရသေးတယ် . . ."

"ဩော် . . ."

ထိုအခါမှ ၎င်းအစ်မကြီး၏စကားကို သူ နားလည်တော့သည်။

"အခန်းခတွေက ဘယ်လိုဘယ်လောက်တန်တွေရှိလို့လဲ"

"အင်း . . . ဟောခန်းတွေကတော့ ဈေးချိုတယ် . . . ဟောခန်းဆိုတာက အခန်းထဲမှာ ကျပ်ကျပ်သိပ်သိပ်၊ ခုတင်တွေအများကြီး ချပြီးနေရတာ . . . ကိုယ့်ခုတင်အောက်မှာ ကိုယ့်ပစ္စည်းကိုယ်ထား . . . အဲဒီလိုမျိုးက တစ်လခုနစ်ထောင် . . .

http://www.linhtet.com



ဒါမှမဟုတ်ရင် သုံးယောက်ခန်းတို့၊ နှစ်ယောက်ခန်းတို့မှာ နေချင်ရင်လည်းရတယ် . . . အဲဒါကျတော့ အခန်းတစ်ခန်းမှာ အခန်းဖော်သုံးယောက်ရှိရင် အဲဒီအခန်းကိုသော့ခတ်ပြီး တစ်ယောက်တစ်ချောင်းကိုင်ထားရုံပဲ . . . တခြားအခန်းကလူတွေက ကိုယ့်အခန်းလာတာပြုတာ မရှိတော့ဘူးပေါ့ . . .

အဲဒီလို အဆောင်မျိုးကျတော့ တစ်သောင်းခွဲ . . . အဲ . . . ဒါမှမဟုတ်လို့ တစ်ယောက်တည်းပဲ သီးသန့်နေချင်တယ်ဆိုရင်လည်း ရတယ် . . . အဲဒီသုံးယောက်တို့၊ နှစ်ယောက်တို့နေတဲ့အခန်းမှာ တစ်ယောက်တည်း ကျယ်ကျယ်ဝန်းဝန်းနေတာမျိုးပေါ့ကွာ . . . သူကကျတော့ နှစ်ယောက်ခန်းမှာ မင်းတစ်ယောက်တည်းနေတဲ့အတွက် နှစ်ယောက်စာပေးရတယ် . . . တစ်လ သုံးသောင်း . . . ကဲ . . . ဘယ်လိုအခန်းမျိုးနေချင်လဲ . . . ”

မချောဆိုသော အစ်မကြီး၏စကားအဆုံးမှာ သူ အတွေးရကျပ်သွားသည်။ ဟောခန်းဆိုတာကြီးနှင့်ကတော့ အဆင်ပြေမည်မထင်။

သုံးယောက်ခန်း၊ နှစ်ယောက်ခန်းကျပြန်တော့လည်း အခန်းဖော်က စာရိတ္တမည်သို့ရှိမည်မသိနိုင်သည်မို့ တွဲပြီးမနေချင်။ ငွေကုန်ကြေးကျ သက်သာသော်လည်း တစ်ဖက်မှာတွေးကြည့်တော့ ဝါသနာချင်း၊ စရိုက်ချင်းမတူပါက စိတ်ညစ်ရလိမ့်မည်။

တစ်ယောက်ခန်းက အဆင်ပြေလိမ့်မည်။

“အစ်မ တစ်ယောက်ခန်းကို စျေးနည်းနည်းချိုတဲ့အထဲက မရှိဘူးလား . . . ”

သူ့အမေးကြောင့် ၎င်းအစ်မကြီးက ‘ခဏလေး’ ဟု ဆိုပြီး သူမ၏ဘေးလွယ်အိတ်ထဲမှ လက်ဝါးခန့်ရှိမည့်စာအုပ်ကို တဖျတ်ဖျတ်လှန်သည်။ ၎င်းစာအုပ်ကိုပင် အတန်ကြာအောင်ကြည့်ပြီးမှ . . .

http://www.linhtet.com



"အင်း . . . နှစ်သောင်းခွဲတန် တစ်ယောက်ခန်းရှိတဲ့အဆောင်တော့ရှိတယ် . . . အခန်းရ၊ မရကတော့ မသေချာဘူး . . . သွားကြည့်ကြတာပေါ့ . . . လိုက်ကြည့်ကြည့်မလား . . . ဒါနဲ့အစ်မပြတဲ့အခန်းကို ငှားဖြစ်ရင်တော့ ဘယ်အခန်းပဲ နေဖြစ်နေဖြစ် ပွဲခ က တစ်သောင်းပဲနော် . . ."

"ဟုတ်ကဲ့ . . ."

သူ ခပ်သွက်သွက်ပင် ခေါင်းညိတ်ဖြစ်သည်။ အတွေးမှာ တော့ 'များသဟ' ဟု တွေးဖြစ်သည်။

"မင်းအိတ်ထားချင်ထားခဲ့လေ . . . ငွေတွေဘာတွေပါရင် ယူသွား . . ."

ဟု ကွမ်းယာဆိုင်ရှင်က သူ့ကိုဆိုသည်။

"ရပါတယ် . . . မထားခဲ့တော့ပါဘူး . . အိတ်က ဘာမှမပါဘူး . . . အဝတ်သုံးလေးစုံပဲဆိုတော့ ပေါ့ပေါ့လေးပါ . . ."

သူ ခေါင်းခါပြလိုက်ရင်းဆိုဖြစ်သည်။

အစ်မကြီးက . . .

"ဒါဖြင့် သွားရအောင်"

ဟုဆိုကာ ရှေ့မှ ခပ်သုတ်သုတ်သွားသည်မို့ အိတ်ကိုဆွဲကာ နောက်မှနေ သူ အမီလိုက်ရသည်။

"ရန်ကုန်ကတော့ စားသုတ်သုတ်၊ သွားသုတ်သုတ်ပဲဟေ့"

ဟု ဆိုသော မရီးဖြစ်သူ၏ စကားကို ဘာရယ်မဟုတ် ပြန်ကြားဖြစ်သည်။

ဟိုကွေ့ . . . ဒီရှောင်ဖြင့် အတော်ကြာကြာလျှောက်နေရာမှာ အစ်မကြီးက တိုက်မြင့်တစ်ခု၏ရှေ့မှာ ခြေစုံရပ်သည်။ ပြီး . . .

၎င်းတိုက်ရှေ့မှာ တွဲလောင်းချထားသော ကြိုးများအနက်မှ ကြိုးတစ်ချောင်းကိုရွေးကာ အပေါ်သို့မော့ရင်းဆွဲသည်။ ခေါင်း

http://www.linhtet.com



လောင်းကြိုးမှ ခေါင်းလောင်းသံတချင်ချင်နှင့်အတူ အပေါ်ဆုံးထပ် မှ လူတစ်ဦး ခေါင်းပြူကာထွက်ကြည့်သည်။

"အခန်းကြည့်မလို့ . . . ရှိသေးလား . . . "

အစ်မကြီးက အသံကိုမြှင့်ကာဆိုသည်။ အပေါ်ထပ်မှလူက တက်လာခဲ့ရန် အချက်ပြန်ပြသည်။

"ကဲ . . . လာ မောင်လေး . . တက်ကြည့်ရအောင် . . "

"အဆောင်က အဲဒီမှာလား . . . "

"ဟုတ်တယ်လေ . . ခုနစ်လွှာမှာလေ . . အပေါ်ဆုံးထပ်ပဲ"

"ဗျာ . . . "

"မဗျာနဲ့ . . . လာ . . . တက်ကြမယ် . . . "

ရှေ့မှနေ ခပ်သွက်သွက်တက်သွားသော အစ်မကြီးနောက် ကို သူ ကမန်းကတန်းလိုက်တက်ရသည်။ လှေကားခပ်ကျဉ်းကျဉ်း မှာ အပေါ်ကဆင်းလာသူနှင့် တိုးလျှင်ဘေးကိုကပ်နေရသေးသည်။

ရွာ၌အလုပ်လုပ်ရသည်က မြေပြန့်မှာလုပ်ရခြင်းဖြစ်သည်။ အခုဟာက လှေကားထစ်တွေကို အပြေးတစ်ပိုင်းတက်နေရသည်မို့ အလေ့အကျင့်မရှိသောကြောင့် သူ ချွေးပျံကာ မောပန်းလာသည်။ အလင်းရောင် ကောင်းစွာမရသောလမ်းကျဉ်းကျဉ်းမှာ အသက်ရှူ၍ပင် မဝချင်။ အစ်မကြီးကတော့ အလေ့အကျင့်ရှိပြီးသားမို့ထင် သည်။ ခြေလှမ်းပင် မပျက်ဘဲ တက်ချသွားသည်။

အပေါ်ဆုံးသို့ရောက်သောအခါ 'မောနေပြီလား' ဟု အစ်မကြီးက ဆီး၍မေးသည်။ 'ရပါတယ်' ဟု ဟောဟဲဆိုက်နေရင်းက ဖြေဖြစ်သည်။

"မင်း ကံကောင်းတယ် . . . အခန်းလွတ်တစ်ခန်းပဲ ကျန် တော့တယ်တဲ့ . . . "

အစ်မကြီးက အဆောင်ပိုင်ရှင်ဖြစ်ဟန်တူသောလူဘက်သို့

http://www.linhtet.com



မေးငေါ့ပြရင်းကဆိုသည်မို့ 'ဟုတ်ကဲ့' ဟု သူ ခေါင်းညိတ်ပြဖြစ်သည်။

"လာ . . . အခန်းပြပေးမယ် . . . "

ထိုလူက သူ့ကို 'လာ' ဟု ဆိုရင်း လမ်းကျဉ်းကျဉ်း မှောင်မှောင်မည်းမည်းဖြစ်သော အဆောင်ထဲဦးဆောင်၍ဝင်သည်။ ဟောခန်းကြီးကို ခြေရင်းခေါင်းရင်းမှာ အထပ်သားများကာကာ အခန်း များ ကျပ်ညပ်နေအောင် ဖွဲ့ကာထားသည်။

နေ့ခင်းကြောင်တောင်မှာပင် မှောင်မည်းနေသည်မို့ အတော်ကြီး မျက်စိအားစိုက်ကာကြည့်ရင်း လိုက်ရသည်။

"ဒီအခန်းပဲ . . . "

ထိုလူကတော့ ကျင့်သားရနေသူမို့ ဒီအခန်းပဲဟု ပိုင်ပိုင်နိုင်နိုင်ပြသော်လည်း သူကတော့ အတော်ကြီး ပြူးပြဲကြည့်နေရသည်။

ခပ်မှောင်မှောင်ကြားမှပင် မြင်နေရသောအခန်းက လက်တစ်လံပင် မပြည့်ချင်ပြည့်ချင်။ ခုတင်တစ်လုံးသာ အခန်းထဲမှာရှိ သည်။ ခုတင်ဟုသာ ဆိုလိုက်ရသော်လည်း ကျောတစ်ချစာသာသာ ပဲ ရှိသည်။ တစ်တောင်ကျော်ကျော်သာရှိပြီး နှစ်တောင်ပင် မပြည့်ချင် သော ခုတင်ခုံပုရှည်တစ်လုံးနှင့်ပင် တူနေသေးတော့။

မှောင်မှောင်မည်းမည်း အခန်းကျဉ်းကိုကြည့်ရင်း 'ဩော် . . . နေရာ . . နေရာ' ဟု သူ တွေးဖြစ်သည်။

ရွာမှာ နွားစာခွက်ထဲအိပ်ရသည်ကမှ ဤခုတင်ထက် သက်သောင့်သက်သာရှိလိမ့်ဦးမည်။ ဤအခန်းကဲ့သို့ လေဝင်လေထွက်မရှိ မှောင်မည်းနေသည်နှင့်စာလျှင် ရွာမှာ မန်ကျည်းပင်ပေါ်မှ ခွဆုံမှာ မှီအိပ်ရတာကမှ . . .

"ဘယ်လိုလဲ ယူမှာလား . . . "

သူ့အတွေးပင်မဆုံးသေး။ အစ်မကြီးက အမေးရှိသည်။

"ဟို . . . ဟို . . . အခန်းကကျဉ်းပြီးတော့ မှောင်မည်းနေ

တာပဲနော် . . . လေဝင်လေထွက်ကလည်း ပြတင်းပေါက်မရှိတော့”

“အမလေး ငါ့မောင်ရယ် . . အခန်းလွတ်ရှိနေတာပဲကျေးဇူးတင်စမ်းပါ . . . ဒီမှာက မနက်မိုးလင်းတာနဲ့ သင်တန်းသွားသူက သွား . . အလုပ်သွားတဲ့လူကသွားနဲ့ . . . ညမှပြန်ရောက်ကြတာ . . . ဟော . . . ညရောက်တော့ မီးက ထိန်နေအောင်ထွန်းထားပြီ ဆိုတော့ မှောင်တာတွေ ဘယ်သိပါ့မလဲ . . . လေကောင်းကောင်း ရှူချင်ရင် ဝရန်တာမှာ ထွက်ရှူပေါ့ . . . ဒါနဲ့ ရှင်ကလည်း မီးဖွင့် မပြဘူးလား . . . ”

“ဖြူးစ်ပြတ်နေလို့ မလဲရသေးဘူး . . . ”

“အာ . . . အရေးထဲမှာ . . . ဒီမှာ မောင်လေး . . . ”

ဟိုလူ့ဘက်လှည့်ကာ အပြစ်တင်ရင်း အစ်မကြီးက သူ့ဘက်လှည့်ကာ . . ‘ဒီမှာ’ ဟု ဆိုလာသည်မို့ အားနာနာနှင့်ပင် . . .

“ဟုတ်ကဲ့ . . . ”

ဟု သူဆိုဖြစ်သည်။

“အဆောင်ပိုင်ရှင်တွေက မိန်းကလေးဆောင်ပဲဖွင့်ချင်ကြတာကွ . . . မိန်းကလေးဆိုတော့ ယောကျ်ားလေးတွေထက် ထိန်းရသိမ်းရ လွယ်တာကိုး . . . ဒီတော့ ယောကျ်ားလေးဆောင်က ရှားတယ် . . . အဆောင်ရှားတဲ့အထဲမှာမှ အခန်းလွတ်က ရွှေထက်တောင်ရှားသေးတယ် . . . မင်းယူမယ်ဆိုရင်လည်း ယူလိုက် . . . အကောင်းပြောတာ . . . ”

“ဟို . . . ဟိုဒင်း . . . ”

“ဘာလဲ တခြားအခန်းတွေကြည့်ချင်သေးလို့လား . . . ”

အစ်မကြီးက စကားတွေအထစ်ထစ်အငေါ့ငေါ့ဖြစ်နေသောသူ့ကို အမေးရှိသည်။ အဆောင်ပိုင်ရှင်ကတော့ နေချင်နေ၊ မနေချင်နေပစေဟူသော ပုံစံဖြင့် မျက်စိစင်း၍ကြည့်ကာနေသည်။

http://www.linhtet.com



"ဟုတ်ကဲ့ . . . တခြားအခန်းတွေလည်းကြည့်ဦးမယ်လေ . . . ပြီးတော့မှ အဆင်ပြေတာကို ယူမယ် . . . "

"ရတယ်လေ . . . ကဲ . . . ကိုသိန်းရေ . . . ကျွန်မ လိုက်ပြလိုက်ဦးမယ် . . . နေဖြစ်တယ်ဆိုရင်လည်း ပြန်လာခဲ့လိုက်မယ်"

"လာချင်လည်းလာကြည့်နေ . . . ခဏနေ သူများလာကြည့်ပြီး ယူဖြစ်သွားရင်တော့ မတတ်နိုင်ဘူး . . . မချောသိတဲ့အတိုင်း အခန်းက ရှားတယ် . . . "

"အေးပါ . . . "

အစ်မကြီးက နဖူးမှချွေးတို့ကို လက်ဖမိုးဖြင့် သုတ်သည်။ ပြီး သူ့ဘက်လှည့်ကာ 'ကဲ . . . လာ' ဟု ခပ်ဆောင့်ဆောင့်ဆိုသည်။

ခုနစ်လွှာမှနေ အောက်မြေညီထပ်သို့ ဘောက်ဆတ်ဘောက်ဆတ်ဖြင့် ဆင်းသွားသော ပွဲစားအစ်မကြီးနောက်သို့ သူလိုက်ဖြစ်သည်။ သူအောက်သို့ရောက်ချိန်မှာ ပွဲစားအစ်မကြီးက 'လာ' ဟု ဆီး၍ဆိုပြီး ရှေ့မှနေ လမ်းသွယ်တစ်ခုထဲသို့ ခပ်သုတ်သုတ်သွားပြန်သည်မို့ သူ အမီလိုက်ရပြန်သည်။

အတန်ကြာသွားပြီးနောက် ပွဲစားအစ်မကြီးက အထပ်မြင့်တိုက်တစ်လုံး၏ရှေ့မှာရပ်ပြီး ခေါင်းလောင်းကြိုးတစ်ခုကို ဆွဲပြန် သည်။

ယင်းခေါင်းလောင်းကြိုး၏လားရာကို သူ မော့ကြည့်ဖြစ်သောအခါ ခေါင်းလောင်းကြိုးက စောစောကလိုပင် အပေါ်ဆုံးထပ်မှကြိုးဖြစ်ကာနေသည်။

အပေါ်ဆုံးထပ်မှ လူတစ်ယောက်ကထွက်လာပြီး ငုံ့ကြည့်၏။

"အခန်းရှိသေးလား . . . "

ပွဲစားအစ်မကြီး၏အမေးကို အပေါ်ဆုံးထပ်မှပုဂ္ဂိုလ်က ခေါင်းညိတ်ပြရင်း တက်လာခဲ့ဖို့ အချက်ပြသည်။

"ကဲ . . . မောင်လေးရေ . . . စောစောကလို ခုနစ်လွှာပဲ ဟေ့

http://www.linhtet.com



. . . ကဲ . . ကဲ တက်ရအောင် . . . ”

အစ်မကြီး၏စကားကို သူ ‘ဟုတ်ကဲ့’ ဟု ခေါင်းညိတ်ပြဖြစ်သည်။ ဤအတိုင်းသာ တစ်ဆောင်ပြီးတစ်ဆောင် တက်လိုက်ဆင်းလိုက်ဖြင့် လိုက်ကြည့်ရမည်ဆိုပါက လျှာထွက်လိမ့်မည် ထင်သည်။

“သပ်ရပ်သန့်ရှင်းမှုမရှိဘဲ မှောင်မည်းကျဉ်းကျပ်သော အခန်းမျိုးမဟုတ်ပါစေနဲ့”

ဟု ကြိတ်ကာဆုတောင်းရင်း ပွဲစားနောက်ကို အမီလိုက်ဖြစ်သည်။

အပေါ်ဆုံးထပ်ကိုရောက်သောအခါ ‘ဟောဟဲ’ ဆိုက်နေသောသူ့ကို ပွဲစားနှင့်အတူ အဆောင်၏တာဝန်ရှိသူက ‘လာထိုင် နားဦး’ ဟု ဆိုရင်း ဝရန်တာမှ ပလတ်စတစ်ထိုင်ခုံတစ်လုံးကို မေး ငေါ့ပြသည်။

“ဒီအဆောင်မှာလည်း အခန်းတစ်ခန်းပဲ ကျန်တယ်တဲ့ . . ဒါပေမယ့် မင်း ကြိုက်မှာပါ . . . ဒီက အခန်းတွေက စောစောက မင်းကြည့်ခဲ့တဲ့အခန်းတွေလို ကျဉ်းကျဉ်းကျပ်ကျပ်မဟုတ်ဘူး . . . ပိုကျယ်တယ် . . . အခန်းတိုင်းမှာလည်း ပြတင်းပေါက်ရှိတော့ လေဝင်လေထွက်ကောင်းတယ် . . အေး . . . ဈေးကလည်း သုံးသောင်း”

ပွဲစားအစ်မကြီးက လက်သုံးချောင်းထောင်ပြရင်းဆိုသည်။

“ပြီးခဲ့တဲ့တစ်နာရီလောက်ကမှ လူတစ်ယောက် အခန်းပြန်အပ်လို့ အခန်းကရှိတာ . . . မဟုတ်ရင် မရှိဘူး . . . ဒီမှာ အားလုံးက နှစ်ယောက်ခန်းကို တစ်ယောက်တည်းနေပြီး နှစ်ယောက်စာပေးနေကြတာ များတယ် . . . ဟိုဘက် မျက်နှာချင်းဆိုင်အခန်းလည်း အစ်ကိုရဲ့အဆောင်ပဲ . . . အဲဒီ့ဘက်ကတော့ နှစ်ယောက်ခန်းမှာ နှစ်ယောက်နေကြတာ များတယ် . . . ”

အဆောင်ပိုင်ရှင်က သူ့ကိုရှင်းပြသည်။

“ကဲ . . ကဲ . . . အခန်းကြည့်ရအောင် . . . ”

http://www.linhtet.com



ပွဲစားအစ်မကြီးက ပြောပြောဆိုဆိုပင် ထရပ်ရင်းဆိုသည်။ အဆောင်ပိုင်ရှင်က ရှေ့မှသွားသည်မို့ နောက်မှလိုက်ဖြစ်သည်။

'ဆိုးတော့မဆိုး' ဟု သူ တွေးမိသည်။ မီးထွန်းမထားသော်လည်း အခန်းက လင်းလင်းရှင်းရှင်းရှိနေသည်။ ပြီး . . စောစောက အဆောင်လိုလည်း အခန်းတွေက ပြွတ်သိပ်မနေ။

"ဒီအခန်းပဲ . . . "

အဆောင်ပိုင်ရှင်က ပိတ်ထားသောတံခါးကို တွန်းဖွင့်ရင်းဆိုသည်။ အခန်းတွင်းမှာ ခုတင်ပိစိကွေးနှစ်လုံးက ဟိုဘက်ဒီဘက် နံရံကပ်လျက်။ စားပွဲငယ်တစ်လုံးက အလယ်မှာ။ ပြီး ပြတင်းပေါက်လည်းရှိသည်။ အလင်းရောင်ရော၊ လေဝင်လေထွက်ပါကောင်းသည်မို့ သူကြိုက်သွားသည်။

"ကြိုက်တယ်ဗျာ . . . "

သူ့စကားအဆုံးမှာ ပွဲစားအစ်မကြီးက သက်ပြင်းကိုဟင်းခနဲချသည်။ အဆောင်ပိုင်ရှင်ကတော့ . . .

"ကိုယ်တို့အဆောင်က အခန်းတွေသန့်ရှင်းရုံတင်မကဘူး . . လူလည်း သန့်တယ် သိလား . . သင်တန်းသားတွေရယ် . . . နိုင်ငံခြားထွက်မယ့်လူတွေရယ်ပဲ များတာ . . . အလုပ်လုပ်ရင်းနေတဲ့လူ မရှိဘူး . . . "

ဟု ဆိုသည်။

သူ ပခုံးပေါ်မှာ တောက်လျှောက်ထမ်းလာခဲ့သော လက်ဆွဲအိတ်ကို သူ ယူမည့်အခန်းထဲရှိခုတင်ပေါ် ဝုန်းခနဲ ပစ်တင်ဖြစ်သည်။

သူ့အိတ်ကို ခုတင်ပေါ် တင်ပြီးပြီးချင်း မှာပင် . . .

"ကဲ . . မောင်လေးရေ . . မောင်လေး လည်း ဒီအခန်းကို သဘောကျသွားပြီဆိုတော့ အစ်မလည်း အဆင်ပြေသွားတာပေါ့ . . . ဘာ ဖြစ်လို့လဲဆိုတော့ အဆောင်ပြဖို့ တခြားလူတွေ နဲ့လည်း ချိန်းထားသေးတာလေ . . . စောစော က မောင်လေးမကြိုက်တဲ့အခန်းကို တခြားလူ မဦးခင် လိုက်ပြထားမှဖြစ်မယ် . . . ယောကျ်ား လေးဆောင်က ရှားတယ်မဟုတ်လား . . ."

ပြောရင်း ပွဲစားအစ်မကြီးက တဟင်း ဟင်းဖြင့်ရယ်သည်။ စကားအသွားအလာကို သူ

http://www.linhtet.com



သဘောပေါက်ပါသည်။ ပွဲခကိုမြန်မြန်ရှင်းပါ ။အလုပ်ရှိသေးသည်ဆို သည့်သဘော။

အိတ်ကပ်ထဲမှ ငွေတစ်သောင်းကိုယူပြီး ပေးဖြစ်သည်။

"ကျေးဇူးပါပဲ အစ်မရယ် . . ."

ပွဲခငွေကို ရှင်းပေးရင်း ကျေးဇူးစကားဆိုသောသူ့ကို အစ်မ ကြီးက ဟက်ဟက်ပက်ပက်ပင် ပြန်ပြုံးပြသည်။

ပြီး . . .

"ရပါတယ် မောင်လေးရယ် . . . ကဲ . . ကဲ အစ်မသွား တော့မယ် . . . အဆင်မပြေတာရှိရင် . . . စောစောက အစ်မအမျိုး သားရဲ့ကွမ်းယာဆိုင်မှာ လာပြော သိလား . . အဆင်မပြေစရာ တော့မရှိပါဘူး . . . ဒီအဆောင်က လူသန့်ပါတယ် . . ကဲ . . . ကိုထွန်းရေ . . . ကျွန်မရဲ့မောင်လေးကို ထားခဲ့ပြီနော် . . လိုတာရှိ ရင်လည်း လုပ်ပေးလိုက်ဦး . . ကဲ . . . သွားပြီ . . ."

ပြောပြောဆိုဆိုပင် ပွဲစားအစ်မကြီးက ခပ်သုတ်သုတ်ပင် ဆင်းကာသွားသည်။ အဆောင်ပိုင်ရှင်က သူ့ကို ပြုံးပြသည်။

"ကဲ . . . ညီလေး ရေမိုးချိုးပြီး နားလိုက်ဦး . . . ခဏနေ ကျရင် အစ်ကို့ကို ညီလေးမှတ်ပုံတင်မိတ္တူနှစ်စောင်ဆွဲပေး . . ဧည့် စာရင်းတိုင်ရအောင်လို့ . . . ရော့ . . ဒီမှာ အဆောင်ရဲ့စည်းကမ်း စာရွက် . . ."

လက်ထဲထည့်ပေးသောစာရွက်ကို လှမ်းယူအပြီးမှာ အ ဆောင်ပိုင်ရှင်က လှည့်ထွက်ကာသွားသည်။

အဆောင်နေသူများ လိုက်နာရန်စည်းကမ်းများဟု ခေါင်း စဉ်တပ်ထားသော စာရွက်ကိုယူကာ အခန်းထဲဝင်ခဲ့ဖြစ်သည်။

http://www.linhtet.com

အခန်းတံခါးကိုပိတ်ကာ ချက်ထိုးဖြစ်သည်။ ယင်းနောက် ခုတင်ပေါ်မှာ ကျောချရင်း မျက်နှာကြက်ကို သူ ငေးကြည့်ဖြစ်သည်။

“သြော် . . ရန်ကုန်၊ ရန်ကုန် . . လာလိုက်တော့လည်း ရောက်လာတာပဲကိုး”

ဟု တွေးမိသည်။

ပြီး. . လက်ထဲမှ အဆောင်စည်းကမ်းစာရွက်ကို ဖြန့်ကာဖတ်ကြည့်ဖြစ်သည်။

**အဆောင်နေသူများ လိုက်နာရန်**
**စည်းကမ်းချက်များ**

http://www.linhtet.com



၁။ အဆောင်နေသူသည် လူသစ်ဖြစ်ပါက အဆောင်လစာကို နှစ်လစာ ကြိုတင်ပေးဆောင်ရမည်။ မှတ်ပုံတင်မိတ္တူနှစ်စောင်ကို ဧည့်စာရင်းတိုင်ရန် ပေးရမည်။
၂။ နှစ်လမပြည့်မီ အဆောင်ပြောင်းရွှေ့လိုခြင်း၊ အကြောင်းကြောင်းကြောင့် မနေထိုင်ဖြစ်တော့ပါက ပေးထားသော အဆောင်လစာနှစ်လစာကို ပြန်အမ်းပေးမည်မဟုတ်ပါ။
၃။ အဆောင်နေ လူဟောင်းများသည် အဆောင်လစာကို လဆန်း (၅) ရက်မတိုင်မီ အပြီးပေးသွင်းရမည်။
၄။ အဆောင်ပိတ်ချိန်သည် ည (၁၀) နာရီဖြစ်သည်။ ည (၁၀)နာရီကျော်လွန်ပါက အဆောင်တံခါးကို ဖွင့်ပေးမည်မဟုတ်ပါ။
၅။ မိမိပိုင်ပစ္စည်းများကို ဂရုတစိုက် သိမ်းဆည်းရမည်။ တံခါးများမပိတ်မိ၍ ပျောက်ရှခြင်းများရှိပါက တာဝန်မယူပါ။
၆။ ဂီတာမတီးရ။
၇။ သီချင်းဟစ်အော်၍ မဆိုရ။ ဆူညံစွာ စကားမပြောရ။
၈။ မူးယစ်သေစာများ သောက်သုံးခြင်း၊ ယူဆောင်လာခြင်း လုံးဝ (လုံးဝ) မပြုလုပ်ရ။
၉။ ညအိပ်ညနေ ဧည့်သည်ခေါ်ဆောင်မလာရ။
၁၀။ ရန်မဖြစ်ရ။ လောင်းကစားအဆင်းအတက် ခြေသံမကြမ်းရ။
၁၁။ ကွမ်းမထွေးရ။ အမှိုက်မပစ်ချရ။
၁၂။ . . . . . . . . . . . . . . . . . . . . .
၁၃။ . . . . . . . . . . . . . . . . . . . . .
၁၄။ . . . . . . . . . . . . . . . . . . . . .

ဟိုဟာမလုပ်ရ၊ ဒီဟာမလုပ်ရ စသည်ဖြင့် တားမြစ်မှု စည်းကမ်းများကိုကြည့်ရင်း အိပ်ချင်စိတ်များပျောက်ကာ မျက်လုံးများပင်ပြူးသွားရသည်။

**တော် ဝင် မြို့ မ စာ အုပ် တိုက်**

http://www.linhtet.com



'အေးလေ . . . မတစ်ရာသားတွေဆိုတော့လည်း စည်းကမ်း တင်းကျပ်ပေမပေါ့' ဟု သူ ဖြေတွေးတွေးလိုက်သည်။

"ဒီအချိန်ဆို ရွာမှာ အဖေတို့ အမေတို့ ဘာတွေလုပ်နေကြပါ လိမ့်"

ဟု သူတွေးမိသည်။

"ရန်ကုန်သွားပြီး လည်လည်ဝယ်ဝယ်လေးတော့ရှိအောင် နေခဲ့ . . . မြို့ကြီးသားတစ်ယောက်လိုကို မှတ်နေအောင် ကြိုးစား"

ဟု မှာလိုက်သော အဖေ့စကားကို ပြန်၍ကြားယောင်မိ သည်။

'မြို့ကြီးသားလို မှတ်နေအောင်' တဲ့လားဟု တွေးရင်း သူပြုံး ဖြစ်သည်။ နှစ်ထောင်သာတန်သောခရီးကို လေးထောင်ပေးစီးခဲ့ သော သူ့အဖြစ်ကိုသာသိလျှင် ဘာပြောဦးမည်မသိ။

"ငွေကို မသုံးနဲ့လို့မပြောဘူး . . . သုံး . . အေး ဒါပေမယ့် မဖြုန်းနဲ့ . . . ကြားလား . . . ချွေတာတာလည်း ချွေတာ . . . ကပ်စီးတော့ မနည်းနဲ့ . . . ."

ဟု မှာသော အမေ့စကားကိုလည်း ပြန်လည်ကာ ကြား ယောင်မိပြန်သည်။ ရွာမှာ တစ်နေကုန်နေလို့ တစ်ပြားမှမကုန်သော နေ့များရှိသော်လည်း အခု ရန်ကုန်မြေမှာ ခြေချပြီး တစ်မနက်တည်း မှာပင် ငွေတစ်သောင်းလေးထောင်ကြီးများတောင် ပက်ခနဲကုန်သွား ပြီမို့ ဘာရယ်မဟုတ် ပခုံးကိုတွန့်ဖြစ်သည်။

"သြော် . . . ရန်ကုန် . . . ရန်ကုန် . . . "

ဟု တွေးရင်း . . . သူ မှေးခနဲ အိပ်ပျော်ကာသွားသည်။

http://www.linhtet.com

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ စကားပြောသံတို့ကြောင့် သူ နိုးလာသည်။ လက်မှနာရီကိုကြည့်လိုက်တော့ ဆယ့်နှစ်နာရီထိုးပြီဖြစ်သည်။

ခုတင်ပေါ်မှထပြီး အခန်းအပြင်ဘက် သို့ထွက်လာသောအခါ ဝရန်တာမှာ အဆောင်ပိုင်ရှင်နှင့် လူနှစ်ယောက် စကားပြောနေကြသည်။

"အခန်းလွတ်က မရှိတော့ဘူး . . အဲဒီ့လွတ်နေတဲ့အခန်းကို စောစောတုန်းကပဲ သွင်းလိုက်တာ . . . တခြားမှာ ရှာကြည့်လိုက်ပေါ့ . . . ဒီမှာက လကုန်ရင်တော့ နိုင်ငံခြားထွက်

ဖြစ်မယ့်လူတွေရဲ့ အခန်းရှိတယ် . . . အရေးမကြီးဘူး . . စောင့်နိုင်တယ်ဆိုရင် အခန်းခ စရန်သတ်ခဲ့လို့ရတယ် . . . စရန်သတ်မထားရင်တော့ အခန်းချန်ထားလို့မရဘူး . . ဦးတဲ့လူကို ထည့်လိုက်တာပဲ"

အဆောင်ပိုင်ရှင်၏စကားကို နားထောင်ရင်း သူ့ကိုယ်သူ ကံကောင်းသူအဖြစ် ခံယူလိုက်သည်။

"အခန်းက ဘယ်အဆောင်မှာမရှိတော့ဘူးဗျ . . . မထူးပါဘူး စောင့်လက်စနဲ့ စောင့်လိုက်ပါ့မယ် . . အခန်းခကိုလည်း သေချာအောင် စရန်သတ်ခဲ့မယ် . . . လကုန်ရင်တော့ သေချာပေါက် အခန်းရပါတယ်နော် . . . "

"စိတ်ချ . . . စရန်သတ်ခဲ့ပြီး အခန်းမရရင် စရန်ကို သုံးဆပြန်လျော်ပေးမယ် . . . "

ကြားရသောစကားတို့ကြောင့် သူ ပခုံးတွန့်မိသည်။ အခန်းရဖို့ကလည်း မလွယ်ပါလားဟု။ အခန်းထဲပြန်ဝင်ကာ ငေါင်စီစီဖြင့် ထိုင်နေဖြစ်သည်။

ဘယ်ကစ၍ဘာဆက်လုပ်ရမှန်း မသိ။

"မင်း ဘာသင်တန်းတက်ချင်လဲ . . တက်ချင်တဲ့သင်တန်းအားလုံးနီးပါး လှည်းတန်းမှာရှိတယ် . . . တကယ်လို့ မင်းက မြို့ထဲက သင်တန်းကိုမှ တက်ချင်တယ်ဆိုရင်လည်း လမ်းမကြီးပေါ်ကိုသာ ထွက်လိုက် . . . လိုင်းကားတွေဆိုတာ လှည်းတန်းကနေ အရပ်ရှစ်မျက်နှာကို ပျားပန်းခတ်အောင်သွားနေတာ . . . မြို့ထဲမှ မဟုတ် ဘူး . . . ဘယ်သွားချင် သွားချင် အဆင်ပြေပြီးသား . . . ဘာဖြစ်လို့လဲဆိုတော့ လှည်းတန်းက လမ်းဆုံလေ . . . "

အစ်ကိုဝမ်းကွဲဖြစ်သူ၏စကားကို သူ ပြန်၍ကြားယောင်သည်။

"အေးဆေးပေါ့ . . . "

http://www.linhtet.com



ဟု သူ့ကိုယ်သူ တွေးမိသည်။ ဗိုက်ဆာသလိုလိုရှိသည်မို့ အခန်းထဲမှ ထွက်လာဖြစ်သည်။ ရေချိုးချင်သော်လည်း ဆပ်ပြာ ဘာညာက ဘာမှမဝယ်ရသေး။ အခန်းပြင်မှာ အဆောင်ပိုင်ရှင်နှင့် ဆုံသည်။

"ဩော် . . . ညီလေး . . . အပြင်သွားမလို့လား"

"ဟုတ်ကဲ့ . . . ဆာသလိုလိုရှိလို့ ထမင်းဆိုင်တွေ . . ဘာ တွေ . . ."

သူ့စကားပင် မဆုံးသေး။ အဆောင်ပိုင်ရှင်က . . .

"ဩော် . . . ထမင်းဆိုင်က ပေါပါတယ် . . . တိုက်အောက် ကိုဆင်းသွားပြီး ကြိုက်တဲ့ဘက်ကိုထွက် . . . လမ်းဘေးဘယ်ညာမှာ စားသောက်ဆိုင်တွေချည်းပဲ . . . အောင်မိုးရေ . . . မင်းတို့ ထမင်း ဆင်းစားမလို့လား . . ."

အဆောင်ပိုင်ရှင်က သူနှင့်စကားပြောနေရင်းမှ သူနှင့်ရွယ် တူဖြစ်ဟန်တူသော နှစ်ယောက်ဆီ လှမ်းကြည့်ရင်း မေးသည်။

"ဟုတ်တယ် ကိုသိန်း . . . ဘာမှာမလို့လဲ . . ."

အောင်မိုးဟု အမေးခံရသူက အဆောင်ပိုင်ရှင်ကို ပြန်၍ မေးသည်။

"အကိုက်ပဲ . . . ဘာမှမမှာဘူး . . . ဒီညီလေးက ဒီနေ့မှ ရောက်တာ . . . လူသစ် . . . ဟိုကောင် ဇော်လူရဲ့အခန်းမှာနေတာ . . . သူလည်း ထမင်းဆင်းစားမှာ . . . ငါ့ကို ထမင်းဆိုင်မေးနေလို့ . . . မင်းတို့ ပြပေးလိုက်ပါဦး . . . ဒါနဲ့ မိတ်ဆက်ပေးရဦးမယ် . . . ညီလေးနာမည်က ဘယ်သူ . . ."

အဆောင်ပိုင်ရှင်က သူ့ကိုမေးငေါ့ရင်း အခုမှ သူ့နာမည်ကို မေးသည်။

"အောင်သိန်းပါ အစ်ကို . . ."

http://www.linhtet.com



“အေး . . . ဟုတ်ပြီ . . . သူ့နာမည်က အောင်သိန်းတဲ့ . . . ညီလေး အောင်သိန်း . . . သူက အောင်မိုးတဲ့ . . . သူက မင်းညို . . . ညီလေးအခန်းရဲ့ ဘယ်ဘက်နဲ့ညာဘက်မှာနေကြတာ . . . ကဲ . . ကဲ . . . သူတို့နဲ့လိုက်သွား . . . အခန်းကို သော့ခတ်ဖို့ မမေ့နဲ့ . . . ကိုယ့်သော့နဲ့ကိုယ် ပြောင်းခတ်ချင်လည်း ခတ် . . . ဒါနဲ့ မှတ်ပုံတင်မိတ္တူဆွဲပြီးသားမရှိရင် တစ်ခါတည်းဆွဲခဲ့ပေါ့ . . . ပြန်တက်လာမှပဲ အဆောင်ခကို အေးဆေးရှင်း . . . ဟုတ်ပြီလား”

“ဟုတ်ကဲ့ . . . ”

မမောနိုင်မပမ်းနိုင်ဖြင့် ဆိုနေသော အဆောင်ပိုင်ရှင်၏ စကားအဆုံး၌ ‘ဟုတ်ကဲ့’ ဟု သူ ဆိုဖြစ်သည်။

“နောက်ဆုံးကျတော့လည်း အဆောင်လခပေးဖို့ဆိုတဲ့ ဘူတာကို ဆိုက်တာပါပဲ . . . ”

အောင်မိုးက ပြောင်ချော်ချော်ဖြင့် ကိုသိန်းဆိုသော အဆောင်ပိုင်ရှင်ကို နောက်သည်မို့ အဆောင်ပိုင်ရှင်က တဟဲဟဲဖြင့် ရယ်သည်။

“ကဲလာ . . . ကိုအောင်သိန်း ဆင်းရအောင် . . . ”

မင်းညိုက ခေါင်းညိတ်ပြရင်းက ဆိုသည်။

“ဒါနဲ့စကားမစပ် . . . ကိုအောင်သိန်းက နိုင်ငံခြားထွက်ဖို့ လာလုပ်တာလား . . . ”

လှေကားထစ်တွေကိုနင်းကာ ဆင်းလာရင်းက အောင်မိုးမှ မေးသည်။

“မဟုတ်ဘူးဗျ . . . ဒီလိုပါပဲ . . . ကွန်ပျူတာသင်တန်းလေး ဘာလေ တက်ရင်း အင်္ဂလိပ်စာနဲ့ပတ်သက်တဲ့ သင်တန်းလေးတက်ရင်းနဲ့ပါ . . . ကျုပ်က . . . အဲ . . . ကျွန်တော်က တစ်ဦးတည်းသောသားဆိုတော့ နိုင်ငံခြားသွားဖို့မပြောနဲ့ . . . အခု ရန်ကုန်လာတာ

http://www.linhtet.com



တောင် အိမ်က သိပ်လွတ်ချင်တာ မဟုတ်ဘူး . . . ”

သူ့စကားအဆုံးမှာ အောင်မိုးက . . .

“ဘဝတူတွေ လာဆုံနေပြီပဲ . . . ကျွန်တော်တို့နှစ်ကောင်လည်း တစ်ဦးတည်းသော သားတွေဗျ . . . ဒီလိုပဲ . . . သင်တန်းတက်ရင်းနဲ့ အမြင်ကျယ်အောင်လို့ ရန်ကုန်ကိုလာကြတာ . . . အဆောင်မှာက လူဆယ်ယောက်ရှိရင် ဆယ်ယောက်လုံးလိုလို နယ်စုံက လာကြတာဆိုတော့ အပေါင်းအသင်းလည်းရတာပေါ့ . . . ”

ဟု ဆိုသည်။

‘ဘဝတူတွေ’ ဆိုသောစကားကြောင့် သူ ပျော်သွားမိသည်။ သင်တန်းတက်ဖို့ကိစ္စကို သူ ပူရန်မလိုတော့သည်ကိုး။

ဘာရယ်တော့မဟုတ်။ ရန်ကုန်ရောက်ရင် အဖော်မရှိ၊ ဘာမရှိဖြင့် ပျင်းများပျင်းနေမလားဟု တွေးမိခဲ့သမျှ အခုတော့လည်း အဆင်ပြေကာနေသည်။

✱ ✱ ✱

သုံးလေးရက်လောက်ကြာတော့ အဆောင် အနီးနားတစ်ဝိုက်မှာ ရောက်စကလို သူမျက်စိမလည်တော့။

မင်းညိုတို့နှင့်လည်း ပို၍အဖွဲ့ကျကာလာသည်။ သက်တူရွယ်တူများမို့ ကျွန်တော်တွေဘာတွေ လုပ်မနေတော့ဘဲ မင်းတွေ၊ ငါတွေဖြစ်လာခဲ့သည်။

"အေး . . . မပြောမရှိနဲ့ အောင်သိန်းရေ . . မင်း ငါတို့နဲ့ပေါင်းရင် အပြေးတော့သန်မှဖြစ်မယ် . . ."

"ဟေ . . . ဘာဖြစ်လို့တုံး . . . ကျုပ်က . . . အဲ . . . ငါက ဘာကိစ္စ အပြေးသန်ရမှာတုံး . . ."

http://www.linhtet.com



အောင်မိုး၏စကားကို သူ ပြန်မေးဖြစ်သည်။

"ဘာဖြစ်ရမှာလဲ . . . ငါတို့ကောင်တွေ လျှောက်ပြီး နောက်ထားပြောင်ထားလို့ ဒီနားတစ်ဝိုက်က ဆိုင်တွေက ငါတို့ကို မှတ်မိနေပြီ . . . ခဏ ခဏ လောင်စိန်လုပ်ပါများတော့ ဘယ်နေ့လိုက်အထုခံရမလဲ မသိဘူး . . . ဒီတော့ အပြေးမြန်မှ၊ အပြေးသန်မှ ရမယ် . . . အမြဲတမ်း ပြေးဖို့အတွက် အသင့်အနေအထားရှိနေရမယ် . . . အထူးသဖြင့် ဟိုကောင် မင်းညိုနဲ့သွားရင် သတိထား . . . "

"အောင်မာ . . . ဘာ သတိထားလဲ . . . မင်းကများ . . . "

အောင်မိုး၏စကားကို မင်းညိုက ချက်ချင်းပြန်၍ဆိုသည်။

"ဟုတ်တယ်လေ . . . မင်းဆိုတဲ့ကောင်က ညနေစာစားပြီးတာနဲ့ လမ်းလျှောက်ရအောင်ဆိုပြီးတော့ ဒီလှည်းတန်းတစ်ဝိုက်က ရှိရှိသမျှ စူပါမားကတ်တွေရော၊ Shopping Mall တွေရော၊ စတိုးဆိုင်သေးသေးလေးတွေပါ မကျန် တစ်ဆိုင်ဝင်တစ်ဆိုင်ထွက်ပြီး စာရေးမလေးတွေကို ငမ်းကြောထပြီး လျှောက်လျှောက်နောက်ထားတာလေ . . . တစ်ညနေတည်းလည်း မဟုတ်ဘူး . . . နေ့တိုင်း . . . "

အောင်မိုး၏စကားကြောင့် မင်းညိုက 'အောင်မာမာ' ဟု မခံချိမခံသာဖြင့် ရေရွတ်သည်။

"အောင်မာမာ . . . ငပြူးကပြောလို့ . . . သူခိုးက လူပြန်ဟစ်နေတယ် . . . အဲဒီလိုသွားတိုင်း မင်းက ထိပ်ဆုံးကချည်းပဲ ချီတက်နေကြလေ . . မီအောင်တောင် အတော်လိုက်ယူရတဲ့ကောင်ကများ"

နှစ်ကောင်သား စကားနိုင်လုနေသည်ကိုကြည့်ရင်း သူရယ်ဖြစ်သည်။

"ဟိုကောင် . . အောင်သိန်း မရယ်နဲ့ . . . မင်းလည်း ရိုးမလိုလိုနဲ့ မင်းတို့နှစ်ကောင်စလုံး အတူတူပဲ . . . "

မင်းညိုက သူ့ဘက်ကိုပါ မြားဦးလှည့်ရင်း ဆိုသည်။

http://www.linhtet.com



"အောင်သိန်းက အစက ရိုးတယ် . . . မင်းနဲ့ပေါင်းလို့ ပျက်သွားတာ . . . ငါနဲ့ပေါင်းရင် ငါ့လို စပီကင်ကျွမ်းတဲ့ ဂျင်း . . . တား . . . မင်းပဲ ဖြစ်မှာပေါ့ကွ . . . "

အောင်မိုးက မင်းညိုကို နှိပ်ကွပ်သည်။

"တော်စမ်း . . . မင်းလား . . . ဂျင်း . . . တား . . . မင်း . . . ရယ်ချင်ရက်ဖတ်ဖတ်မော . . . ရင်ဘတ်နောက်ကကျောစ် . . မင်း စ . . ပီ . . . ကင် ကျွမ်းတယ်ဆိုတာ . . . ငါ ဘာမှမတတ်သေး၊ မသင်ရသေးတဲ့အချိန်က အဆင့်လောက်ပဲ ရှိတယ် မှတ်ထား"

မင်းညိုကလည်း ချက်ချင်းပင် ပြန်တုံ့ပြန်သည်။ သူကတော့ ဟိုဘက်ကြည့်လိုက်၊ ဒီဘက်ကြည့်လိုက်ဖြင့် ရယ်လို့သာနေဖြစ်သည်။

"ဒါနဲ့ စပီကင်ဆိုလို့ မင်းတို့ ကျုပ်ကို . . . ဟဲ ဟဲ . . ငါ့ကို သင်တန်းတွေ ဘယ်လိုအပ်ပေးကြမှာလဲ . . . "

ရုတ်တရက်မေးသော သူ့အမေးကြောင့် မင်းညိုက . . .

"ငါတို့တက်မယ့်သင်တန်းပဲ တက်ပေါ့ကွ . . . ငါတို့က လှည်းတန်းမှာလည်း သင်တန်းတချို့တက်မယ် . . . မြေနီကုန်းမှာ တချို့၊ မြို့ထဲမှာ တချို့ တက်ကြမယ် . . . "

ဟု ဆိုသည်။ မင်းညို၏စကားအဆုံးမှာ အောင်မိုးက . . .

"ဟုတ်တယ် အောင်သိန်းရ . . . လှည်းတန်းမှာ သင်တန်းပေါင်းစုံရှိတယ်ဆိုပေမယ့်လည်း လှည်းတန်းမှာချည်းပဲ သင်တန်းတွေ တက်လိုက်ရင် ကျန်တဲ့နေရာတွေကို ကျွမ်းကျွမ်းကျင်ကျင်သွားတတ်ဖို့ဆိုတာ မလွယ်ဘူးလေ . . . ဒီတော့ နေရာစုံလည်း လျှောက်သွားရင်း သင်တန်းလည်းတက်ရင်း . . . တစ်ချက်ခုတ်နှစ်ချက်ပြတ်ဖြစ်အောင် နေရာခွဲပြီးတော့ သင်တန်းကို တက်မယ် . . . လိုင်းကားလည်း စီးတတ်သွားတာပေါ့ကွာ . . . "

ဟု ဆိုသည်။

http://www.linhtet.com



"ဟုတ်သားပဲ . . . ရွာက အစ်ကိုကြီး ပြောဖူးတယ် . . . ရန်ကုန်မှာ လိုင်းကားမစီးတတ်ဘဲ တက္ကစီနဲ့ပဲသွားနေရရင် ငွေပိုကုန်တယ်တဲ့ . . . လိုင်းကားကို လည်လည်ဝယ်ဝယ်စီးတတ်အောင်လုပ်ထားမှ . . ."

ဟု သူ ခေါင်းညိတ်ရင်းတွေးဖြစ်သည်။ ပြီး တစ်ချက် တစ်ချက် 'ကျုပ်က . . . ကျုပ်က' ဖြင့်ဆိုသော အလေ့အထကိုလည်း ဖျောက်မှဖြစ်မည်။

“ဒါနဲ့ အောင်သိန်း . . မင်းကို မှာထားရဦးမယ် . . . မင်းကိုကြည့်ရတာ စကားပြောရင် အားနာသလိုလို၊ မပြောရဲသလိုလိုဖြစ် ဖြစ်နေတယ် . . . ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိရှိနဲ့ ခပ်တည်တည်နေစမ်းပါ . . . ရန်ကုန်မှာ နယ်စုံက လူပေါင်းစုံနေတာ. . . အ,တတ ပုံပေါက်နေလို့ မဖြစ်ဘူးကွ . . .”

“ဟုတ်တယ်အောင်သိန်းရ . . ရိုးသားတာ ကောင်းပါတယ် . . . ဒါပေမယ့် ကိုယ်က အားနာရင် အ,တယ်လို့ ထင်တတ်တယ် . . . ဒီတော့ . . . ပြောစရာရှိရင် ရဲရဲပြော . . . အိုကွာ . . . နောက်ဆုံးပြောသမျှ မှားနေတယ်

http://www.linhtet.com



ဆိုရင်တောင် ခပ်တည်တည်ကြီးသာ မှားပစ်လိုက် . . . ပြီးတော့ ပျော်ပျော်ကြီး စိတ်လွတ်ကိုယ်လွတ်နေ . . . တောင့်တောင့်ကြီး လုပ်မနေနဲ့ . . . စိတ်မွန်းကြပ်မယ်”

အောင်မိုး၏စကားအဆုံးမှာ မင်းညိုကပါ ဆိုသည်။ ဟုတ်တော့လည်း ဟုတ်သည်။ လူငယ်ပီပီ သွက်သွက်လက်လက် ပျော်ပျော်ရွှင်ရွှင်နေမှဖြစ်မည်။ ‘မြို့ကြီးပြကြီးမှာ အဆင်ပြေပြေမှ ရှိပါ့မလား’ ဆိုသော စိုးရိမ်စိတ်ကို ဖြေလျှော့ထားခြင်းက ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိစေလိမ့်မည် ထင်၏။

“မနက်ဖြန်ဆိုရင် သင်တန်းတက်ရတော့မှာ . . . ဟိုရောက်လို့ ကောင်မလေးတွေနဲ့ စကားပြောရရင် ရှက်ကိုးရှက်ကန်းလုပ်မနေနဲ့ . . . ပြောစရာရှိတာ ပွင့်ပွင့်လင်းလင်းသာပြော . . . မြုံစိစိကြီး မလုပ်နဲ့ . . . ကြားလား . . . ”

မင်းညိုက ကလေးတစ်ယောက်ကို မူကြိုပို့ခါနီးမှာသလိုမျိုး သူ့ကို ဆိုသည်။ ဘာပြောပြော . . . သူတို့နှစ်ကောင်နှင့် ဆုံရသည်မှာ သူ့အတွက်တော့ ကံကောင်းသည်။

သူတို့နှစ်ကောင်နှင့် အတူစား၊ အတူသွားမို့ သူ မသိတာတွေ အတော်လေးသိရသည်ကိုး။ ‘မြို့ကြီးသားတစ်ယောက်လို လည်လည်ပတ်ပတ်ရှိအောင်နေ’ ဟု ဆိုသော ရွာမှ မိဘနှစ်ပါး၏စကားကိုလည်း ပြန်၍ကြားယောင်မိသည်။

ပထမဆုံးသင်တန်းတက်ရမည့်နေ့မို့ သူ အစောကြီးနိုးကာနေသည်။ တစ်ဖက်ခန်းမှ တချွတ်ချွတ် အသံကြားသည်မို့ နားစွင့်လိုက်တော့ သကောင့်သားနှစ်ကောင်က သူ့ထက်အရင် နိုးနေကြပုံရသည်။ ဘောလုံးပွဲအကြောင်းတွေ ပြောကာနေသည်။

သူ အိပ်ရာမှထပြီး သူတို့နှစ်ကောင်ရှိရာ အောင်မိုး၏အခန်းဆီ ကူးခဲ့ဖြစ်သည်။ အောင်မိုးသည်လည်း နှစ်ယောက်ခန်းမှာ တစ်ယောက်တည်းနေသူမို့ အခန်းထဲမှာ ခုတင်က နှစ်လုံးဖြစ်ကာနေသည်။

http://www.linhtet.com



နှစ်ကောင်သား ခုတင်တစ်လုံးစီမှာနှပ်နေကြရင်းက စကားတွေဆိုနေကြသည်။

"ဟကောင်ကြီး . . . နိုးလာပြီလား . . . "

"အေးကွ . . . "

မင်းညို၏အမေးကို ခေါင်းညိတ်ပြရင်း သူ ဆိုဖြစ်သည်။

"ဒီမှာကွာ . . ရေချိုးမလို့လုပ်နေတာ . . . ဟိုဘက် မျက်နှာချင်းဆိုင်အခန်းကလူတွေ ဒီဘက်လာချိုးနေလို့ စောင့်နေရတယ်"

အောင်မိုးက ရေချိုးခန်းဘက် မေးငေါ့ပြရင်း ဆိုသည်။ မျက်နှာချင်းဆိုင် တိုက်ခန်းနှင့် သူတို့နေသော တိုက်ခန်း၏အဆောင်ပိုင်ရှင်မှာတစ်ဦးတည်းမို့ လူများသောတစ်ဖက်တိုက်ခန်းမှ အဆောင်သားတို့က သူတို့ဘက်ရှိတိုက်ခန်းမှ ရေချိုးခန်းနှင့် အိမ်သာတို့ကို လာ၍သုံးတတ်ကြသည်။

တိုက်ခန်းကျဉ်းချင်းအတူတူ နှစ်ယောက်ခန်းရှစ်ခန်းစီရှိခြင်းအတူတူ သူတို့ဘက်တိုက်ခန်းမှာ နှစ်ယောက်ခန်းတိုင်းမှာ အဆောင်သားတစ်ယောက်စီသာနေသည်မို့ လူရှစ်ယောက်သာရှိသော်လည်း တစ်ဖက်ခန်းမှာက လူဆယ့်ခြောက်ယောက်တောင်ရှိသည်။

ထို့ကြောင့် နေ့တိုင်းလိုလို တစ်ဖက်တိုက်ခန်းမှ အဆောင်သားများက သူတို့ဘက်မှာ အိမ်သာနှင့်ရေချိုးခန်းကို လာ၍သုံးကြသည်။

"မင်း စဉ်းစားကြည့်ကွာ . . . ကိုယ့်ဘက်အခန်းက လူမို့လို့ စောင့်ရရင်တော်သေးတယ် . . . ခုဟာက ဟိုဘက်ခန်းက လူတွေကြီးပဲ စောင့်နေရတယ် . . . အဆောင်ပိုင်ရှင်က တစ်ယောက်တည်းဆိုတော့ ဒီဘက်ကိုလည်း လာသုံးခွင့်ပြုထားတယ်လေကွာ . . .

ဒီတော့ အမြဲတမ်း ငါတို့ဘက်ကလူတွေက သူတို့သုံးပြီးမှပဲ သုံးရတယ် . . .

http://www.linhtet.com



နေ့တိုင်း စောင့်စောင့်သုံးနေရတယ် . . . အမိပွါယ်ကို မရှိဘူး"

"ဒါ . . . တစ်ခုခုတော့ စီစဉ်မှဖြစ်မယ် . . . "

မင်းညို၏စကားကို အောင်မိုးက ခေါင်းညိတ်ရင်း ထောက်ခံသည်။

"ဒီပုံစံအတိုင်းဆို မိုးလင်းတာနဲ့ အိမ်သာထဲနဲ့ ရေချိုးခန်းထဲ ဝင်နှင့်ပြီး ကင်းစောင့်သလို စောင့်နေရမယ်နဲ့တူတယ် . . . ငါတို့ ဘက်အခန်းက လူဆိုရင်ဖွင့်ပေးပြီး သူတို့ဘက်အခန်းကလူဆိုရင် ပေပြီး ဆက်နေနေမယ် . . . "

"ကိုယ့်လူ၊ သူ့လူမှန်း မင်းက ဘယ်လိုလုပ်သိမှာတုံး . . . "

အောင်မိုး၏ စကားကို မင်းညိုက မေးငေါ့ရင်း အမေးရှိသည်။

"ဟ . . . စကားဝှက်သုံးမှာပေါ့ကွ . . . "

"လင်းယုန်မှ ပျံလွှား . . ပျံလွှားမှလင်းယုန် . . . ဆိုပြီးတော့ လား . . . "

အောင်မိုး၏အဖြေကို မင်းညိုက ခပ်ရိရိဖြင့်ငေါ့သည်။ ပြီး

"မင်းကလည်း လည်မလိုနဲ့ အတော့်ကိုပိန်းသေးတာပဲ . . . အိမ်သာမတက်ဘဲ ဒုက္ခခံပြီး အိမ်သာထဲဝင်ပြီး ကင်းစောင့်စရာလည်း မလိုဘူး . . . လင်းယုန်တွေ ပျံလွှားတွေလည်း မလိုဘူး . . . အဝင် တံခါးမကြီးကို ဂျက်ထိုးပြီး ပိတ်ထားလိုက် . . . ဘယ်ကောင်မှ ဝင်လို့ မရတော့ဘူး . . . "

ဟု ဆိုသည်။

အောင်မိုးက . . .

"ဟ . . . ငါတို့ဘက်ကလူတွေက အပြင်ထွက်သွားလို့ ပြန် ဝင်ချင်ရင် တံခါးထုနေရမှာပေါ့ . . .

အာ . . . ဟုတ်ပြီ . . . အကောင်းဆုံးကတော့ အိမ်သာနဲ့ ရေချိုးခန်းကို သော့ခတ်ထားလိုက် . . .

ပြီးတော့ အဲဒီ့သော့ကို မိတ္တူပွားပြီး ငါတို့ဘက်ခန်းက ရှစ်ယောက်ကိုင်ထားလိုက်ရင် . . . ပြီးပြီ"

"အေး . . . အဲဒါ ကောင်းတယ် . . . "

မင်းညိုက အောင်မိုး၏စကားကို ထောက်ခံသည်။

"ကောင်းပါ့မလားကွာ . . . အားနာစရာကြီး . . ငရဲတွေကြီးနေပါဦးမယ် . . . ဒီအတိုင်းပဲ မျှပြီးသုံး . . . "

တစ်ချိန်လုံး နားထောင်နေရာမှထကာဆိုသော သူ့စကားကို သူ ဆုံးအောင်ပင် မပြောလိုက်ရ။ အောင်မိုးက လက်ကာကာတားသည်။

"သည်းခံတယ် . . အားနာတယ်ဆိုတာ သူ့အတိုင်းအတာနဲ့ သူရှိတယ် . . . တစ်ရက်နှစ်ရက်တည်း ကိစ္စမဟုတ်ဘူး အောင်သိန်းရ . . . လနဲ့ချီပြီး ဒုက္ခခံရမယ့်ကိစ္စ . . . မင်းလည်းသိနေတာပဲ . . .

ငါတို့က အေးအေးဆေးဆေးနေချင်လို့ နှစ်ယောက်စာပေးပြီး နေကြတာ . . . ပိုက်ဆံလည်း ပိုပေးရသေး . . . ရေချိုးခန်း၊ အိမ်သာကျတော့လည်း ဟိုဘက်ခန်းက ကိုယ့်ရဲ့တစ်ဝက်ပဲ အဆောင်လစာပေးရတဲ့ကောင်တွေ သုံးပြီးအောင်စောင့်ပြီးမှ သုံးရတယ်ဆိုရင် သဘာဝမကျဘူး . . . "

"ဟုတ်တယ် . . . "

အောင်မိုး၏စကားအဆုံးမှာ မင်းညိုက 'ဟုတ်တယ်' ဟု ထောက်ခံသည်။ သူတို့ပြောသည်ကလည်း ဟုတ်သလိုလိုရှိသည်မို့ သူ ဘာမှစောဒကမတက်ချင်တော့။

ထို့ကြောင့် ပခုံးကိုသာတွန့်ဖြစ်သည်။ ပြီး မင်းညို လက်ထဲမှကိုင်နေသော သွားတိုက်ဆေးညှစ်ဗူးလိုဟာကိုကြည့်ရင်း . . .

http://www.linhtet.com



"မင်းညို မင်းရဲ့သွားတိုက်ဆေးဗူးပုံစံက တစ်မျိုးကြီးပါလား . . . မှန်း . . . ပြစမ်းပါဦး . . . "

ပြောပြောဆိုဆိုဖြင့် လှမ်းတောင်းသော သူ့ကိုမင်းညိုက လက်ထဲမှ ညှစ်ဗူးကို လှမ်းပေးရင်း သူ့ကို ပြုံးကြောင်ကြောင့်ဖြင့် ကြည့်သည်။

သူက ညှစ်ဗူး၏အဖုံးကိုဖွင့်ကာ နမ်းကြည့်ဖြစ်သည်။

"သွားတိုက်ဆေးအနံ့ကလည်း မွှေးတေးတေးပါလားဟ"

သူ့စကားကြောင့် မင်းညိုက မျက်လုံးကြီးပြူးကာ သူ့ကိုကြည့်သည်။

ပြီး သူ့ကိုတအံ့တသြဟန်ဖြင့် . . .

"ဟကောင် အောင်သိန်း . . . မင်းကိုကြည့်ရတာ နောက်နေတာနဲ့လည်း မတူဘူး . . . ညှစ်ဗူးမြင်တာနဲ့ပဲ သွားတိုက်ဆေးကြီးပဲ ထင်နေလား . . . အဲဒါ မျက်နှာလိမ်းတဲ့ Cream ကွ"

"ဟေ . . . ဟုတ်လား . . . "

မင်းညို၏စကားအဆုံးမှာ ရှက်ကိုးရှက်ကန်းဖြင့် သူ 'ဟုတ်လား' ဟု ဆိုဖြစ်သည်။

"မင်းကလေ . . . ရိုးတယ်ပြောရမလား . . . နမော်နမဲ့ နိုင်တယ်ပြောရမလားကို မသိဘူး . . . ဘွဲ့ရပြီပဲဥစ္စာ . . . ဗူးပေါ်က စာလေးဘာလေးလောက်တော့ ဖတ်ကြည့်ဦးမှပေါ့ . . . မစူးမစမ်းနဲ့ . . . ထင်ရာကို စွတ်ပြောတော့တာပဲ . . . "

အောင်မိုးက တခွိခွိရယ်ရင်း အရယ်တစ်ဝက်ဖြင့်ဆိုသည်။

"အေးကွ. . ငါက ဒါမျိုးမှမသုံးဘူးတာ . . ရွာမှာ ယောကျ်ားလေးတွေက အုန်းဆီတစ်မျိုးလောက်ပဲ ခေါင်းလိမ်းကြတာကွ . . . လွန်ရောကျွံရော အမွှေးအကြိုင်ဆိုလို့ ပေါင်ဒါမှုန့်ကို ချိုင်းမှာပုတ်တာလောက်ပဲရှိတာ . . . "

http://www.linhtet.com



"မင်း နောက်နေတာတော့ မဟုတ်ပါဘူးနော် . . ."

မင်းညိုက မျက်လုံးကြီးပြူးကာ ဆိုသည်။

"အာ . . . အဟုတ်ပြောတာကွ . . . အေး . . . ငယ်ငယ် တုန်းကတော့ သနပ်ခါးရေကျဲလေးဘာလေး အမေလိမ်းပေးလို့ လိမ်း တယ် . . . အသက်ကြီးလာတော့ ဘာမှမလိမ်းဘူး . . . ခေါင်းက ဆံပင်တောင် အုန်းဆီလိမ်းရမှာပျင်းလို့ ကတုံးဆံတောက်ညှပ်ထား တာ ကြည့်တော့ . . . . "

ရုပ်တည်ကြီးနှင့်ပင် ခေါင်းကိုထိုးပြရင်းဆိုသော သူ့စကား ကြောင့် အောင်မိုးတို့နှစ်ယောက် ပါးစပ်တွေဟကာ သူ့ကိုကြည့်ကြ သည်။

အောင်မိုးက သူ့စားပွဲမှာတင်ထားသော ဗူးတစ်ဗူးကို ယူကာ အဖုံးကိုဖွင့်ပြရင်း . . .

"ဒါ ဘာလဲ သိလား . . ."

ပျစ်ချွဲချွဲဖြင့် ကျောက်ကျောလိုလို အနီရောင် ခပ်တုန်တုန် အရာကိုကြည့်ရင်း ယူကာနမ်းကြည့်ဖြစ်သည်။

"ဒါလည်း မျက်နှာလိမ်းတာပဲလား . . . မွှေးသားပဲဟ"

သူ့စကားကြောင့် မင်းညိုနှင့်အောင်မိုးက တစ်ယောက်မျက် နှာတစ်ယောက်ကြည့်ကြသည်။

ပြီး သူ့ကိုပြူးကြောင်ကြောင်ပုံစံတွေနှင့် ရယ်ချင်ပက်ကျိဖြင့် ကြည့်ကြသည်။

"ဟကောင် . . . ဒါ ဂျယ်လ်လို့ခေါ်တယ်ကွ . . . ဆံပင်ပုံ သွင်းတဲ့ဟာ . . . မင်း တကယ်မသိဘူးလား . . . "

မင်းညို၏ တအံ့တဩအမေးကြောင့် သူ ရှက်ရှက်ဖြင့် ခေါင်းကိုကုတ်ဖြစ်သည်။

"ငါက အလှအပတွေ မကြိုက်တော့ အမှုမဲ့ အမှတ်မဲ့ပဲကွ

http://www.linhtet.com



. . . အခုမှ ငါသတိရတယ် . . . ငါတို့ရွာက ကုန်စုံဆိုင်မှာ ဒါမျိုး မြင်ဖူးတယ် . . .”

သူ့စကားအဆုံးမှာ အောင်မိုးက . . .

“ဖြစ်ရမယ် . . . မင်းကတော့ . . .”

ဟု အရယ်တစ်ဝက်ဖြင့် ဆိုသည်။ မင်းညိုက . . .

“ယုံသွားပြီ . . . သတိမမူ ဂူမမြင်ဆိုတာကို . . . ဘာပဲပြောပြော အောင်မိုးရေ . . . ဒီကောင့်ကို ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး . . . မြို့ကြီးသားပုံပေါက်အောင် လုပ်ပေးမှဖြစ်တော့မယ် . . . လာ လာ . . . အခု မင်းအခန်းကို သွားမယ် . . .”

ပြောပြောဆိုဆို . . . သူ့လက်ကိုဆွဲကာ မင်းညိုက ရှေ့မှ ထွက်သည်။ ယက်ကန်၊ ယက်ကန်ဖြင့် သူ မင်းညိုနောက်ကို ပါသွားသည်။

http://www.linhtet.com

သူ့အခန်းထဲရောက်သည်နှင့် မင်းညိုက . . .

“ကဲ. . အောင်သိန်း . . မင်းရဲ့ အဝတ်အစားတွေ အကုန်ထုတ်ပြစမ်းကွာ . . . ”

“ဘာဖြစ်လို့တုံး . . . ”

မင်းညိုကို သူ ပြန်မေးဖြစ်သည်။

“မင်းကို . . . မြို့ကြီးသားစတိုင်လ်ဖြစ်အောင်လုပ်ပေးမလို့ . . . အဝတ်အစားက အစပေါ့ကွာ . . . အဲဒါကြောင့် မင်းရဲ့အဝတ်တွေကို ပြခိုင်းနေတာ . . . ”

အောင်မိုး၏စကားကြောင့် သူ ခေါင်းကိုကုတ်ဖြစ်သည်။

http://www.linhtet.com



"ကျုပ်က . . . အဲ . . . ငါက ဒီရောက်မှ ဝယ်ဝတ်မယ်ဆို ပြီးတော့ အဝတ်ကလေး သုံးလေးစုံပဲ ထည့်လာတာ . . . ဒီမှာ"

သူထုတ်ပြသောအဝတ်တို့ကိုကြည့်ရင်း သကောင့်သားနှစ် ကောင်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။

ပုဆိုးတွေကြားထဲမှ တစ်ထည်တည်းသော ဂျင်းဘောင်းဘီ ကိုယူကာ ဖြန့်ကြည့်ရင်း မင်းညိုက . . .

"မင်းဘောင်းဘီက နိုင်တီးဂွမ်တီးတုန်းကဒီဇိုင်းကြီးကွ . . ကြည့်ပါဦးကွာ . . . ချာလီချက်ပလင်ဘောင်းဘီကျနေတာပဲ"

ပြောရင်း မင်းညိုက ခွီးခနဲရယ်သည်။ အောင်မိုးက . . .

"တော်သေးတာပေါ့ . . . သင်တန်းချိန်က ဆယ့်တစ်နာရီ မို့လို့ . . ဒီတော့ တစ်မနက်ခင်းလုံး အဝတ်ဝယ်ချိန်ရှိသေးတယ် . . . ဒီဘောင်းဘီကြီးကို မဝတ်နဲ့တော့ . . . ဒါကြီးနဲ့သာ ရန်ကုန်မှာ လျှောက်သွားလို့ကတော့ ဂွမ်းပြီးသားပဲ . . . "

"ဘာလဲကွ . . . ဂွမ်းတယ်ဆိုတာ . . . "

အောင်မိုး၏ ဝေါဟာရကို မကြားဖူးသည်မို့ သူ မေးဖြစ် သည်။

"ဂွမ်းတယ်ဆိုတာ အရှက်ကွဲတာကို ပြောတာကွ . . . "

မင်းညို၏ ရှင်းပြမှုကြောင့် သူ ဝေါဟာရသစ်တစ်ခုကို သိလိုက်ရ၏။ 'ဂွမ်းတယ်' ဆိုတာ 'အရှက်ကွဲခြင်း' ကိုဆိုလိုသည်ဟု။

"မင်းရိုးသားတယ်ဆိုတာကို ငါတို့သိပြီးပြီ . . . ခဏ ခဏ လည်း ပြောပြီးပြီ . . . ရိုးသားတယ်ဆိုတာ ကောင်းပါတယ် . . ဒါ ပေမယ့် အ,တတကြီးဖြစ်မနေဖို့တော့ လိုတယ် . . . ဒီတော့ လူမှာ အဝတ်၊ တောင်းမှာ အကွပ်ဆိုသလို မင်းကို အဝတ်အစားကစပြီး အရင်ပြောင်းပေးမယ် . . . "

အောင်မိုးက ခေါင်းတညိတ်ညိတ်ဖြင့်ဆိုသည်။

http://www.linhtet.com



"ပြီးတော့ ငါတို့တွေနဲ့ပြောရင် မင်းနဲ့ငါနဲ့ ပြော . . . ရွယ်တူ ကောင်မလေးတွေဆိုရင် နင်နဲ့ငါနဲ့ ပြောရင်ပြော . . . ဒါမှမဟုတ် ကျွန်တော်ဆိုပြီးတော့ သုံးရင်သုံး . . . နေရာတကာ . . ကျုပ်က . . . ကျုပ်ကနဲ့ မလုပ်နဲ့ . . . "

မင်းညို၏အဆိုကြောင့် သူ ယောင်ပြီး ခေါင်းညိတ်ဖြစ်သည်။ အောင်မိုးက သူ့ခြေထောက်ကို ငုံ့ကြည့်သည်။ ပြီး . . .

"မင်း . . . အဲဒီ့ကြက်ပေါင်ဖိနပ်ကိုလည်း မစီးတော့နဲ့ . . . ကွင်းထိုးဖြစ်ဖြစ်၊ ရှူးဖြစ်ဖြစ် စီး . . . အဲဒါတွေမှ မစီးချင်ရင် အနည်းဆုံး ကတ္တီပါဖိနပ်လောက်တော့ စီး . . . မင်းဖိနပ်က ရေချိုးခန်းစီးဖို့ပဲ ကောင်းတယ် . . . "

ဟု ဆိုသည်။

"အမှန်အတိုင်းပြောရရင် ပုဆိုးနဲ့နေရတာက လွတ်လပ်တယ်ကွ . . . ဘောင်းဘီဝတ်ရတာ တစ်မျိုးကြီးပဲ . . . "

ရှက်အမ်းအမ်းဖြင့်ဆိုသော သူ့စကားကြောင့် သကောင့်သားနှစ်ကောင်က သူ့ကိုရယ်ကျဲကျဲဖြင့် ကြည့်သည်။

"အလေ့အကျင့်မရှိသေးလို့ပါကွာ . . . နောက်တော့လည်း ကျင့်သားရသွားမှာပါ . . . ပုဆိုးဆိုတာက ပွဲလမ်းသဘင်နဲ့ ဘုရားသွားကျောင်းတက်လောက်ပဲ ကောင်းတာ . . . မင်းလွတ်လွတ်လပ်လပ်နဲ့ ပေါ့ပေါ့ပါးပါးနေချင်ရင် ဘောင်းဘီတို့၊ ရှော့ပင်တို့ဘာတို့ ဝတ်ပေါ့ . . . ပုဆိုးလို ခဏခဏ ပြင်ဝတ်နေစရာတောင် မလိုဘူး . . . ကဲပါ . . . မနက်စာစားပြီးတော့မှ မင်းအတွက် အဝတ်ကိုကြည့်ဝယ်ကြတာပေါ့ . . . "

နောက်ဆုံးတော့ မင်းညိုက စကားစကိုဖြတ်သည်။ ဘာရယ်တော့မဟုတ်။ သူ ခေါင်းကို ကုတ်ဖြစ်သည်။

✤ ✤ ✤

"ဟို . . . မင်းညိုနဲ့ အောင်မိုး . . . သိပ် ဈေးကြီးတာတွေ မလုပ်နဲ့နော်. . . တော်ရုံသင့်ရုံ ဆိုရပြီ . . . "

"အေးပါ . . . "

Shopping Mall အတွင်းကို ဝင်ဝင်ချင်းဆိုသော သူ့စကားကို မင်းညိုက 'အေးပါ' ဟု ဆိုသည်။

အောင်မိုးတို့ပြောမယ်ဆိုလည်း ပြောလောက်စရာ။ သကောင့် သားနှစ်ကောင်ကိုကြည့် လျှင် မြို့ကြီးသားနှင့်ခွဲမရ။ ဝတ်စားဆင်ယင်ပုံ တွေက စမတ်ကျသည်။

သူကကျ ပုဆိုးဝတ်ထားသည်ကပင်

http://www.linhtet.com



လျှင် သိပ်အချိုးမပြေ။ လျှောက်ကာဝင်လာကြရင်းမှ အထည်ဆိုင်တစ်ဆိုင်ရှေ့မှာ အောင်မိုးတို့နှစ်ကောင်က ခြေစုံရပ်သည်။

"ဒီကောင်က ဘောင်းဘီဝတ်တာအသားမကျသေးတော့ Skinny ပုံစံ ဝတ်ခိုင်းလို့ ဖြစ်ပါ့မလား . . . Rider ပဲ ကောင်းမယ်ထင်တယ် . . ."

အောင်မိုးက မင်းညိုကို မေးငေ့ါရင်း မေးသည်။

"ရပါတယ်ကွာ . . . ဒီလိုပဲ ဝတ်ရင်းနဲ့ အဆင်ပြေသွားမှာပါ . . ."

သူတို့နှစ်ကောင်ပြောနေသည်တို့ကို နားထောင်ရင်း သူ ဘာမှ နားမလည်။ ထို့ကြောင့် မင်းညိုနားသို့ကပ်ကာ ခပ်တိုးတိုးမေးရသည်။

"မင်းညို . . . မင်းတို့ပြောနေတဲ့ပုံစံတွေက ဘယ်လိုပုံစံတွေတုံးဟ . . ."

မင်းညိုက ခေါင်းကိုမသိမသာညိတ်ပြသည်။ 'ငါပြမယ်' ဆိုသည့်သဘော။

ပြီး ဆိုင်နံရံမှာကပ်ထားသော ပိုစတာတစ်ခုမှ သရုပ်ဆောင်အချို့ဝတ်ထားသောပုံစံကို မေးငေ့ါပြသည်။

"တွေ့လား . . . အဲဒီကောင်တွေ ဝတ်ထားတဲ့ပုံစံကို Rider ပုံစံလို့ခေါ်တယ်. . ဒီဘက်ပုံကကောင်တွေဝတ်ထားတဲ့ပုံစံက အောက်ခြေ ပိုကျပ်တယ် . . . အဲဒါကို Skinny လို့ခေါ်တယ် . . ."

"ကျပ်နဲ့ဖြစ်ပါ့မလား . . ."

သူ့စကားကြောင့် မင်းညိုက သူ့ကိုပြုံး၍ကြည့်သည်။ ပြီး အံကိုကြိတ်ကာ အသံတိုးတိုးဖြင့် . . .

"ငါနဲ့ဖြစ်ပါ့မလားလို့လုပ်ပါ . . . ဘယ်က ကျပ်က ပါလာတာတုံး . . . မဖြစ်မှာ မပူနဲ့ ဖြစ်တယ် . . . အသာနေ . . ."

http://www.linhtet.com



ဟု ဆိုသည်။

"မင်းရဲ့ခါးဆိုဒ်ကို သိလား . . . "

အောင်မိုးက သူ့နားကပ်ကမေးသည်မို့ သူ ခေါင်းခါပြဖြစ်သည်။ အောင်မိုးက သူ့ကိုတစ်ချက်ကြည့်ပြီး ဘေးမှာရပ်နေသောဆိုင်မှ ဝန်ထမ်းကိုခေါ်ကာ . . .

"ညီလေး . . . ဒီထဲက ခါးဆိုဒ်သုံးဆယ် ပြပေး . . . "

ဆိုင်ဝန်ထမ်းက ခပ်သွက်သွက်ပင် ဘောင်းဘီတစ်ထည်ကို ထုတ်ပေးသည်။ အောင်မိုးက ထိုဘောင်းဘီကိုလှမ်းယူကာ သူ့ကိုပေးပြီး . . .

"သွား . . ဟိုမှာ အဝတ်လဲခန်းရှိတယ် . . . သွားဝတ်ကြည့်"

ဟု ဆိုသည်။

သူ ယောင်နနနှင့်ပင် လှမ်းယူပြီး အဝတ်လဲခန်းထဲဝင်ကာ ဘောင်းဘီကိုဝတ်ကြည့်ဖြစ်သည်။

"ဟကောင် အဆင်ပြေလား . . . "

အခန်းအပြင်မှနေ မင်းညိုက လှမ်း၍မေးသည်။

"ကျပ်တယ်ကွ . . . "

"ကြယ်သီးတပ်လို့ မရတာလား . . . "

သူ့အဖြေကို မင်းညိုက ထပ်၍မေးသည်။

"မဟုတ်ဘူး . . . တပ်လို့တော့ ရတယ် . . . "

"တံခါးဖွင့် . . . ငါ ကြည့်ပေးမယ် . . . "

မင်းညို၏အဆိုကြောင့် သူ တံခါးကိုဖွင့်ပေးဖြစ်သည်။ အဝတ်အသစ်နှင့်မနေတတ်၊ မထိုင်တတ်ပုံပေါက်နေသောသူ့ကို အောင်မိုးတို့နှစ်ကောင်ကလှမ်းကြည့်ပြီး . . .

"အာ . . . ဘယ်ကကျပ်ရမှာလဲ . . . ကွက်တိပဲ . . . ဒီဘောင်းဘီမျိုးက ဒီလိုကျပ်ကျပ်ဝတ်ရတာမျိုးကွ . . . ဟုတ်ပြီ . . .

http://www.linhtet.com



အဲဒီ့ကောင်ယူလိုက်တော့ . . . ”

“ဖြစ်ပါ့မလား . . . ”

“ဖြစ်ပါတယ်ကွာ . . . ”

‘ဖြစ်ပါ့မလား’ ဟု ခပ်ရွံ့ရွံ့မေးသောသူ့အမေးကို အောင်မိုးက ပေါ့ပေါ့ပါးပါးပင် ဖြေသည်။

“ဒါနဲ့ ဒီဘောင်းဘီက ဘယ်လောက်တဲ့လဲ . . . ”

သူ့အမေးကို မင်းညိုက . . .

“ဒီမှာလေ . . . ဈေးနှုန်းကပ်ထားတယ် . . မတွေ့ဘူးလား . . ဒီမှာ သုံးသောင်းတဲ့ . . . . ”

“ဘာ . . . ”

ရုတ်တရက်ထအော်သော သူ့အသံကြောင့် မင်းညိုက . .

“ဟကောင် တိုးတိုးလုပ်ပါကွ . . . ”

ဟု ဆိုသည်။

“ဈေးကြီးတယ်ဗျ . . . သုံးသောင်းဆိုရင် ပုဆိုး ဆယ်ထည်လောက် ဝယ်လို့ . . . ”

“ဟကောင် . . . လျှာမရှည်နဲ့ . . . ဘယ်က ဈေးကြီးရမှာလဲ . . . ဒါ အလယ်အလတ်ပစ္စည်းပဲ ရှိသေးတယ် . . . ဒီဆိုင်မှာ ဟော . . ဟိုမှာတွေ့လား . . . အဲဒီ့ ဂျင်းဘောင်းဘီတွေဆို တစ်သိန်းကျော်တယ် . . . ”

“ဘယ်လို . . . ဘောင်းဘီတစ်ထည်ကို တစ်သိန်းကျော် . . . ဟုတ်လား . . . ”

မျက်လုံးကြီးပြူးကာ အလန့်တကြားဆိုသော သူ့စကားကြောင့် အောင်မိုးက ‘ခပ်တိုးတိုး’ ဆိုသော ပုံစံဖြင့် မျက်မှောင်ကုတ်ပြသည်။

“ဘာလဲ မင်းက သိန်းကျော်တန်ကိုလိုချင်လို့လား . . ရတယ်

လေ . . . ဒီဆိုင်မှာ ဒီ သုံးသောင်းတန်က စျေးအချိုဆုံးပဲ . . . ”

“ဟုတ်လား . . . ဒါဖြင့် ဒါပဲယူတော့မယ် . . . သိန်းကျော်တန်ကြီးတော့ မဝယ်ပါရစေနဲ့ . . . တစ်သိန်းဆိုရင် . . . ရွာမှာ . . ဆိတ် . . . ”

“တော်တော့ . . . ဆိတ် ဘယ်နှကောင်ဝယ်လို့ရတယ်ပြောမလို့ မဟုတ်လား . . . ရှူး . . . တိတ်တိတ်နေ . . . ”

သူ့စကားမဆုံးခင်မှာ မင်းညိုက တိုးတိုးဆိုသောပုံစံလုပ်ပြသည်။

ဘာရယ်မဟုတ် သူ ယောင်ရမ်းပြီး အိတ်ကပ်ထဲမှ တစ်ထောင်တန်အုပ် အဆောင်ကို ပြန်ပါပါတော့မလားဟု စမ်းမိသည်။

ဘောင်းဘီ၊ ခါးပတ်နှင့်တီရှပ်နှစ်ထည် ဝယ်ပြီးသွားသောအခါ သူ၏ တစ်ထောင်တန် အုပ်သည် ပါးလျလျသာ ကျန်တော့၏။

"ကဲ . . . ဖိနပ်နဲ့ဦးထုပ်ဝယ်ဖို့ပဲ ကျန်တော့တယ် . . ."

အောင်မိုး၏စကားကြောင့် သူ ခေါင်းနပမ်းကြီးသွားရသည်။

"ဝ . . . ဝယ်ဦးမလို့လား . . ."

သူ့စကားကြောင့် မင်းညိုကရယ်သည်။ ပြီး . . .

"ဟ . . . ဝယ်မယ့်ဝယ်မှတော့ ခေါင်း အစ၊ ခြေအဆုံး ဝယ်ရမှာပေါ့ . . . လာ . . . မင်းကို သိန်းကျော်တန်ဖိနပ်ပြမယ်"

http://www.linhtet.com



ပြောပြောဆိုဆို သူ့လက်ကိုဆွဲသော မင်းညို၏လက်ကို ရှောင်ကာ နောက်ဆုတ်ဖြစ်သည်။ နှစ်သောင်းဝန်းကျင်သာ အိတ်ကပ်ထဲမှာ ကျန်တော့သည်မို့ အလန့်တကြားနောက်ကို ဆုတ်မိခြင်းဖြစ်သည်။

မင်းညို၏ လက်ကိုရှောင်ရင်း နောက်အဆုတ်မှာ သူ၏ နောက်မှာရှိသော လူတစ်ယောက်၏ခြေဖျားကို သူ တက်နင်းမိသည်။

"အား . . ."

စူးခနဲအော်သံကြောင့် ချာခနဲ သူလှည့်အကြည့်။ သူ နင်းသည်ကို ခံလိုက်ရသော ကောင်မလေးတစ်ယောက်။ မျက်နှာကြီးရှုံ့မဲ့ကာ ခုန်နေသည်ကို တွေ့ရသည်။

"ဒီမှာ လူတစ်ယောက်လုံးကိုတောင် မမြင်ရအောင် ကန်းနေလား . . ."

အနင်းခံရသောကောင်မလေး၏ဘေးမှ သူငယ်ချင်းဖြစ်သူ က သူ့ကိုခပ်ထန်ထန်ကြည့်ရင်း ထအော်သည်။

'ကန်းနေလား' ဟူသော သူမ၏စကားကို ကြားကြားခြင်း ယောင်အအဖြင့် သူ . . .

"ဟုတ်ကဲ့ . . ."

ဟု ဆိုဖြစ်သည်။

"ဘာ . . . ကန်းနေတယ် . . . ဟုတ်လား . . ."

ကန်းနေလားဟူသောအမေးကို 'ဟုတ်ကဲ့' ဟု ဖြေလိုက်သည်မို့ ထိုကောင်မလေးက 'ဘာ' ဟု ခပ်ဆောင့်ဆောင့် အော်ပြန်သည်။

ထိုအခါမှ သူ သတိဝင်ပြီး . . .

"အာ . . . ကျုပ်က ဘယ်ကလာ ကန်းရမှာတုံး . . နောက်မှာရှိနေတဲ့ဥစ္စာ . . . ဘယ်မြင်လိမ့်မတုံး . . . စိတ်မရှိပါနဲ့ဗျာ . . .

http://www.linhtet.com



မတော်လို့နော် . . .”

ဟု ဆိုဖြစ်သည်။

အူကြောင်ကြောင်ပင် ပြန်၍ဆိုရင်း တောင်းပန်သော သူ့စကားအဆုံးမှာ အနင်းခံရသော ကောင်မလေးက သူ့ကို အထက်အောက်ကြည့်ကာ . . .

“အူကြောင်ကြောင်နဲ့ . . .”

ဟု ဆိုသည်။

ပြီးနောက် . . .

ကောင်မလေးနှစ်ယောက် သူတို့သုံးယောက်စလုံးကို သိမ်းကျုံး၍ မျက်စောင်းထိုးကာ ထွက်သွားကြသည်။

ထော့နဲ့၊ ထော့နဲ့ဖြစ်ကာသွားသော ကောင်မလေးကိုလိုက်ကြည့်ရင်း သူ အတော်လေး စိတ်မကောင်းဖြစ်သွားမိသည်။

“ဒီလောက်လှတဲ့နတ်သမီးနဲ့ တိုက်မိတာကို မင်းက တော်တော် နှုတ်ဆိတ်နိုင်တာပဲ . . . စကားလေးတစ်ခွန်းပဲ ပြောရ ပြောရ ပြောလိုက်ရမှာ . . . အဆင်ပြေရဲ့လား . . . ဘယ်နာသွားသေးလဲ . . . အဲဒါမျိုးလောက်တော့ ပြောလိုက်ရမှာ . . .”

မင်းညိုက အံကြိတ်ကြိတ်ကာ ဆိုသည်။

“ဟ . . . ခြေထောက်နင်းမိတဲ့ကိစ္စကို ဘယ်နာသွားသေးလဲ မေးရင် ဟိုက လည်ပင်းနာသွားတယ်လို့ ရွဲ့ပြီးဖြေသွားမှာပေါ့ကွ . . . ခြေထောက်ကို နင်းမိမှတော့ ခြေထောက်ပဲနာမှာပေါ့”

မင်းညို၏အဆိုကို အောင်မိုးက ခပ်ရွတ်ရွတ်နှိပ်ကွပ်သည်။

“လည်ပင်းတက်နင်းတာ မဟုတ်ဘဲနဲ့ လည်ပင်းနာသွားတယ်လို့လည်း ဘယ်သူကမှ ဖြေမှာမဟုတ်ပါဘူး . . . လောကွတ်စကားဆိုတာ ဒီလိုပဲပြောရတာပဲကွ . . . ဒါလေးတောင် နားမလည်ဘူးလား . . .”

http://www.linhtet.com



"မလည်ဘူးကွာ . . ."

မင်းညိုတို့နှစ်ကောင် စကားနိုင်လုနေကြသည်ကို သူ မကြားတစ်ချက် ကြားတစ်ချက် ဖြစ်ကာနေသည်။

မကြားဆို သူ၏အာရုံတို့က နတ်သမီးလေးနောက်သို့ ကပ်ငြိကာ ပါသွားခဲ့သည်ကိုး။

http://www.linhtet.com

ရန်ကုန်မြို့၏ဘတ်စ်ကားကြီးကို စီးရင်း မင်းညိုတို့နှင့်အတူ သူ သင်တန်းကိုလာဖြစ်သည်။

ပုဆိုးဝတ်နေကျဖြစ်သော သူ့အဖို့ ကျပ်ထုတ်နေသော Skinny ပုံစံ ဘောင်းဘီကိုဝတ်ထားရသည်မှာ သဟဇာတမကျဘဲ ဖြစ်ကာနေသည်။

"အထိုင်အထမှာများ ကွဲထွက်သွားရင် ဒုက္ခ"

ဟု သူတွေးဖြစ်သည်။

"ငါတို့ကောင်က ဘော်ဒီမကစားထားပေမယ့် ကစားထားသလိုပါလား . . . ဘောင်းဘီနဲ့ Fit ဖြစ်နေတယ် . . . ပိန်တဲ့လူဆိုရင် ဒီ

http://www.linhtet.com



ဘောင်းဘီပုံစံနဲ့ သိပ်မလိုက်ဘူး . . . အောင်သိန်းနဲ့ကျ ပြန်တော့လည်း ကြည့်ကောင်း သွားပြန်ရော . . .”

အဆောင်မှထွက်လာစဉ်က ချီးမွမ်းစကားဆိုသော မင်းညို ၏စကားကို ပြန်ကြားယောင်ရင်း ‘ဒီကောင်တွေ ဟုတ်မှဟုတ်ရဲ့လား’ ဟု တွေးမိပြန်သည်။ ဘောင်းဘီကိုကြည့်လိုက်တော့လည်း သူလိုကိုယ်လို ဘောင်းဘီမျိုးတွေနှင့်မို့ သူ နည်းနည်းတော့ စိတ်သက်သာရာရသည်။

စီးနေကျမဟုတ်သော ရှူးဖိနပ်၏ ပူစပ်ပူလောင်ခံစားမှုက သူ့နဖူးကို ချွေးပုံစေသည်။

“အောင်သိန်း . . . ရှေ့မှတ်တိုင်မှာ ဆင်းမယ် . . .”

အနားကပ်ကာဆိုသော အောင်မိုး၏စကားကြောင့် သူ ကိုင်ထားသော လက်ကိုင်ကွင်းကိုလွှတ်ကာ ကားတံခါးပေါက်ဆီအလှည့် . .

မြို့တော်ရန်ကုန်မှ ဘတ်စ်ကားတို့၏ အစဉ်အလာအတိုင်း မီးနီအမိမှာ ကျွီခနဲဘရိတ်ကို ရုတ်တရက်ဆောင့်နင်းမှုကြောင့် သူ ခြေကားယား၊ လက်ကားယားဖြင့် ကားကြမ်းပြင်ပေါ် အုန်းခနဲ လဲကျသည်။

“ဟကောင် . . . ဘယ်လိုဖြစ်တာလဲ . . .”

အောင်မိုးတို့က မီးနီမှာ ကားရပ်သွားပြီမို့ ကားမှလက်ကိုင်ကွင်းကိုလွှတ်ပြီး သူ့ကိုလာထူသည်။

ဘေးဘီမှဝိုင်း၍ကြည့်နေသူများကို ဝေ့ကာကြည့်ရင်း သူ ရှက်သွားရသည်။ ပြီး ရှက်ရှက်ဖြင့် ဖုန်ခါဖြစ်သည်။

“ကား မရပ်မချင်း ကား လက်ကိုင်ကွင်းကို ချစ်သူလက်ဆွဲထားသလိုမျိုး မလွှတ်တမ်းဆွဲမှပေါ့ ငါ့အစ်ကိုရ . . .”

ကားစပယ်ယာ၏ ရွှတ်နောက်နောက်စကားကြောင့် ကားပေါ်မှခရီးသည်တချို့က တခွီးခွီးဖြင့်ရယ်ကြသည်။

သူ မျက်နှာပူပူဖြင့် လက်ကိုင်ကွင်းကိုရော၊ တန်းကိုပါ ကျစ်

http://www.linhtet.com



နေအောင် ဆုပ်ထားဖြစ်သည်။

သူတို့ဆင်းမည့်ကားမှတ်တိုင်ကိုရောက်ချိန်မှာတော့ 'တစ်ခါ သေဖူး ပျဉ်ဖိုးနားလည်' ဆိုသလို လက်ကိုင်တန်းကိုရော၊ ကွင်းကိုပါ သူ မလွှတ်ရဲတော့။ ကား လုံးဝရပ်ပြီဆိုတော့မှ ကမန်းကတန်းလက် ကိုလွှတ်ပြီး အောက်ကိုခပ်သုတ်သုတ် ဆင်းဖြစ်သည်။

"အဆင်ပြေရဲ့လား ငါ့ကောင် . . . မေးမယ့်သာမေးရတယ် . . . အတော်လေး အီဆိမ့်သွားမှာပဲ . . . "

ပြောရင်း မင်းညိုက သူ့အင်္ကျီမှာ ကပ်နေသေးသော လက် ကျန်ဖုန်မှုန့်တို့ကို ခါပေးသည်။

"ငါတို့ကားစီးတဲ့အချိန်က လူချောင်နေလို့ကွ . . . လူကျပ် တဲ့အချိန်ဆို လက်လွှတ်စီးလို့ရတယ် . . . ရဆို ကျပ်ညပ်နေတော့ သူ့ဟာနဲ့သူ ထိန်းပြီးသားဖြစ်နေတာကိုး . . . "

အောင်မိုးက ပခုံးတွန့်ရင်း ဆိုသည်။ ပြီး . . .

"ဘောင်းဘီအသစ် . . . အင်္ကျီအသစ် . . . ဖိနပ်အသစ် ဝတ်တဲ့နေ့မှာ သင်ခန်းစာ အသစ်ရလိုက်တယ်လို့ သဘောထားပေါ့ ကွာ"

ဟု ဆိုသည်။

သုံးကောင်သား စကားတပြောပြောဖြင့် လျှောက်လာကြ ရင်းက သင်တန်းရှေ့မှ ကားဖြူဖြူလေးကို မှီရင်းရပ်နေသော အဖြူ ရောင်အရိပ်တစ်ခုကြောင့် သုံးယောက်စလုံး ခြေလှမ်းတွေရပ်ကာ တစ်ယောက်မျက်နှာကိုတစ်ယောက် ကြည့်ဖြစ်ကြသည်။

တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ဖြစ်သည် ဆိုသည်ထက် သူ့မျက်နှာကို မင်းညိုတို့နှစ်ကောင်က ကြည့်ကြသည်ဆိုက ပို၍ မှန်မည်ထင်သည်။

ကားကိုမှီကာရပ်နေသော အဖြူရောင် အရိပ်မှာ နံနက်က Shopping Mall တွင် သူ ခြေတက်နင်းမိသော နတ်သမီးလေးဖြစ်ကာနေ သည်။

"ပေရယ် . . . လာတော့လေ . . ."

သင်တန်းခန်းမ၏ ပြတင်းပေါက်မှ ခေါင်းထွက်ရင်းခေါ်သံကြောင့် သူမက အသံလာ ရာဆီ တစ်ချက်ကြည့်သည်။

http://www.linhtet.com



ပြီး သင်တန်းခန်းမထဲသို့ ထော့နဲ့ ထော့နဲ့ဖြင့် ဝင်ကာ သွားသည်။

"ဧပရယ် ဆိုပါလား"

ဟု သူ ရေရွတ်မိသည်။

ညာခြေထောက်မှာစည်းထားသော ပတ်တီးဖြူကိုမြင်လိုက် ရသောခဏ သူ ထိုကောင်မလေးကို အတော်ကြီး အားနာသွားရ သည်။

"အောင်သိန်းရေ . . . သာမန်တိုက်ဆိုင်မှုတော့ မဟုတ် တော့ဘူးထင်တယ် . . ."

အောင်မိုး၏စကားကြောင့် . . .

"အာ . . . မင်းကလည်း"

ဟု မလုံမလဲဖြင့် ရေရွတ်ဖြစ်သည်။

သင်တန်းခန်းထဲ သူတို့သုံးယောက် ဝင်သွားသောအခါ မှတ်မိနေသော သူမ၏ တအံ့တဩဖြစ်နေသည့်အကြည့်နှင့် သူ ဆုံ လိုက်ရသည်။

နံနက်ခင်းက ကက်ကက်လန်အောင် ရန်တွေ့သွားသော သူမ၏ သူငယ်ချင်းကတော့ သူတို့သုံးကောင်ကို ကမ္ဘာမကျေသော အနေဖြင့် မျက်စောင်းကို ဒိုင်းခနဲနေအောင် ထိုးသည်။

"သွားပြီး ထပ်တောင်းပန်လိုက်ရင် ကောင်းမယ်ထင်တယ်"

"အာ . . . တော်ကြာ . . . ဘလိုင်းကြီးဝင်ရောတယ် ထင် နေဦးမယ် . . ."

အောင်မိုးနှင့်မင်းညိုတို့၏ ထင်မြင်ချက်တွေ ဆိုနေချိန်မှာ သူ၏ခြေလှမ်းတို့က ဧပရယ်ဆိုသော ကောင်မလေးဆီ ဦးတည်ကာ လှမ်းမိရက်သား ဖြစ်နေပြီဖြစ်သည်။

"ဟကောင် . . ."

http://www.linhtet.com



အံကြိတ်ကာ မချင့်မရဲဖြင့်ဆိုသော အောင်မိုး၏ 'ဟကောင်' ဟူသော စကားကို သူ မကြားတော့။

သူမကတော့ သူမဆီ တည့်တည့်ကြီးလျှောက်လာရင်းက သူမ၏ရှေ့မှာ ခြေစုံရပ်သောသူ့ကို 'ဘာလဲ' ဟူသော စူးစမ်းအကြည့်ဖြင့် ကြည့်သည်။

သူမ၏အကြည့်မှာ ဒေါသရိပ်တို့ကို မတွေ့ရ။ သာမန် ကြည့်ရိုးကြည့်စဉ်လို အမှတ်တမဲ့ကြီးလည်း မဟုတ်။ နူးညံ့မှု၊ နွေးထွေးမှု တို့ ပါဝင်နေသည်ဟုသူ ကဗျာဆန်စွာ တွေးဖြစ်သည်။

"ခင်ဗျား . . . အဟုတ်ကြီးကို နာသွားတာပဲ . . . အားနာလိုက်တာဗျာ . . . ကျုပ် တောင်းပန်ပါတယ် . . . "

"ဒီအဆင်တွေက ရိုး . . . ဟိုး ဟိုး နေပြီ . . . "

ဧပရယ်ဆိုသော သူမက ဘာမှတုံ့ပြန်စကား မဆိုသော်လည်း သူမ၏ဘေးမှ စွာတေးမလေးကတော့ ဓာတ်ရှင်များထဲမှ အတင်းပြောသောဇာတ်ရံတစ်ဦး၏ အမူအရာမျိုးဖြင့် ခပ်ရွဲ့ရွဲ့ဆိုသည်။

"အာ . . . ကျုပ်က အဟုတ်ပြောတာပါ . . . နင်းမိသွားတဲ့အတွက် တကယ့်ကို အားနာလို့ပါ . . . "

"တကယ်အားနာရင်လည်း နောက်ထပ်မနင်းမိအောင် ဝေးဝေးနေ . . . "

"သီတာ . . . တော်တော့ . . . "

သူ၏စကားကို ပြင်းပြင်းထန်ထန်တုံ့ပြန်သော သူငယ်ချင်းဖြစ်သူကို သူမက 'တော်တော့' ဟု ဆိုပြီး သူ့ကို အားတုံ့အားနာကြည့်သည်။

ပြီး . . .

"ရပါတယ် . . . "

ဟု မတိုးမကျယ်ဆိုသည်။

တော် ဝင် မြို့ မ စာ အုပ် တိုက်

http://www.linhtet.com



သီတာဆိုသော သူမ၏သူငယ်ချင်းစွာတေးမလေးကတော့ မကျေမနပ်ဟန်ဖြင့် လက်ထဲမှကိုင်ထား သော စာအုပ်ကို စားပွဲပေါ် ခပ်ကြမ်းကြမ်း ပစ်ချသည်။

သူမကတော့ စားပွဲပေါ်မှ စာရွက်တို့ကို လှန်လှောကြည့်နေသည်မို့ နေရာမှာ သူ ဆက်၍ရှိမနေသင့်တော့ဟု သိလိုက်ရသည်။

သူ့ဘက်က ပကတိရိုးသားစွာ တောင်းပန်လိုက်ခြင်းဖြစ်သော်လည်း သူမတို့၏အမြင်မှာ ဝင်ရောသည်ဟု ထင်ကောင်းထင်နေလိမ့်မည်ထင်သည်။ သင်တန်း၏ထောင့်ရှိ အောင်မိုးတို့ရှိရာ သူ လျှောက်လာရင်း ထိုင်ဖြစ်သည်။

http://www.linhtet.com

ထိုင်ခုံမှာ သူထိုင်ထိုင်ချင်း မင်းညိုက

"ငါ့ကောင်က ထင်သလောက်လည်း မပိန်းပါဘူးကွ . . . ဘာပဲပြောပြော နောက်ဆို ရင် အနည်းဆုံးတော့ မျက်မှန်းတန်းမိပြီးသားပဲ"

ဟု ဆိုသည်။

"ကျုပ်က . . . အဲ . . . ငါက တကယ့် တကယ် အဟုတ်ကြီးကို စိတ်မကောင်းဖြစ်မိလို့ သွားတောင်းပန်တာပါ . . ."

"အေးပါ . . . သိပါတယ် . . မင်းမ ပြောလည်း ငါတို့က မင်းရိုးတာကိုသိပြီးသား . . ဒါနဲ့ ဘေးက ဟိုကောင်မလေးက ကာယကံရှင် ထက် အဖြစ်သည်းနေပါလားကွ . . သူ့ လည်ပင်း

http://www.linhtet.com



ကို အနင်းခံထားရတာ ကျနေတာပဲ . . . စကားပြောပုံကိုက မဲ့ကာရွဲ့ကာနဲ့ . . . ”

အောင်မိုး၏ ‘မဲ့ကာရွဲ့ကာနဲ့’ ဟူသော စကားအဆုံးမှာ မင်းညိုက

“ချစ်စရာလေးပါကွ”

ဟု ရွှတ်နောက်နောက်ဆိုသည်။

ထိုစဉ်မှာပင် သင်တန်းဆရာဝင်လာသည်မို့ စကားစပြတ်သွားကြသည်။

http://www.linhtet.com

သင်တန်းချိန် ပြီးသွားသောအခါ သူတို့ သုံးယောက်သား တမင်နောက်ချန်ပြီး ထွက်ခဲ့ဖြစ်သည်။

ကားဖြူလေးပေါ်တက်ကာ မောင်းထွက်သွားသော သူမတို့ သူငယ်ချင်းနှစ်ယောက်ကိုလိုက်ကြည့်ရင်း ဘာရယ်မဟုတ် သူ သက်ပြင်းကို ချဖြစ်သည်။

"ကားကို ကိုယ်တိုင်မောင်းပြီးမှ သင်တန်းကိုလာတဲ့မိန်းကလေးဆိုလို့ . . . သူတစ်ယောက်ပဲရှိတယ်ကွနော် . . . အတန်းသားတွေအားလုံးရဲ့မျက်လုံးကလည်း သူ့ဆီမှာ စုပြုံပြီးတော့ ရောက်နေကြတယ် . . . အေးလေ . . .

http://www.linhtet.com



ရုပ်ကလေးကလည်း ကြွေရုပ်လေးလို လှတာကိုး . . . ”

အောင်မိုးက သူတစ်ယောက်တည်း ရေရွတ်နေသလိုလိုဖြင့် ဆိုသည်။

“ငါ့ကောင်ကြီး ဘယ်လိုလဲ . . အဲဒီ့ကောင်မလေးကို မခိုက်ဘူးလား . . . ”

မင်းညို၏ ပြုံးစိစိဖြင့်မေးသော အမေးကို သူ မကြားမိလိုက်။

“မကြားလိုက်ဘူးကွ . . . ”

ကားမှတ်တိုင်ဆီလျှောက်လာကြရင်းက သူ ဆိုဖြစ်သည်။

“အဲဒီ့ကောင်မလေးကို မကြိုက်ဘူးလားလို့ မေးတာ . . ”

ဟု အောင်မိုးက ဝင်၍ဆိုသည်။

“မြို့ကြီးသူတွေကို မကြိုက်ရဲပေါင်ဗျာ . . . ”

ခေါင်းခါရင်းဆိုသော သူ့စကားကြောင့် သကောင့်သားနှစ်ကောင်က ပြုံးသည်။ သူကတော့ မလုံမလဲဖြင့် ခေါင်းကိုကုတ်ဖြစ်သည်။

“မကြိုက်ရဲဘူးဆိုတော့ကာ . . . ကြိုက်တော့ကြိုက်တယ် . . . ဆိုတဲ့ သဘောလား . . . ”

မင်းညိုက ရယ်ကျဲကျဲဖြင့် အထအနကောက်ကာဆိုသည်။

“ကျုပ် . . . အဲ . . . ငါ မြို့တက်လာတာက သင်တန်းလေးဘာလေးတက်ရင်း . . . လူရည်လည်အောင်လို့ပါကွ . . . လာရင်းရည်ရွယ်ချက်မှာ အဲဒီ့ကိစ္စတွေ မပါဘူး . . . ”

သူ့အဖြေအဆုံးမှာ အောင်မိုးက . . .

“အေး . . . လာရင်းရည်ရွယ်ချက်မှာတော့ မပါဘူးပေါ့ကွာ . . . ဒါပေမယ့် တချို့ကိစ္စတွေမှာ တစ်ချက်ခုတ်နှစ်ချက်ပြတ်ရင် ပိုကောင်းတာတွေရှိတယ်ကွ . . . ”

ဟု ဆိုသည်။

တော် ဝင် မြို့ မ စာ အုပ် တိုက်

http://www.linhtet.com



“ဒါဖြင့်လည်း မင်းတို့ပဲ ကြိုးစားလိုက်ကြပေါ့ . . . ”

“မပူနဲ့ . . . အောင်သိန်းရေ . . . မင်းမပြောလည်း ငါတို့က ကြိုးစားဦးမှာ . . . ဒါပေမယ့် ငါတို့ကြိုးစားမှာက အဲဒီကောင်မလေးမဟုတ်ဘူး . . . တခြားပစ်မှတ်တွေရှိပြီးသား . . . ရှိပြီးသား”

အောင်မိုးက ပြောရင်းရယ်သည်။ မင်းညိုက . . .

“ငါတို့အတွဲကိုယ်စီရှိချိန်ရောက်မှ ထပြီးအတွဲလိုချင်လို့ မရဘူးနော် . . . ဘယ်ကိစ္စမဆို ကြိုတင်ပြင်ဆင်မှုရှိရတယ် . . . မပြောမရှိနဲ့ . . . ”

ဟု ရယ်ကျဲကျဲဖြင့်ဆိုသည်။ လှည်းတန်းကိုဆိုသော လိုင်းကားတစ်စီးထိုးဆိုက်လာခဲ့သည်မို့ သုံးကောင်သားစကားစဖြတ်ကာ ကားပေါ်အပြေးတစ်ပိုင်းတက်ဖြစ်ကြသည်။ ကားပေါ်ရောက်ချိန်မှာ သူသူမကို သတိမရအားတော့။ သူ့စိတ်ထဲ၌ရှိနေသည်က ကားပေါ် မှာ နောက်တစ်ခေါက်ပစ်လဲမကျရေးဘဲ ဖြစ်သည်။

အချစ်က ပေးသီးမခေါက်ဘူး။
ခေါက်ခဲ့ရင်လည်း ...
အဲဒါ ... အချစ်စစ်မဟုတ်ဘူး။

နောက်ရက်များမှာတော့ သူမနှင့် သင်တန်းမှာ အကြည့်ချင်း တစ်ခါနှစ်ခါဆုံသည် ကလွဲ၍ ရင်းနှီးလာခြင်း ဘာခြင်းမရှိခဲ့။

စာသင်ချိန်မှာ တစ်ခါတလေခိုးကြည့် သော သူ့အကြည့်ကိုမှ မိသွားသူများကတော့ မင်းညိုတို့နှစ်ကောင် ဖြစ်သည်။

အခုလည်း အဆောင်သို့ပြန်လာသော လမ်းမှာ သူ့ကို ဝိုင်းကျပ်နေကြသည်။

"ကဲ . . ဝန်ခံစမ်းပါကွာ . . နည်းနည်း လောက် စိတ်ဝင်စားနေပြီလောက်တော့ လုပ် လိုက် . . ."

"ဟုတ်တယ် . . . စာသင်ချိန်မှာ စာ

http://www.linhtet.com



ကိုအာရုံမရောက်ဘဲ ဧပရယ်ဖြူကို လှမ်းလှမ်းပြီး ရှုံးရတဲ့အကြောင်း က ဘာလဲ . . . ”

အောင်မိုးက တစ်လှည့်၊ မင်းညိုက တစ်လှည့် သူ့ကို ဝိုင်း၍ ကျပ်နေကြသည်မို့ သူ ခေါင်းကို ကုတ်ဖြစ်သည်။

“ဒီလိုပါပဲ . . . အမှတ်တမဲ့ကြည့်ဖြစ်တာပါ . . . ကျုပ် . . အဲ . . . ငါ ကြည့်ဖြစ်တဲ့အချိန်နဲ့ မင်းတို့သတိထားမိတဲ့အချိန် တိုက် သွားလို့ ဖြစ်မှာပါ . . . ”

သူ၏ ဖြေရှင်းချက်စကားကို နှစ်ကောင်စလုံးက ခေါင်းခါကြ သည်။

“မင်း အမှန်အတိုင်းဖြေ . . မင်း သူ့ကို မလိုက်ချင်ဘူးလား”

မင်းညိုက . . .

“အမှန်အတိုင်းဖြေ . . . ”

ဟု ဆိုသည်။

သူ ခပ်သွက်သွက်ပင် ခေါင်းကို ဘယ်ညာရမ်းဖြစ်သည်။

“ကျုပ် ပြောဖူးပါတယ် . . . မြို့ကြီးသူတွေကို မကြိုက်ရဲဘူး လို့ . . . ပြီးတော့ သူက ကားနဲ့၊ ရထားနဲ့လူ . . . ကျုပ်က လိုင်းကား စီးတဲ့လူ . . . အကွာကြီးပါ . . . ”

သူ၏စကားကို အောင်မိုးက . . .

“မဟုတ်သေးဘူး အောင်သိန်းရ . . . တကယ့်အချစ်စစ်မှာ အဲဒါမျိုးတွေ မရှိဘူး . . . နယ်ကလူနဲ့ မြို့သူတွေ ညားကြတာမှ ပုံလို့ . . .

ပြီးတော့ ဆင်းရဲသားနဲ့ သူဌေးသမီး ညားတာဆိုရင် ဘုရား ရှင်လက်ထက်လောကကတည်းက ကိစ္စ . . . အခုမှ မဟုတ်ဘူး . . . ငါ ပြောပြမယ် . . . အချစ်မှာ အဲဒီ့လို နှိုင်းယှဉ်တဲ့ ပေတံမရှိဘူး ကွ . . .

http://www.linhtet.com



ရှင်းရှင်းပြောရရင် အချစ်က ပေသီးမခေါက်ဘူး . . အေး . . . ပေသီးခေါက်ရင်လည်း အဲဒါ အချစ်မဟုတ်ဘူး . . . ဒီတော့ မင်းလည်းပဲ ဧပရယ်ဆိုတဲ့ ဧပရယ်ဖြူကို ချစ်တယ်ဆိုရင် အားနာနေစရာ၊ အားငယ်နေစရာ မလိုဘူး . . . လိုက်သာလိုက် . . . ကြိုက်တာ မကြိုက်တာ သူ့ကဏ္ဍ . . . လိုက်ရမှာက မင်းကိစ္စ . . . ”

အောင်မိုး၏ ဒဿနအရှည်ကြီး၏အဆုံးမှာ မင်းညိုက . .

“မင်းက ကုန်းကောက်စရာမရှိအောင် မွဲနေတာမှ မဟုတ် တာ . . နယ်မှာ ဆန်စက်တွေ၊ ဆီစက်တွေရှိတဲ့သူပဲ . . . ငါတို့က မင်းကို အချွန်နဲ့မ,နေတာ မဟုတ်ဘူး . . . မင်းတို့နှစ်ယောက် လိုက်ဖက်မှုရှိလို့ပြောနေတာ . . .

ဧပရယ်ဖြူကလည်း လှတယ် . . . မင်းကလည်း ရုပ်ဖြောင့်တယ် . . . မင်းတို့နှစ်ယောက်သာ ချစ်သူတွေဖြစ်သွားကြရင် ရှေ့သွားနောက်လိုက်ညီမှာ သေချာတယ် ”

“မင်းတို့နှစ်ကောင်ကလည်း ဇွတ်ကြီးပါလား . . . ငါက မကြိုက်ပါဘူးလို့ဆိုနေ . . . ကြိုက်တယ်ပဲထား . . . ဟိုက ရည်းစားဘာညာရှိချင်ရှိနေမှာ . . . ”

သူက ပြီးပြီးရောအနေဖြင့် ပြောပစ်လိုက်သည်။ ပြောမိလိုက်ကာမှ ပို၍ဆိုးတော့သည်။

အောင်မိုးက . . .

“မင်းပြောချင်တာက . . . ဟိုက ရည်းစားမရှိရင် လိုက်မယ်ပေါ့ . . . ”

“အာ . . . မဟုတ်ပါဘူး . . . ”

သူ ခေါင်းခါရင်း ငြင်းဖြစ်သည်။ ခေါင်းကို ဘယ်ညာရမ်းကာ ငြင်းနေဖြစ်သော်လည်း ညစဉ်အိပ်မက်တွေမှာ သူမ လာတတ်ကြောင်း သူ ငြင်း၍မရပါ။

http://www.linhtet.com



အဲဒီ့အိပ်မက်များမှာ သူမ အမြဲစိုးမိုးသလို သူမ၏သူငယ်ချင်းကလည်း အမြဲပါတတ်သည်ကို ရယ်စရာအဖြစ် သကောင့်သားများကို ပြောပြမနေတော့။

အိပ်မက်များအကြောင်းသာ ပြောပြလိုက်ပါက 'အဲဒါပြောတာပေါ့' ဟု အစချီကာ မဆုံးနိုင်သော တိုက်တွန်းစကားတွေ ကြားရမည်မှာ သေချာသည်။

http://www.linhtet.com



လှေကားအတက်မှာကျနေသော အရာကြောင့် သူ ခြေလှမ်းကို ရပ်ဖြစ်သည်။ သေသေချာချာငုံ့ကြည့်တော့ စိန်လော့ကတ်သီးလေး တစ်ခု။

အတုလား၊ အစစ်လားတော့ မသိ။

"ဘာလေးလဲကွ . . ."

အောင်မိုးက သူ့လက်ကိုလှမ်းကြည့်ရင်း မေးသည်မို့ သူ ဆုပ်ထားသောလက်ကို ဖြေပြဖြစ် သည်။

"အားပါး . . . အတုလား . . အစစ်လားတော့ မသိဘူး . . အတုဆိုရင်တောင် တော်တော်ဈေးကြီးမယ့်အတုပဲကွ . . ."

http://www.linhtet.com



မင်းညိုက လော့ကတ်သီးကို ဟိုလှန်သည်လှော လှပ်ရင်းက ဆိုသည်။

"တုတု၊ စစ်စစ်ပေါ့ကွာ . . . ဒီမှာ ကောက်ရတဲ့ပစ္စည်းဆို တော့ ဒီသင်တန်းနဲ့ပတ်သက်သူတွေထဲက တစ်ယောက်ယောက်ကျခဲ့ တာ ဖြစ်မှာပေါ့ . . . သင်တန်းရုံးခန်းက မန်နေဂျာဆီသွားအပ်လိုက် တာ ကောင်းမယ် . . ."

"အေး . . . အဲဒါလည်း ကောင်းတာပဲ . . ."

သူ့စကားကို အောင်မိုးက ထောက်ခံသည်။ သို့နှင့် သင်တန်း မန်နေဂျာနှင့်ဝင်တွေ့ကာ အကျိုးအကြောင်းပြောပြပြီး အပ်ဖြစ် သည်။ သင်တန်းမန်နေဂျာကလည်း သူတစ်ယောက်တည်း လက်မခံ။ အခြားတာဝန်ရှိသူနှစ်ဦးခန့်ကိုခေါ်ကာ သက်သေအဖြစ် မှတ်တမ်း သဘောဖြင့် ဓာတ်ပုံရိုက်ပြီးမှ လက်ခံသည်။

"ကြော်ငြာသင်ပုန်းမှာ ပစ္စည်းကောက်ရထားတဲ့အကြောင်း ချက်ချင်း ကြော်ငြာကပ်ပေးပါ့မယ် . . . သားတို့လည်း အခန်းထဲ ရောက်ရင် အတန်းဖော်တွေကို ပစ္စည်းတစ်ခုကောက်ရလို့ ရုံးခန်းမှာ အပ်နှံထားတဲ့အကြောင်း ပြောပြလိုက်ဦး . . ."

"ဟုတ်ကဲ့ . . ."

ကိစ္စများပြီးစီးပြီမို့ သုံးယောက်သား ရုံးခန်းထဲမှထွက်ကာ သူတို့၏ သင်တန်းခန်းဆီ လျှောက်လာဖြစ်ခဲ့ကြသည်။

သူတို့သုံးကောင် အခန်းထဲဝင်ဝင်ချင်းမှာပင် ဧပရယ်ဖြူ၊ သီတာနှင့် အခြားကောင်မလေးတစ်ယောက်က သူတို့ရှေ့မှာရပ်ကာ သူတို့ကို ကြည့်သည်။

ပြီး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ . . .

"နင်ပြောလိုက် . . . ငါပြောလိုက် . . ."

ဟူသော ပုံစံမျိုးဖြင့် တစ်ယောက်ပခုံးကို တစ်ယောက်တိုက်

http://www.linhtet.com



နေကြသည်။

အတော်ကြာတော့မှ ဧပရယ်ဖြူ၏ဘေးမှ သီတာကပင် . .

"ဒီမှာ . . . ဧပရယ်ရဲ့စိန်ဆွဲသီးလေး . . . ရှင် ကောက်ရသွားတာကို သူမြင်တယ်တဲ့ . . . "

သီတာက ဘေးမှကောင်မလေးကို လက်ညှိုးထိုးရင်း သူ့ကိုကြည့်ကာ ခပ်မာမာပင်ဆိုသည်။

"အဲဒါ . . . သက်သေလည်းရှိနေပြီဆိုတော့ ဘာမှငြင်းမနေဘဲနဲ့ . . . ပြန်ပေးပါ . . . "

"ဘာဗျ . . . "

သီတာ၏စကားအဆုံးမှာ သူ မျက်နှာတွေပူကာ ဆွံ့အ,နေတုန်း မင်းညိုက ဒေါသတကြီးဖြင့် 'ဘာဗျ' ဟု ထအော်သည်။ သီတာက တစ်ခုခုပြန်အော်မည်ဟု ကြံရွယ်ကာပြင်တုန်း ဧပရယ်ဖြူက သီတာ့ရှေ့မှလက်ကိုကာကာ သီတာ့ကို 'မပြောနဲ့' ဟု တားသည်။ ပြီး . . .

"ဟို . . . လေ . . . ကျွန်မအမေရဲ့ အမွေပစ္စည်းလေးမို့လို့ ကျွန်မနှမြောလို့ပါ . . . ဒီ . . . ဒီလိုလုပ်ပါလားဟင် . . . အဲဒီဆွဲသီးလေးကို ကျွန်မ ကာလတန်ဖိုးနဲ့ ပြန်ရွေးပါ့မယ် . . . "

"စော်ကားလှချည်လားဗျ . . . "

သူမ၏စကားပင်မဆုံးသေး အောင်မိုးက ဒေါကန်ကန်ဖြင့်ဆိုသည်။

"ဘာစော်ကားရမှာလဲ . . . ကာလတန်ဖိုးနဲ့ ပြန်ရွေးပါ့မယ်ဆိုတာတောင် မကျေနပ်သေးဘူးလား . . ဒီမှာ သက်သေရှိတယ် နော် . . . ရုံးခန်းကိုတိုင်ပြီး တစ်ပြားမှမပေးဘဲ ပစ္စည်းကိုပြန်ယူလို့ ရတယ် . . . စကားအရှုပ်အရှင်းတွေ မပြောချင်လို့ . . . နားလည် လား . . . ဘာလဲ . . . ရှင်တို့က ကျွန်မတို့ဈေးနှိမ်မှာစိုးလို့လား"

တော် ဝင် မြို့ မ စာ အုပ် တိုက်

http://www.linhtet.com



"ဟား . . ခင်ဗျားက ပြောလေကဲလေပါလား . . . ခင်ဗျားတို့ ပစ္စည်းကို . . . "

"ဘာလဲ . . . ပြန်မပေးချင်လို့ ကောက်မရပါဘူးဆိုပြီးတော့ လိမ်ချင်တဲ့ သဘောလား . . . သင်တန်းရုံးခန်းကိုတိုင်ပြီး လုံခြုံရေး ခေါ်ပြီးတော့ ခု စစ်ခိုင်းလိုက်ရမလား . . . အရှက်မကွဲချင်ရင် ဘူး ကွယ်ဖို့တော့ မကြိုးစားနဲ့ . . . "

မင်းညိုက စကားပြောမည်ကြံရုံရှိသေး . . သီတာက ကက်ကက်လန်နေအောင် ရန်တွေ့ရင်း ခြိမ်းခြောက်စကားဆိုသည်။

"သွားလိုက်ပါ . . . "

တစ်ချိန်လုံး သူငြိမ်နေခဲ့ရာမှ ခပ်ပြတ်ပြတ်ပင် သူဆိုဖြစ်သည်။ ရှင်းပြခွင့်မရမယ့်အတူတူ ရှင်းပြရန်ခက်ခဲနေမည့်အတူတူ သင်တန်းရုံးခန်းကို သူမတို့ရောက်သွားမှ ရှင်းသွားလိမ့်မည်။

"ဘာ . . . "

သီတာက 'ဘာ' ဟု မျက်မှောင်ကုတ်ကာရေရွတ်သည်။

"ဟကောင် . . . အောင်သိန်း . . . "

ရုတ်တရက် သူ့အတွေးမျိုးကို တွေးမိဟန်မတူသော မင်းညိုက 'ဟကောင်' ဟု ရေရွတ်သည်။ သူမကိုလှမ်းကြည့်တော့ သူမက သူ့ကို 'အထင်သေးသော၊ မယုံနိုင်သော' အကြည့်များဖြင့် ကြည့်ကာနေသည်။

"သွားပစေလေ . . . ရုံးခန်းသွားမှ ရှင်းသွားမယ့်ကိစ္စပဲ"

သူ၏စကားအဆုံးမှာ မင်းညိုက သဘောပေါက်သွားဟန်ဖြင့် . . .

"အေး . . . ဟုတ်တယ် . . . "

ဟု ခပ်ဆတ်ဆတ်ဆိုသည်။

"ရုံးခန်းသွားမလို့ဆို . . . သွားလေ . . . "

http://www.linhtet.com



အောင်မိုးက နေရာမှာတင် ရပ်နေသေးသော သူမတို့သုံးယောက်ကို ခပ်ငေါက်ငေါက်ဆိုသည်။

ပြတ်သွားဟန်တူသော ဆွဲကြိုးပြတ်မျှင်မျှင်လေးကို လက်မှာ တန်းလန်းလန်းဖြင့်ဆုပ်ထားဆဲဖြစ်သော သူမက သူ့ကိုရှုံ့နေဟန်တူ သောမျက်လုံးဖြင့် တစ်ချက်စိုက်ကြည့်ရင်း ချာခနဲလှည့်ထွက်ကာသွား သည်။

ဘာရယ်မဟုတ် . . . သူ့ရင်ထဲမှာတော့ ဟာခနဲ . . . ။ 'အထင်သေးရက်လိုက်တာ ဧပရယ် . . . ရယ်' ဟု . . . ။

"ငါ ဒီနေ့ စာသင်ဖို့ စိတ်မပါတော့ဘူးကွာ . . . အဆောင် ပြန်တော့မယ် . . . "

"အာ . . . နေဦး . . . အောင်သိန်း . . . ပွဲက မပြီးသေး ဘူး . . . ရုံးခန်းကနေ ပြန်လာမယ့် အဲဒီဥစ္စာရှူးတွေကို သူတို့ပြော ခဲ့သလိုမျိုး ပိုးစိုးပက်စက် ပြန်ပြောပြီးမှ ပြန်မယ် . . . "

"ပြောမနေပါနဲ့တော့ မင်းညိုရာ . . . ကျုပ် ရှက်လည်းရှက် တယ် . . . မျက်နှာလည်ပူတယ်ဗျာ . . . ခင်ဗျားတို့ ကျန်ချင်ကျန်ခဲ့ . . . ကျုပ် ပြန်ပြီ . . . "

ပြောပြောဆိုဆိုဖြင့်လှည့်ထွက်ခဲ့သော သူ့နောက်ကို သကောင့် သား နှစ်ကောင်က . . .

"အောင်သိန်း . . . ဟကောင် နေဦး . . . "

ဟု အော်ကာ ဒရောသောပါးဖြင့် လိုက်ပြေးလာကြသည်။ သူ့ရင်ထဲမှာ ရှက်မှု၊ သိမ်ငယ်မှု၊ မွန်းကျပ်မှု စသည်ဖြင့် ခံစားမှုမျိုးစုံ တို့ ရောယှက်ကာ ဆို့နင့်၍နေသည်။

သူ့အာရုံမှာ စွဲထင်နေသည်က အထင်သေးမှုအပြည့်ဖြင့် ကြည့်ကာနေသော သူမ၏ အကြည့်ပဲ ဖြစ်သည်။

သြော် . . . မွန်းလည်းမွန်းကျပ်ပါဘိ။

http://www.linhtet.com

"အောင်သိန်းရေ . . . ဧည့်သည် . ."

အဆောင်ပိုင်ရှင်၏ အော်သံကြောင့် စိတ်ထဲမှာ ထူးဆန်းသွားသည်။ သူများ နားကြားလွဲလေသလားဟု။

"အောင်သိန်းရေ . . . ဧည့်သည်ဟေ့"

ဒုတိယမ္ပိအော်သံကြောင့် သူ နားကြားမမှားဟု သိလိုက်ရသည်။ အခန်းထဲမှအထွက် အခန်းတံခါးသော့ခတ်ရင်း 'ဘယ်သူများပါလိမ့်' ဟု တွေးမိသည်။ အပြင်သို့ ခဏထွက်သွားသော မင်းညိုနှင့် အောင်မိုးမှာ နောက်နေသည်လားဟု တွေးရင်း ဧည့်ခန်းအရောက်မှာတော့ လှမ်းလက် စ သူ့ခြေလှမ်းတို့ ရပ်တန့်ကာသွားသည်။

ဧည့်ခန်းဟုဆိုရရုံ အဆောင်၏ အခန်း

http://www.linhtet.com



ကျဉ်းလေးမှာ ဧပရယ်ဖြူနှင့် သူမ၏သူငယ်ချင်းသီတာတို့က ထိုင်စောင့်နေကြသည်။

သူ့ကိုမြင်သည်နှင့် အဆောင်ပိုင်ရှင်က 'လာပြီ' ဟု ဆိုသည်။ ဧပရယ်ဖြူတို့နှစ်ယောက်က သူ့ကိုမြင်သည်နှင့် ထိုင်ရာမှထရပ်သည်။

"တောင်းပန်ချင်လို့ . . . ရုံးခန်းမှာလိပ်စာမေးပြီး လိုက်လာခဲ့တာ"

သူမက လက်နှစ်ဖက်ကိုပွတ်ရင်း ဆိုသည်။

"ဟိုလေ . . . ပြောမိဆိုမိတာတွေအတွက် တကယ်ကို တောင်းပန်တယ် သိလား . . . "

သီတာက သူ့ကိုပင် ရဲရဲမကြည့်ဘဲ မျက်နှာကိုလွှဲရင်းက ဆိုသည်။

"ရပါတယ်ဗျာ . . . နောက်ရက်ကြုံတော့မှပြောလည်း ရရဲ့သားနဲ့ . . . မပြောလည်း ကိစ္စမရှိပါဘူး . . . ကျုပ် . . . အဲ . . . ကျွန်တော်က စိတ်မဆိုးတတ်ပါဘူး . . . "

"ဒါဖြင့် မနေ့က သီတာပြောတာတွေကို စိတ်မဆိုးဘူးပေါ့ . . . ဒီလောက် ပိုးစိုးပက်စက်ကြီးပြောမိတဲ့ဥစ္စာကို . . . သင်တန်းက လူတွေက သီတာ့ကို ကွယ်ရာမှာ ဟားနေကြမှာပဲ . . . အဖြစ်အပျက်အမှန်ကို မသိဘဲနဲ့ စွတ်ပြောလို့လေ . . . ကိုအောင်သိန်းက တော်တော်သည်းခံနိုင်တာပဲ . . တကယ့်တကယ်ကြီးကို စိတ်မဆိုးဘူးပေါ့"

သီတာက အားနာနေဟန်ဖြင့် ခေါင်းကိုကုတ်ရင်းမေးသည်။

"တကယ်ကို စိတ်မဆိုးတာပါ . . . အဲ . . . ဒါပေမယ့် စိတ်မကောင်းတော့ ဖြစ်သွားတယ်ဗျ . . . "

သူ့စကားကြောင့် သူမတို့နှစ်ယောက်စလုံးက အားတုံ့အားနာဟန်များဖြင့် သူမတို့အချင်းချင်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်သည်။

**တော် ဝင် မြို့ မ စာ အုပ် တိုက်**

http://www.linhtet.com



"ဒီမှာက ယောက်ျားလေးဆောင်ဆိုတော့လေ . . . တစ်နေရာရာမှာ အအေးသောက်ရင်းဖြစ်ဖြစ် . . . ပြောကြရင်ကောင်းမယ်ထင်တယ် . . ."

သူမက သူ့ကိုကြည့်ရင်းဆိုသောစကားကြောင့် 'ဟုတ်တာ ပေါ့' ဟူသော အသိက သူ့ခေါင်းထဲကို ဖျတ်ခနဲလင်းသည်။

"ဟုတ်သားပဲဗျ . . လာလေ . . . လမ်းထိပ်က Mr. Brown ကိုသွားကြတာပေါ့ . . ."

ပြောပြောဆိုဆို ရှေ့မှဦးဆောင်ထွက်ခဲ့ရင်းက . . .

"ဘာများ ပြောစရာကျန်သေးလို့လဲ . . . တောင်းပန်ပြီးပြီ ပဲ . . . ရပြီပေါ့ . . ."

ဟု တွေးမိသည်။ တိုက်အောက်ကိုဆင်းဆင်းချင်းမှာ အပြင်မှပြန်လာသော 'မင်းညို' တို့နှစ်ကောင်နှင့်ဆုံသည်။

သကောင့်သားနှစ်ကောင်က သူနှင့်သူမတို့အတူ ဆင်းလာကြသည်ကို နားမလည်ဟန်ဖြင့် ပြူးတိပြူးကြောင် ကြည့်နေကြသည်။

"မနေ့က ကိစ္စကို လာတောင်းပန်တာတဲ့ . . ."

သူကပင် ခပ်သွက်သွက်ဆိုဖြစ်သည်။

"အခု . . . Mr.Brown ကို သွားမလို့ . . . လိုက်ခဲ့ပါလား"

"အေး . . . လိုက်တာပေါ့ . . . ပြောစရာစကားတွေက လည်းရှိတော့ . . ."

အောင်မိုးက သီတာ့ကို ခပ်စူးစူးကြည့်ရင်းက ဆိုသည်။ သီတာက သူမအပြစ်နှင့်သူမမို့ နှုတ်ခမ်းကိုကိုက်ရင်း မနေတတ်မထိုင်တတ်ဖြစ်ကာသွားသည်။

အားလုံးလမ်းထိပ်သို့ ချီတက်ခဲ့ကြသော်လည်း အတွေးကိုယ်စီနှင့်မို့ ဘာစကားမှ မဆိုဖြစ်ကြ။

သူမ စားပွဲပေါ်တင်လိုက်သော စက္ကူလက်ဆွဲအိတ်ကို သူတို့သုံးယောက်သား ဘာရယ်မဟုတ် ကြည့်ဖြစ်သည်။

"ဟို . . . တစ်မျိုးတော့ မထင်နဲ့နော် . . . ဘာဝယ်ပေးရမှန်းလည်း မသိတာနဲ့ပဲ"

သူမက အားတုံ့အားနာဟန်ဖြင့် ဆို သည်။

"ကျေးဇူးဆပ်တယ်လို့ပဲ သဘောထား ပေးပါ . . ဒီပစ္စည်းလေးက ဘယ်လိုမှ တန်ဖိုးဖြတ်လို့မရတဲ့ပစ္စည်း ဖြစ်နေလို့ . . . ကျွန်မ ကို အောင်သိန်းကို အရမ်းပဲ ကျေးဇူးတင်ပါတယ် . . . ဒါလေးကို လက်ခံပေးပါနော် . . . "

သူ့ရှေ့ကို တွန်းလာသောစက္ကူအိတ်ကို

http://www.linhtet.com



သူ ထိပင်မထိမိ။ စိတ်မြန်လက်မြန်ရှိသော မင်းညိုကလှမ်းယူ၍ ဖွင့်ကြည့်ရန်ပြင်သည်မို့ သူ မင်းညိုလက်ကို တားသည့်အနေဖြင့် ကာဖြစ်သည်။

စက္ကူအိတ်ကို ယူကြည့်ရန်ပြင်သော မင်းညို၏လက်တို့က လေထဲမှာပင် ရပ်တန့်ကာသွားသည်။

"ကျုပ် . . . အဲ . . . ကျွန်တော် လက်မခံပါရစေနဲ့ . . . ဘာပစ္စည်းပေးထားတယ်ဆိုတာ မသိပေမယ့် . . . အဲဒီ့အတွက် ကျေးဇူးတင်ပါတယ် . . . ပြန်ယူသွားလိုက်ပါ . . . "

စက္ကူအိတ်ကို ပြန်တွန်းပေးရင်းကဆိုသော သူ့စကားကြောင့် သူမ မျက်နှာပျက်ကာသွားသည်။

"ဘယ်ဟုတ်မလဲ . . . ဘာမှ ကျေးဇူးမတုံ့ပြန်လိုက်ရရင် . . . ကျွန်မ . . . ဘယ်စိတ်ကောင်းပါ့မလဲ . . . "

"ဟုတ်ပါတယ်ရှင် . . . လက်ခံလိုက်ပါ . . . "

သီတာ့စကားအဆုံးမှာ သီတာကပါ ဝင်၍ဆိုသည်။ အောင်မိုးနှင့်မင်းညိုကလည်း လက်ခံလိုက်ဟူသော သဘောဖြင့် မသိမသာမျက်စပစ်ပြသည်။

"လက်မခံပါရစေနဲ့ဗျာ . . . ကျေးဇူးတင်ခံချင်လို့ လုပ်လိုက်တာမှမဟုတ်တာပဲဗျာ . . . ပိုင်ရှင်နဲ့ပစ္စည်းတွေ့သွားတယ်ဆိုရင်ပဲ ကျွန်တော် ကျေနပ်လှပါပြီ . . . ကျွန်တော့်ကို အထင်မသေးဘူးဆိုရင် . . . ဒါကို ပြန်ယူသွားပါ . . . "

သူ၏စကားအဆုံးမှာ သူမက ဝေခွဲရခက်သောပုံစံဖြင့် သီတာ့ကိုကြည့်သည်။ သီတာကလည်း မပြောတတ်ဘူးဆိုသောပုံစံ ဖြင့် မသိမသာဖြင့်ပင် ပခုံးတွန့်ပြသည်။

"ဒါဆိုရင်လည်း ဇွတ်မပေးတော့ပါဘူး . . ဒါပေမယ့် စိတ်တော့မကောင်းဘူး . . . အကြွေးတင်သွားသလို ခံစားရတယ် . . . "

သူမက တကယ့်ကိုစိတ်မကောင်းဖြစ်သွားဟန်ဖြင့်ဆိုသည်။

"အာ . . . အကြွေးမတင်ပါဘူး . . . ဒီကောင်ကလည်း မဇေပရယ်ဖြူကို ဆပ်ရမယ့်အကြွေး ရှိတယ်လေဗျာ . . ."

မင်းညို၏ရယ်ကျဲကျဲအဆိုကြောင့် 'ဘာများလဲ' ဟူသော သဘောဖြင့် သူမတို့က မင်းညို၏ဆက်မည့်စကားကို နားစွင့်သည်။

"ရှေ့တစ်လောက မဇေပရယ်ဖြူရဲ့ ခြေထောက်ကို ဒီကောင် တက်နင်းထားတဲ့အကြွေးရှိတယ်လေ . . . ဒီတော့ အကြွေးချင်းအကြွေး ချေလိုက်တော့ . . ."

မင်းညို၏စကားအဆုံးမှာ သီတာက 'ဒုက္ခပဲ' ဟုဆိုရင်း ခေါင်းကို ကုတ်သည်။ ဇေပရယ်က . . .

"ဘာဖြစ်လို့တုံး . . ."

ဟု အမေးရှိသည်။

"ဇေပရယ်တို့နှစ်ယောက်က အကြွေးရှိသူအချင်းချင်း သင်ပုန်းချေလိုက်တော့ ဒီပွဲမှာ သီတာက လူဆိုးဖြစ်ပြီ . . . ဇေပရယ့် ခြေထောက်အနင်းခံရတော့လည်း သီတာက ဝင်ပြီးလူကြမ်းလုပ်ထားသလို . . လော့ကတ်သီးကိစ္စမှာလည်း သီတာကပဲ ပွဲကြမ်းထားတာ မဟုတ်လား . . . ဒီတော့ သီတာက ကိုအောင်သိန်းအပေါ်မှာ ကြွေးတင်ကုန်ပြီပေါ့ . . ."

ပြောရင်း သီတာက ဟက်ခနဲရယ်သည်။

"ဒါဆိုရင်တော့ သီတာ့အကြွေးကျေအောင် အဲဒီ့စက္ကူထုပ်လေးကို လက်ခံထားလိုက်မှနဲ့တူတယ် . . ."

ဟု အောင်မိုးက ဆိုသည်မို့ အားလုံးရယ်ဖြစ်ကြသည်။

လူငယ်များမို့ ဟိုလျှောက်နောက်လိုက်၊ ဒီလျှောက်စလိုက်နှင့် တစ်ခဏအတွင်းမှာ အစကထက် အနည်းငယ်ပို၍ရင်းနှီးသွားခဲ့ကြသည်ကတော့ အမှန်ပဲဖြစ်သည်။

http://www.linhtet.com

နောက်ပိုင်းများမှာ Cafe အတူတူထိုင်ကြရင်း၊ ရုပ်ရှင်အတူ ကြည့်ကြရင်းဖြင့် သူမတို့နှစ်ယောက်နှင့်သူတို့သုံးယောက် ပို၍ရင်းနှီးလာကြသည်။

နယ်မှတက်လာတာချင်း တူသော်လည်း အစစအရာရာမှာ ရိုးအ,သော သူ့ကို အားလုံးက အခုတ်တရ စနောက်ကြသည်။

ကျုပ်က ကျုပ်ကဖြင့် အမှတ်တမဲ့ သူ ပြောပြောဖြစ်သည်ကို လိုက်တုပကာ စနောက် ရင်းက သူမတို့နှစ်ဦးပင် စကားပြောလျှင် တ ကျုပ်ကျုပ်နှင့် ဖြစ်ကာနေသည်။

"ကိုအောင်သိန်း . . . အခုတစ်လော

http://www.linhtet.com



တော့်ကိုကြည့်ရတာ သိပ်နေမကောင်းသလိုပဲတော် . . . ဘာဖြစ်နေတာတုံးတော့ . . . ကျုပ်ကို ပြောပါဦး . . . ”

ပြုံးဖြီးဖြီးကြီးနှင့် သီတာက သူ့ကိုရှုတ်နောက်နောက်ဆိုသည်ကို အားလုံးက . . .

“တူလာပြီ တူလာပြီ . . . ဒီတစ်ခေါက် ဒီကောင်ရွာပြန်ရင် လိုက်လည်လို့ရပြီ . . . ”

ဟု တစ်ယောက်တစ်ပေါက် ဝိုင်း၍ဆိုကြသည်။

“ဘာမှမဖြစ်ပါဘူး . . . ”

ဟု သူ ခေါင်းကုတ်ရင်း ရှက်အမ်းအမ်းဖြင့်ဆိုဖြစ်သည်။

“တော်တစ်ခုခုတော့ ဖြစ်နေပါတယ် ကိုအောင်သိန်းရယ် . . . ပွင့်ပွင့်လင်းလင်း ကျုပ်တို့ကို ပြောပြစမ်းပါတော် . . . ”

ဧပရယ်ကပါ ရယ်ချင်ပက်ကျိဖြင့် ဝင်ကာဆိုသည်မို့ သူ ဟက်ခနဲရယ်ဖြစ်သည်။ သူမ၏ ‘ကျုပ်’ က ချစ်စရာတော့လည်း ကောင်းသား။

သူမကို သီတာတို့က ‘တူလာပြီ တူလာပြီ’ ဟု ဝိုင်း၍နောက်ကြသည်။ အောင်မိုးကလည်း . . .

“ဟုတ်သားပဲ . . . ကိုရင်အောင်သိန်းရ . . . ကျုပ်တို့ကိုမှ ခင်ဗျားရဲ့ အခြေအနေကို မပြောရင် ဘယ်သူ့ကိုသွားပြောမလဲ . . . ကဲ . . . ပြော . . . ခင်ဗျား . . . ဘယ်လိုဝေဒနာတွေ ခံစားနေရ တုံး . . . ”

ဟု ဆိုသည်။

“သွေးအားနည်းနေတယ်နဲ့တူတယ် . . . ခေါင်းမူးမူးနေ တယ် . . . ”

ခေါင်းတစ်ချက်ပွတ်ရင်းဆိုသော သူ့စကားအဆုံးမှာ မင်းညို က . . .

တော် ဝင် မြို့ မ စာ အုပ် တိုက်

"သွေးအားနည်းတာများ ကိုရင်ရယ် . . . ( . . . . ) ကိုသာဝယ်သောက် . . . ချက်ချင်းအားပြည့်လန်းဆန်းလာလိမ့်မယ်"

ဟု ဆိုသည်။

မင်းညို၏စကားကြောင့် အားလုံးကပြုံးစိစိဖြစ်သွားသည်ကို လူရိုးဖြစ်သောသူက သတိမထားမိ။ မင်းညိုပြောသောဆေးမှာ ကိုယ်ဝန်ဆောင်သည်များ သောက်သော ကိုယ်ဝန်ဆောင်အားဆေးမှန်း သူမသိ။ နောက်နေမှန်းမသိဘဲ စိတ်ရင်းဖြင့်ပြောနေသည်ဟုသာ ထင်နေသည်။ ထို့ကြောင့် . . .

"အဲဒီဆေးက ဝယ်ရလွယ်လား . . . "

ဟု မေးဖြစ်သည်။ သူ၏အမေးကြောင့် အားလုံးက သူ့ကို တအံ့တသြဖြင့် ဝိုင်းကြည့်ကြသည်။ ပြန်၍နောက်နေသည်ဟု အထင်ဖြင့် ကြည့်ကြခြင်းဖြစ်သည်။ ရုပ်တည်ကြီးနှင့်အမှန်အကန်ပြောနေ မှန်းသိသောအခါ သီတာက . . .

"ကိုအောင်သိန်း . . . အဲဒီဆေးကို တကယ်မသိဘူးလား"

ဟု မေးသည်။

"ဟင့်အင်း . . . မသိဘူးဗျ . . . ဒါနဲ့ မသီတာတို့ အဲဒီဆေးကို သောက်နေကျလား . . . သောက်တာ ကြာပြီလား . . . "

"ရှင် . . . "

သူ၏ တုံ့ပြန်အမေးကြောင့် သီတာ မျက်နှာကြီးနီမြန်းကာ သွားသလို ဇေရယ့်မျက်နှာသည်လည်း ထိုနည်းလည်းကောင်း နီရဲကာသွားသည်ကို အင်မတန်ရိုး၊ အင်မတန်အ,သော သူက ထိုဆေးကို ကိုယ်ဝန်ဆောင်အားဆေးမှန်း အခုထိ မသိ။ လုံးလုံးမရိပ်မိ။

"ကိုမင်းညိုတို့သောက်နေကျလေ အဲဒီဆေးက . . . တော် မသိဘူးလား . . . "

ဇေရယ်က ခပ်တည်တည်ပင် မင်းညိုတို့ဘက်သို့ ဘော်လီ

http://www.linhtet.com



ဘောပုတ်သည်။ မင်းညိုတို့နှစ်ကောင်ကတော့ ဧပရယ့်စကားကြောင့် မချိုမချဥ်ကြီးတွေဖြစ်သွားကြသည်။ ထုံးစံအတိုင်း သူကတော့ မရိပ်မိသေး။

"ဟုတ်လား . . . မင်းညို အဲဒီ့ဆေးက မင်းသောက်နေကျလား . . ."

"အေး . . ."

အီလည်လည်မျက်နှာကြီးနှင့် 'အေး' ဟုဆိုသော မင်းညို၏ အဖြေကြောင့် ဧပရယ်တို့က တခွီးခွီးဖြင့် အောင့်မထားနိုင်ဘဲ ရယ်ကြသည်။

"ဘာရယ်နေတာလဲ . . ."

ရုတ်တရက်ကြီးထကာရယ်ကြသည်မို့ သူ အူလည်လည်ဖြင့် မေးဖြစ်သည်။ အောင်မိုးက ရယ်နေရာမှ . . .

"ဒီလောက်ထိ အားအပြည့်မြန်တဲ့အားဆေးကို မင်းမသိလို့ ရယ်ကြတာပါ . . . ငါတို့လို ယောကျ်ားတွေအတွက် အဲဒီ့အားဆေးက မရှိမဖြစ်ပဲ . . ဒါပေမယ့် မိန်းကလေးတွေအတွက်လည်း ဆောင်ထားရမယ့် ဆေးပဲ . . . ဟုတ်တယ်မဟုတ်လား . . . သီတာ . . ."

အောင်မိုး၏အမေးကြောင့် သီတာက အီလည်လည်ကြီးဖြစ်ကာသွားသည်။ သို့သော် သူရိပ်မိသွားမှာစိုးသည်မို့ ချက်ချင်းပင် ဣန္ဒြေပြန်ဆယ်ကာ . . .

"ဘယ်အချိန်ထဝယ်ဝယ် . . . ဝယ်လို့ရတဲ့ဆေးကို ကျုပ်က ဆောင်ထားစရာလား . . ."

ဟု ပြန်၍ဆိုသည်။

"သူက တစ်နေ့ ဘယ်နှလုံးသောက်ရတာတုံး . . ."

စိတ်ဝင်တစားဖြင့်မေးသော သူ့အမေးကြောင့် အားလုံးက ရယ်ချင်ပက်ကျိအမူအရာများဖြင့် ပြုံးဖြီးဖြီးကြီးတွေဖြစ်သွားကြသည်။

တော်ဝင် မြို့ မ စာ အုပ် တိုက်

http://www.linhtet.com



"တစ်နေ့တစ်လုံးဆို ရပါတယ် . . . ဟုတ်တယ်မဟုတ်လား သီတာ . . ."

မင်းညိုက ပြောင်စပ်စပ်ဖြင့် သီတာ့ကိုမေးသည်။ သီတာ က မျက်နှာကြီး နီသွားပြီးမှ . . .

"နင်ကလည်း ကိုယ်သောက်နေကျဆေးကိုတောင် တစ်နေ့ ဘယ်နှလုံးသောက်ရမှန်း မသိတော့ဘူးလား . . ."

ဟု ခပ်တည်တည်ဖြင့် ပြန်၍ဆိုသည်။

ထိုအချိန်မှာပင် ဧပရယ်၏ဖုန်းမြည်လာသည်မို့ အားလုံး စကားအဆက်ပြတ်ကာသွားသည်။

"ငါပြန်တော့မယ် . . . အိမ်က ကားလိုလို့တဲ့ . . ."

ဖုန်းကိုပိတ်ရင်းဆိုကာ ဧပရယ်က စားပွဲပေါ်မှာချထား သောအိတ်ကို ကောက်လွယ်သည်။ ပြီး . . .

"အားလုံးသွားပြီ . . . တာ့တာ . . ."

ဟု ဆိုသည်။ သီတာက . . .

"အဲဒီ့ဆေး ဝယ်သောက်ဖြစ်အောင် ဝယ်သောက်နော် . . . ဆေးနာမည်က (. . . . .) နော် . . . မမေ့နဲ့ဦး . . ."

ဟု ပြုံးစိစိဖြင့် သူ့ကိုလှမ်းပြောသည်။

"အေးပါ . . ."

သူကတော့ ဘုမသိ ဘမသိဖြင့် 'အေးပါ' ဟု ဆိုဖြစ်သည်။

"ဂွပ် . . ."

သင်တန်းချိန်အပြီး အအေးဆိုင်ထိုင် ထိုင်ချင်းမှာ စားပွဲခုံပေါ် 'ဂွပ်' ခနဲ သူ တင်လိုက်သောဆေးပုလင်းကိုကြည့်ပြီး သီတာတို့ နှစ်ယောက်ရော၊ မင်းညိုတို့နှစ်ကောင်ပါ မျက်လုံးတွေပြူးသွားကြသည်။

"မင်းတို့ပြောတာ ဒီဆေးမဟုတ်လား"

ကိုယ်ဝန်ဆောင်အားဆေးပုလင်းကို မေးငေါ့ရင်းဆိုသော သူ့အမေးအဆုံးမှာ အောင် မိုးက မျက်လုံးကြီးပြူးပြီး . . .

"မင်း . . . မင်း ဘယ်တုန်းက ဝယ်လိုက်တာတုံး . . ."

ဟု မေးသည်။

http://www.linhtet.com



“မနေ့ညနေခင်းက မင်းတို့နှစ်ကောင် အိပ်နေတုန်း သွား ဝယ်လာတာ . . . ဘယ်အချိန်တုန်းက ဝယ်ထားထားပါ . . . အဲဒါ အသာထား . . . မင်းတို့အားအပြည့်မြန်တယ်ဆိုပြီး ဝယ်ခိုင်းတဲ့ အား ဆေးမှန်တယ်မဟုတ်လား . . . ”

သူ၏အမေးကို မင်းညိုက . . .

“အစစ်ပေါ့ကွာ”

ဟု မချင့်မရဲဖြင့် ဆိုသည်။ ပြီး . . .

“ဘာကိစ္စ တစ်ပုလင်းလုံးဝယ်လာရတာတုံး . . . ”

ဟု မျက်နှာပျက်ပျက်ဖြင့် ဆိုသည်။

ဧပရယ်တို့ကပါ . . . .

“ဟုတ်ပါ့ဟယ် . . . ”

ဟု ဆိုရင်း ‘ဘယ်လိုလုပ်ကြမလဲ’ ဟူသောသဘောဖြင့် တစ် ယောက်ကိုတစ်ယောက် မျက်စပစ်ပြနေသည်ကို သူ မမြင်ချင်ယောင် ဆောင်နေလိုက်သည်။ ပြီး . . .

“ကဲ . . . ဒီဆေးကို ဘာကြောင့် ငါက ပုလင်းလိုက်ဝယ်လာ တာလဲ ဆိုတော့ မင်းတို့လေးယောက်စလုံးကိုပါ တိုက်ချင်လို့ . . . ဆေးအလှူလုပ်ရအောင်လို့ ဝယ်လာတာ . . . ”

“ဘာ . . . ”

သူ့စကားအဆုံးမှာ အားလုံးက ‘ဘာ’ ဟု ရေရွတ်ကြသည်။ ဧပရယ်တို့နှစ်ယောက်က ယောင်ရမ်းပြီး ပါးစပ်ကိုလက်ဖြင့်ပိတ်ကြ သည်။

“ကဲ ကဲ . . . တစ်ယောက်ပြီးတော့ တစ်ယောက် သောက် ကြပေါ့ . . ကဲ မင်းညို . . . မင်းက ဒီအားဆေးကို စညွှန်းတဲ့လူဆို တော့ . . . မင်းကို ကျေးဇူးအရင်ဆပ်ရမယ် . . . ကဲ ရော့ သောက် . . . ဒီမှာ ဆေး . . . ဒီမှာရေ . . . ”

http://www.linhtet.com



ပြောပြောဆိုဆိုဖြင့် အူကြောင်ကြောင်ဖြင့် သူ့ကိုကြည့်နေသော မင်းညို၏လက်ထဲကို ဆေးတစ်လုံးဇွတ်ထည့်ကာ ရေပုလင်း ကိုင်၏ရှေ့သို့ 'ဂွပ်' ခနဲ ချပေးလိုက်သည်။ မင်းညိုက 'အင်းအဲ' ဖြင့် လုပ်ကာနေသည်။

"ဘာလဲ . . . တစ်လုံးတည်းနည်းလို့လား . . . ရော့ နှစ်လုံးသောက် . . . သောက်ပါ . . . အားမနာနဲ့ . . . မင်းအလှည့်ပြီးရင် ဟိုကောင် အောင်မိုးရဲ့အလှည့် . . . ပြီးရင် ဒီဘက်က သီတာတို့ကိုလည်း တိုက်ရဦးမယ် . . ."

မင်းညို၏လက်ထဲ နောက်ထပ်ဆေးတစ်လုံး ထပ်ထည့်ရင်းဆိုသော သူ၏စကားကြောင့် မင်းညို၏မျက်နှာက ပျက်၍လာသည်။

"ဟိုလေ အောင်သိန်း . . ."

"ဘာ အောင်သိန်းလဲ . . . သောက်လေ . . . သောက်နေကျ ဆေးဆို . . ."

သူ၏စကားကြောင့် မင်းညိုက ခေါင်းကိုကုတ်သည်။ ပြီး. .

"မင်းကလည်းကွာ . . . မပြောမဆိုနဲ့ ဝယ်လိုက်တယ်"

ဟု ဆိုသည်။

"အေး . . ဝယ်တယ်လေ . . . မင်းတို့ပဲ ဒီဆေးကို အားလုံးဝိုင်းညွှန်းကြတာ မဟုတ်လား . . . ဝယ်ရုံတင်ဘယ်ကမလဲ . . အမြန်အားရှိအောင်ဆိုပြီး အဲဒီ့ဆေးဆိုင်က ဆေးရောင်းတဲ့အရောင်းစာရေးမကို ရေခပ်ခိုင်းပြီး သူတို့ရှေ့မှာတင် တစ်ခါတည်း သောက်ခဲ့တယ်"

"ဘာ . . ."

"ဘုရားရေ . . ."

သူ့စကားကြောင့် သကောင့်သားနှစ်ကောင်နှင့် ဧပရယ်တို့နှစ်ယောက်ထံမှ အာမေဋိတ်သံတွေ ထွက်ကာလာသည်။ အားလုံးက ရယ်ရတော့မလို၊ ငိုရတော့မလိုဖြင့် သူ့ကိုကြည့်နေကြသည်။

http://www.linhtet.com



"တောက် . . . မင်းတို့ကွာ နောက်စရာမရှိ နောက်စရာရှား လို့ ငါ့မှာ ခပ်တည်တည်နဲ့ ကိုယ်ဝန်ဆောင်အားဆေးတွေသောက်ပြီး အရှုံးကိုဖြစ်လို့ . . . "

"ဟေ . . . ကိုယ်ဝန်ဆောင်ဆေးမှန်းသိပြီပေါ့ . . . ဘယ်လို လုပ် သိတာတုန်း . . . "

အောင်မိုးက ရယ်ဖြဲဖြဲဖြင့် ခွီးခနဲရယ်ရင်းက မေးသည်။

"ဘယ်လိုသိရမှာတုံး . . . သောက်ပြီးမှ သိတာပေါ့ကွ"

သူ့စကားကြောင့်အားလုံးက တခွီးခွီးတွေ ရယ်ကုန်ကြသည်။ သူကတော့ မျက်နှာကြီးနီကာ ရှက်ရှက်ဖြင့် လိုက်ပဲရယ်ရတော့မလို၊ ငိုရတော့မလို ဖြစ်နေရသည်။

"လုပ်စမ်းပါဦး . . . မင်း သိရပုံလေးကို . . . "

မင်းညိုက တခွီးခွီးရယ်ရင်းက သူ့ကို ဆိုသည်။

"အေးပါ . . . ပြောပြမှာပါ . . . သေချင်းဆိုးရ . . . ခွေး ကောင်ရ . . . "

စိတ်တိုတိုဖြင့် ဆဲရေးသောသူ့စကားကို စိတ်မဆိုးသည့်အ ပြင် သကောင့်သားက တခွီးခွီးဖြင့် ရယ်ပြန်သည်။

"ကဲ . . . ပြောမှာသာ ပြော . . . ဒီက သိချင်လှပြီ"

သီတာက အရယ်တစ်ဝက်ဖြင့် ဆိုသည်။

"သိချင်လှပြီ ဆိုတာထက် . . . ရယ်ချင်လှပြီလို့ပဲ ပြော လိုက်ပါတော့ . . . အဖြစ်က ဒီလို . . . "

"ဒီလိုကွ . . . မနေ့ညနေခင်းက မင်းတို့နှစ်ကောင်ကလည်း အိပ်နေတော့ ငါလည်း မင်း တို့ကို နှိုးရမှာအားနာတာနဲ့ . . . ဆေးဆိုင်ကို ငါ့တစ်ယောက်တည်း သွားတယ် . . ."

"ငါတို့ကို နှိုးရောပေါ့ကွာ . . . နှိုးရင် . . ဒီဆေး ဘယ်ဝယ်ဖြစ်မလဲ . . ."

သူ့စကားအဆုံးမှာ မင်းညိုက ဆိုသည်။ အောင်မိုးက . . .

"ဆေးဆိုင်ရောက်ပြီးတော့ ဝယ်ခဲ့ရော လား . . ."

ဟု စကားကို ထောက်သည်။

"အေးပေါ့ကွ . . . ဒီဆေးကို ငါက

http://www.linhtet.com



လည်း ကိုယ်ဝန်ဆောင်အားဆေးမှန်း မသိဘူး . . . မင်းတို့ကလည်း ပြောထားတယ် မဟုတ်လား . . . ဈေးဝယ်ရင် ရွာသားစတိုင်လ်နဲ့ ရှိုးတိုးရှန့်တန့် လုပ်မနေနဲ့ . . . ကိုယ်လိုချင်တဲ့ပစ္စည်းကို ခပ်တည်တည်မေးပြီးဝယ်လို့ . . . အဲဒါကို သတိရနေတော့ ငါလည်း ခပ်တည်တည်နဲ့ပဲ မင်းတို့ပြောတဲ့ ဒီဆေးကို (. . . . .) ရှိလားလို့ မေးလိုက်တော့ ဆေးဆိုင်က ကောင်မလေးတွေကလည်း ရှိတယ် အစ်ကိုတဲ့ . . . ပုလင်းလိုက်ယူမလား . . . ဒါမှမဟုတ် အလုံးကြွေနဲ့ယူမလား တဲ့ . . . ဆယ်လုံးဆိုလည်း ဆယ်လုံးပေါ့ကွာ . . . အဲဒါနဲ့ ငါလည်း ဆယ်လုံးလို့ ပြောလိုက်တယ် . . . ”

“ဒါဖြင့် ဒီပုလင်းက . . . ”

သူ့စကားပင် မဆုံးသေး အောင်မိုးက ဆေးပုလင်းကိုမေးထိုးပြရင်း မေးသည်။ သူက . . .

“ပြောပြပါ့မယ် . . . စကားကို ဆုံးအောင် နားထောင်စမ်းပါ . . . ”

ဟု ခပ်ငေါက်ငေါက်ဆိုတော့မှ . . .

“အေးပါ . . . ”

ဟု ဆိုသည်။

“ငါကလည်း ခေါင်းကမူးနေတယ် . . အဲဒီ့အချိန်မှာ ကောင်မလေးက ဆေးလုံးဆယ်လုံးကို စက္ကူလေးနဲ့ထုပ်ပြီး ငါ့ကိုပေးတယ် . . . အဲဒီ့အချိန်မှာ ငါစဉ်းစားမိတာက . . . . . . . . . . . . .

http://www.linhtet.com

အားနည်း၍ခေါင်းမူးနေသည်မို့ အားဆေးကို ချက်ချင်းသောက်လျှင် ကောင်းမည်ဟု သူစဉ်းစားမိသည်။

ထိုအချိန်ထိ သူဝယ်သောဆေးကို ကိုယ်ဝန်ဆောင်အားဆေးမှန်း သူ မသိသေး။ ဆေးဆိုင် ကကောင်မလေးများကလည်း အိမ်ထောင်သည်အမျိုးသားများ ဇနီးဖြစ်သူအတွက် လာဝယ်ခြင်းများရှိသည်မို့ သူ ဤဆေးဝယ်သည်ကို အထူးအဆန်းလုပ်မနေဘဲ ဘာမှမဖြစ်သလို ဒီအတိုင်းရောင်းချပေးခြင်းသာ ဖြစ်သည်။

"မြန်မြန်သောက်တော့လည်း မြန်မြန်အားရှိတာပေါ့"

http://www.linhtet.com



ဟု သူ တွေးပြီး ဆေးဆိုင်မှ ကောင်မလေးဆီ . . .

"ညီမလေးရေ . . . ရေအေးတစ်ခွက်လောက်ရမလား"

ဟု ဆိုဖြစ်သည်။ ကောင်မလေးကလည်း ရေဆာ၍တောင်းသည်အထင်နှင့် . . .

"ရတယ် အစ်ကို . . . "

ဟု ဆိုရင်း ရေတစ်ခွက်ကို ခပ်ကာပေးသည်။

သူလည်း စောစောက ဝယ်ထားသော ကိုယ်ဝန်ဆောင်အားဆေးထုပ်ထဲမှ ဆေးတစ်လုံးကိုယူကာ ပါးစပ်ထဲပစ်ထည့်ရင်း ရေဖြင့်မျှောချဖြစ်သည်။ ယောက်ျားရင့်မာကြီးလုပ်ပြီး ကိုယ်ဝန်ဆောင်အားဆေးကို သောက်နေသောသူ့ကို ကောင်မလေးက တအံ့တသြကြည့်နေရာမှ မအောင့်နိုင်တော့ဟန်ဖြင့် ခွီးခနဲရယ်သည်။

သူကတော့ သူမ ဘာအတွက်ကြောင့် ရယ်မှန်းမသိ။ အားဆေးကို ချက်ချင်းဝယ်၊ ချက်ချင်းသောက်သည့်အတွက် သဘောကျ၍ရယ်သည်ဟု ထင်နေသည်။

ကောင်မလေးကလည်း အူကြောင်ကြောင်ဖြစ်နေသော သူ့ကိုကြည့်ကာ ခွက်ထိုးခွက်လန်ရယ်သည်။ ရုပ်ပျက်ဆင်းပျက်ကြီး ရယ်နေသည်မို့ ကောင်မလေးကဲ့သို့သော အရောင်းစာရေးမနှစ်ယောက် က . . .

"ဟဲ့ . . . ဘာရယ်နေတာတုံး . . . "

ဟု အရယ်သန်သော ကောင်မလေးကိုမေးသည်။ ကောင်မလေးက . . .

"ရေတောင်းတာကို ရေဆာလို့တောင်းတယ်ထင်နေတာ . . . သူက (. . . . ) ဆေးကို သောက်ဖို့တောင်းတာကိုး . . . တစ်ခါမှ မကြုံဖူးဘူး . . . အဟား ဟား ဟား . . . "

အရယ်သန်သော ကောင်မလေးက အားရပါးရ ရယ်ပြန်

http://www.linhtet.com



သည်။ သူမ၏ သူငယ်ချင်းများကပါ သူမနောက်ကို လိုက်ရယ်ရင်း

"ဟုတ်လို့လားဟယ် . . ."

ဟု မေးသည်။

"ဟုတ်ပါတယ်ဆို . . . ဘုရားစူးရစေ့ . . . ငါ့မျက်စိနဲ့ကို တပ်အပ်မြင်တာ . . ."

ပြောရင်း ကောင်မလေးက ရယ်ပြန်သည်။ သူ့စိတ်ထဲမှာ တော့ ဘာမှားလို့ပါလိမ့်ဟု အောင့်သက်သက်တွေးနေမိသည်။

ကောင်မလေးက . . .

"မယုံရင် သူ့ကို မေးကြည့်ပါလား"

ဟု ရယ်ရင်း ဆိုသည်။ သူမ၏ သူငယ်ချင်းများကလည်း လက်တွေ့မဟုတ်လျှင် မယုံသူများလား မသိ။ သူ့ကို ချက်ချင်းမေး သည်။

"အစ်ကို စောစောက (. . . .) ဆေးကို သောက်လိုက်တယ် ဆို . . ."

"အေးလေ . . . သူငယ်ချင်းတွေက ဒီဆေး ကောင်းတယ် ညွှန်းလို့ . . ."

"ဘယ်လို . . . ဘယ်လို . . . အစ်ကို့ သူငယ်ချင်းတွေက ညွှန်းတာ . . . ဟုတ်လား . . . ဒါနဲ့ အစ်ကို ဒီဆေးသောက်တာ ကြာပြီလား . . ."

ကောင်မလေး၏ ပြုံးစိစိအမေးကို ချက်ချင်း သူ မဖြေဖြစ် သေး။ 'မကြာသေး' ဟု ပြောလျှင် သိက္ခာများကျသွားမလားဟု သူ တွေးသည်။ သို့နှင့် ခပ်တည်တည်ပင် . . .

"အင်း . . . လေးငါးလတော့ ရှိပြီ . . ."

ဟု ဆိုဖြစ်သည်။

"ဟောတော် . . . လေးငါးလတောင်ရှိပြီ . . . သူငယ်ချင်း

http://www.linhtet.com



တို့ရေ . . . သူ ဒီဆေးစားတာ လေးငါးလတောင်ရှိပြီတဲ့ဟဲ့ . . . ”

ပြောပြီး ကောင်မလေးက တခွီးခွီးဖြင့်ရယ်သည်။ သူမ၏ သူငယ်ချင်းများကလည်း မျက်ရည်များထွက်သည်အထိ ရယ်ရင်း. .

“အမလေး . . . ရယ်ရလွန်းလို့ အူလိမ်ပြီး သေလိမ့်မယ်”

ဟု ရေရွတ်သည်။

သူ့ကိုကြည့်ကာ တခွီးခွီးရယ်နေကြသည်မို့ သူ နည်းနည်းတော့ ရှက်သလိုလိုဖြင့် မနေတတ်၊ မထိုင်တတ်ဖြစ်လာသည်။

ကောင်မလေးများထဲမှ ကောင်မလေးတစ်ယောက်ကတော့ ရယ်ချင်းကို အတော်ကြီးအောင့်အီးကာထားပြီးမှ သူ့ကို သနားကြည့်ကြည့်ကာ . . .

“အဲဒီဆေးက . . . အမျိုးသမီး ကိုယ်ဝန်ဆောင်သည်တွေ သောက်တဲ့ ကိုယ်ဝန်သည်အားတိုးဆေး အစ်ကိုရဲ့ . . . အဲဒါ အစ်ကို့ သူငယ်ချင်းတွေက အစ်ကို့ကို ချွန်လိုက်တာ . . . ”

“ဘာ . . . ”

ဖြန်းခနဲ သူ့မျက်နှာကို ရေနွေးပူနှင့် အပက်ခံလိုက်ရသလို သူ့မျက်နှာတစ်ခုလုံး ပူသွားရသည်။

“ကြည့်စမ်း . . . ခွေးကောင်တွေ . . . ”

http://www.linhtet.com

"အဲဒါပါပဲကွာ . . . ဒါဖြင့် ဒီဆေးတွေ မယူတော့ဘူးဆိုပြီးတော့ ပြန်သွင်းခဲ့ရောပေါ့"

သူ့စကားအဆုံးမှာ တခွီးခွီးရယ်ရင်း မင်းညိုက ဆိုသည်။

"ငါလည်းပဲ မျက်နှာပူပူနဲ့ . . အဲဒီ့ ဆေးထုပ်ကြီးကိုင်ပြီး လှည့်ထွက်ခဲ့တာပဲ . . လက်ထဲ ဆေးထုပ်ပါလာတာကို သတိမရဘူး . . . နောက်တော့မှ ငါ့ကိုချွန်တဲ့ကောင်တွေ ဒီဆေးကို ပါးစပ်ဖြဲပြီးတော့ကို ဇွတ်တိုက်ပစ်ဦးမယ်လို့ တွေးပြီး တော့ အဲဒီ့ဆေးဆိုင်ကို ပြန်သွားတယ် . . . "

"ဟောတော် . . . ဘာလုပ်လို့ အဲဒီ့ ဆေးဆိုင်ကို ပြန်သွားရတာတုံး . . . အရောင်း စာရေး

http://www.linhtet.com



မတွေက ကိုအောင်သိန်းကို မရယ်ကြဘူးလား . . . ”

ဇေပရယ်က ပြောင်ချော်ချော်ဖြင့် မေးသည်။

“ရယ်တာပေါ့ . . . ကျုပ်ကိုလည်း မြင်ရော . . ယောက်ျား ဗိုက်ကြီးသည်ကြီး လာပြီဟေ့လို့ . . . ပြောပြောပြီးကို ရယ်ကြတာ . . . ဘေးမှာကလည်း ဈေးဝယ်တွေ အများကြီး . . ရှက်လိုက်တာ များ ပြောတောင် မပြောချင်ဘူး . . . ”

“မပြောဘဲတော့ မနေပါနဲ့ . . . ဇာတ်လမ်းက အတော့်ကို ရယ်ရ . . . အဲလေ . . . အတော့်ကို ကောင်းနေပြီ . . . ”

သီတာက ရယ်ချင်ပက်ကျိဖြစ်နေသော မျက်နှာကို ဇွတ် တည်ရင်းက ဆိုသည်။ မင်းညိုနှင့်အောင်မိုးကတော့ တခွီးခွီးနှင့်ရယ် လို့သာနေသည်။

“အဲဒီဆေးဆိုင်ရောက်သွားတော့ ကျုပ်လည်း ရှေ့မျက်နှာ နောက်ထားပြီး (. . .) ဆေးပုလင်းခွံအလွတ်ရှိလားဆိုတော့ . . . ကောင်မလေးကလည်း ရှိတယ်တဲ့ . . . အဲဒါနဲ့ ပုလင်းခွံတစ်လုံး တောင်းပြီး . . . ဒီဆေးတွေ ထည့်ထားတာ . . . မင်းတို့နဲ့တွေ့ရင် တိုက်ဖို့ . . . အခုတော့ မင်းတို့က မသောက်ဘူးဆိုတော့ မထူးပါဘူး . . . သီတာ့ကိုပဲ ပေးလိုက်တော့မယ် . . . ”

သူ့စကားအဆုံးမှာ သီတာက . . .

“အာ . . . ဘာကိစ္စယူရမှာတုံး . . . ”

ဟု ရှက်ဝဲဝဲမျက်နှာဖြင့် အကြောက်အကန် ငြင်းသည်။

“တစ်နေ့မဟုတ်တစ်နေ့ အသုံးတည့်မှာ မဟုတ်လား . . . ယူထားလိုက်ပါ . . . ပေးတဲ့လူလည်း ကုသိုလ်ရအောင် . . . ”

အောင်မိုးကပါ ဝင်၍ရွှတ်နောက်နောက်ဆိုသည်မို့ သီတာ က . . .

“ကိုအောင်မိုးကြီးနော် . . . ”

တော် ဝင် မြို့ မ စာ အုပ် တိုက်

http://www.linhtet.com



ဟု အာခေါင်ခြစ်ကာအော်သည်။

"ကဲ . . . ဘယ်သူမှ လျှောက်ပေးမနေနဲ့ . . . ဒီဆေးကို ကိုအောင်သိန်း စွဲသောက်နေတာ . . . လေးငါးလတောင်ရှိနေမှ တော့ . . . သောက်လက်စနဲ့ ကိုအောင်သိန်းပဲ သောက်လိုက်တော့"

ဧပရယ်က သူ့ကိုကြည့်ကာဆိုရင်း တခွီးခွီးဖြင့်ရယ်သည်။

"ဟုတ်ပ ကြည့်စမ်း . . . ကိုးလုံးကြီးများတောင် ကျန်သေးတယ် . . . နှမြောစရာကြီး . . . "

ဟု သီတာက ပုလင်းထဲသို့ကြည့်ရင်း ဆိုသည်။

"အဲဒါကြောင့် ပြောတာပေါ့ . . . နှမြောစရာကြီးမို့လို့ ယူထားလိုက်လို့ပြောတာ . . . ဆောင်ထားလိုက်ပေါ့ သီတာရယ် . . . တစ်နေ့အသုံးမတည့်လည်း တစ်နေ့တော့ အသုံးတည့် . . . "

"ကိုအောင်မိုး . . . ကျုပ် စိတ်တိုလာပြီနော် . . . "

အောင်မိုး၏စကားမဆုံးခင်မှာ သီတာက အာခေါင်ခြစ်ကာ အော်ပြန်သည်။

ဧပရယ်က . . .

"အားလုံးနားထောင် . . . "

ဟု ဆိုပြီး . . .

"တစ်ခုတော့ ပြောထားရဦးမယ် . . . နောက်ဆိုရင် ရှင်တို့ အားလုံး ကိုအောင်သိန်းကြီးကို ရုပ်တည်ကြီးနဲ့ ဘာမှ မနောက်ကြနဲ့ . . . သူက ရိုးတော့ ထပ်ပြီး ကမောက်ကမတွေ ဖြစ်ဖြစ်နေမယ်"

"စိုးရိမ်တယ်ပေါ့ . . . "

"အဟမ်း . . . အဟမ်း . . . "

ဧပရယ့်စကားအဆုံးမှာ 'စိုးရိမ်တယ်ပေါ့' ဟု အောင်မိုးက နောက်သည်။ မင်းညိုနှင့်သီတာက ချောင်းကိုလုပ်ကာ ဆိုးကြသည်။

ဧပရယ်က . . .

"မနောက်နဲ့ အကောင်းပြောတာ . . ."

ဟု ရှက်ဝဲဝဲဖြင့် ဆိုရင်း သူ့ကို မလုံမလဲဖြင့် ကြည့်သည်။

အားလုံးက ဧပရယ့်ကိုကြည့်ပြီး အရယ်တစ်ဝက်ဖြင့် စကားတွေ ဆိုနေကြချိန်မှာ သူ အများလို မရယ်နိုင်ပါ။

ဧပရယ်၏ ရှက်ဝဲဝဲမျက်နှာကိုကြည့်ပြီး ရင်ခုန်သံတွေ ဝုန်းဒိုင်းကျဲနေခဲ့သည်။

http://www.linhtet.com

"သင်တန်းက ဘာလိုလိုနဲ့ ခြောက်လပြည့်ပြီးလို့ ပြီးတော့မှာနော် . . . အောင်သိန်း . . . မင်းဧပရယ့်ကို ချစ်နေတာ ငါတို့အားလုံး လည်းသိနေပြီးသား . . . မင်း မြဲမြဲစိစိလုပ်မနေနဲ့ . . . အချိန်က ရှိတော့တာမဟုတ်ဘူး . . . "

မင်းညိုက ခုတင်ပေါ်မှောက်ကာနေရင်းမှ ဆိုသည်။

"ဟုတ်တယ် . . . ပြီးခဲ့တဲ့ခြောက်လ အတွင်းမှာ ရုပ်ရှင်အတူကြည့်လိုက်၊ ဆိုင်အတူ ထိုင်လိုက်နဲ့ တော်တော်လေးရင်းနှီးလာတယ် ဆိုတာကလွဲပြီး ဘာမှလည်း ထူးခြားလာတာမရှိဘူး"

အောင်မိုးကလည်း တစ်ဖက်ခုတင်မှာ

ထိုင်နေရင်းက ဆိုသည်။ သူတို့အုပ်စုထဲမှာ မင်းညိုတစ်ယောက်သာ နယ်တွင်ရည်းစားရှိပြီး သူနှင့်အောင်မိုးက ရည်းစားမရှိ။

အောင်မိုးကတော့ သီတာ့ကိုဖွင့်ပြောပြီးပြီမို့ အဆင်ပြေလု နီးပါးမို့ အခြေအနေက အတော်လေး ကောင်းနေသည်။

ဘာမှထူးခြားမလာသည်က သူတစ်ယောက်တည်း။

"မင်းကိုငါမေးမယ် . . . မင်း ဖွင့်မပြောတော့ဘူးလား"

အောင်မိုးက သူ့ကိုကြည့်ရင်းက မေးသည်။

"သူက ကိုရီးယားကားတွေထဲကလို ကောင်မလေးကများ စပြီးဖွင့်ပြောမလားလို့ စောင့်နေဟန် တူပါတယ်ကွာ . . . "

မင်းညိုက ဟက်ခနဲရယ်ရင်း ဆိုသည်။

"မဟုတ်ပါဘူးကွာ . . . ငါ . . . ငါ ဖွင့်မပြောရဲဘူးကွ"

သူ ခေါင်းကိုကုတ်ရင်း ဆိုဖြစ်သည်။

"မင်းကလည်း ဘာ ဖွင့်မပြောရဲစရာရှိလဲ ယောကျ်ားပဲ . . ချစ်ရင်ချစ်တယ် . . . ကြိုက်ရင်ကြိုက်တယ်ပေါ့ . . . နေရာချင်း တောင် လဲလိုက်ချင်တယ်ကွာ . . . "

မင်းညိုက သူ့ကိုအားမလိုအားမရဖြင့် ဆိုသည်။ သူလည်း သူ့ကိုယ်သူ အားမရ။ ဘာကိုကြောက်လို့ကြောက်နေမှန်းလည်း မသိ။ မချင့်မရဲဖြင့် သူ သက်ပြင်းကို ဟင်းခနဲ ချဖြစ်သည်။

ချစ်ခြင်းဟာ
စစ်ခင်းတာထက် ပိုခက်ခဲမယ် ထင်ပါရဲ့။

စစ်တွင်းမှာ ရဲရင့်သလောက်
အချစ်တလင်းမှာ
ဒူးတုန်တတ်တဲ့ လူတွေလည်းရှိရဲ့။

အချစ်ကိုရဖို့
တိုက်ခိုက်ပြီးယူလို့ မရတော့လည်း
ခက်ခဲသားပဲ ချစ်သူ။ ။

http://www.linhtet.com

"အံမယ် . . . မယ် . . . ငါ့ကောင်က ကဗျာတွေ ဘာတွေတောင် ရေးလို့ပါလား . . . ဘယ်ဆိုးလို့လဲကွ . . ."

အောင်မိုးက စားပွဲပေါ်ချထားသော သူ့စာအုပ်ကိုယူကာ ဖတ်ကြည့်ရင်း ပြုံးစိစိဖြင့် ဆို သည်။ ပြီး . . . မင်းညိုကို လှမ်းပေးကာ . . .

"ဖတ်ကြည့်ဦး . . ."

ဟု ဆိုသည်။ မင်းညိုက စူးစူးစိုက်စိုက် ဖတ်ပြီးနောက် . . .

"ကြည့်တော့လည်း . . . အနုအရွတွေ မခံစားတတ်သလိုနဲ့ ဒီလိုကျတော့လည်း မင်းရဲ့ကဗျာက အဟုတ်ပဲကွ . . ."

http://www.linhtet.com



"ကျုပ်က ဒါလေးကို ကဗျာလို့ မသတ်မှတ်ရဲပါဘူးဗျာ . . . ဒါက ခံစားမှု စာစုလေးပါ . . . "

"ဟိုက်ရှားဘား . . . စကားလုံးတွေက ကောင်းလှချည်လား . . . ကြည့်စမ်း . . . အချစ်နဲ့တွေ့တော့ . . . ငါတို့ကောင်ကြီး . . . တော်တော်လေးကို စကားကြွယ်လာပြီပဲကွ . . . "

မင်းညိုက တအံ့တဩပုံစံဖြင့် ခပ်မြူးမြူးဆိုသည်။ ထိုစဉ်မှာပင် ဇေပရယ်တို့နှစ်ယောက် သူတို့သုံးကောင်ထိုင်နေသော ဆိုင်ထဲကို ဝင်လာကြသည်။ သီတာက . . .

"ဘာတွေပြောပြီး ပြုံးဖြီးဖြီးတွေ လုပ်နေကြတာတုံး"

ဟု မေးရင်း ဝင်ထိုင်သည်။

"ဘာမှမဟုတ်ပါဘူး . . . ဒီလိုပဲရောက်တတ်ရာရာ ပြောနေကြတာ . . . "

ပျာပျာသလဲဖြင့် လက်ကာရင်းဆိုသော သူ့အမူအရာကို ကြည့်ရင်း ဇေပရယ်က သူ့ကို 'ထူးဆန်းလှချည်လား' ဟု မျက်မှောင်ကြုတ်ကာကြည့်သည်။ ထို့နောက် . . .

"မဖြစ်နိုင်ဘူး . . . တစ်ခုခုတော့ တစ်ခုခုပဲ . . . "

ဟု ဆိုသည်။

"ဟကောင်ကြီး . . . ငါ ပြောပြလိုက်ရမလား . . . "

"မပြောနဲ့ . . . ကျုပ် . . . ကျုပ် . . . တောင်းပန်တယ် . . . အဟုတ်ပြောတာ . . . "

'ပြောလိုက်ရမလား' ဆိုသော မင်းညို၏အမေးကို သူ အလန့်တကြား တားဖြစ်သည်။ မတားလို့လည်းမရ။ သကောင့်သားတွေက တစ်ချက်တစ်ချက် ရုပ်တည်ကြီးနှင့် ပြောချင်တာတွေကို စွတ်ပြောပစ်တတ်သည်။

"ကြည့်ရတာ သီတာတို့ အတင်းပြောနေတာပဲ ဖြစ်ရမယ်"

http://www.linhtet.com



သီတာက ထိုသို့ ဆိုသည်။

"အတင်းမဟုတ်ဘူး . . . သတင်းဟ . . . သတင်း"

အောင်မိုးက ပြုံးစိစိဖြင့် သူ့ကိုမေးငေါ့ပြရင်း ဆိုသည်။

"ဒါဖြင့် ဧပရယ်တို့ကို ပြောပြ . . . "

"ဟကောင်တွေ မပြောနဲ့နော် . . . "

ဧပရယ်က သိချင်ဇောဖြင့်အမေး သူက ဖြတ်ပြီးတားဖြစ်သည်။ ကိုယ့်ကောင်တွေရဲ့အကြောင်း ကိုယ်သိနေသည်ကိုး။

"သေချာပြီ . . . ဒါ ဧပရယ့်အတင်းပဲဖြစ်မယ် . . ပြောနော် မပြောလို့ကတော့ ကိုအောင်မိုးကိုရော . . ကိုမင်းညိုကိုပါ မခေါ်တော့ဘူး . . . တကယ်ပြောတာ . . . "

ဧပရယ်ကိုယ်၌ကလည်း သူ့ကိုစချင်နေသည်လားမသိ။ ရအောင် အစ်ကာနေသည်။

"အာ . . . ဧပရယ်စိတ်ဆိုးတာကိုတော့ ဘယ်ခံလို့ဖြစ်မလဲ . . . စိတ်ဆိုးချင်းဆိုး . . . ဒီကောင် စိတ်ဆိုးပါစေ . . . ပြဿနာမရှိဘူး . . . "

"ဒါဖြင့်ပြော . . . "

"ဒီလို ဧပရယ်ရေ . . . ဒီကောင်ကြီး အောင်သိန်းက . . . နင့်ကို ကြိတ်ကြွေနေတာ ကြာပြီ . . . အဲဒါ ဖွင့်မပြောရဲဘူးတဲ့ . . . နင့်ကိုချစ်တဲ့အကြောင်းကို ပါးစပ်က ဖွင့်မပြောရဲတာနဲ့ ဒီမှာ ကဗျာတွေရေးထားတယ် . . . ရော့ . . . ဖတ်ကြည့် . . . "

ဝုန်းခနဲ သူ မြောက်တက်သွားသလို ခံစားလိုက်ရသည်။ မင်းညိုဆိုသောကောင်က စာအုပ်ကိုပါ ဧပရယ့်လက်ထဲ ထိုးထည့်ပေးသည်။ ဧပရယ်က စာအုပ်ကိုမယူဘဲ သူ့ကို ပြုံးကြောင်ကြောင်ဖြင့် လှမ်းကြည့်သည်။ သူ ထူပူကာ ရှက်ရှက်ဖြင့် ထိုင်ရာမှ ထရပ်ဖြစ်သည်။

http://www.linhtet.com



"မပြောပါနဲ့ဆိုဗျာ . . . ကိုမင်းညိုကြီးကလည်း . . . "

"ဘာလဲ . . . မင်းက ရှက်နေတာလား . . . ကြည့်စမ်း မျက်နှာကြီးကို နီလို့ . . . "

"ကျုပ် သွားတော့မယ်ဗျာ . . . "

ပြောပြီး သူ ချာခနဲ လှည့်ထွက်ကာ အအေးဆိုင်ထဲမှ လမ်းမပေါ်ကို အပြေးတစ်ပိုင်း လှမ်းဖြစ်သည်။

"ဟကောင် . . . အောင်သိန်း . . . နေပါဦးကွ . . . "

အောင်မိုးက အရှက်သည်းကာ မွှန်ထူပြီးထထွက်သွားသော သူ့ကို လှမ်းအော်သည်။ သူ့နားမှာတော့ သီချင်းသံများကြားမှ အောင်မိုး၏အသံကို မသဲကွဲသည်မို့ မရဲတရဖြင့် နောက်ကိုလှည့်ကြည့်ဖြစ်သည်။

ဆိုင်ထဲကနေ အားလုံးအလန့်တကြားဖြင့် လက်ညှိုးထိုးကာ သူ့ကို အော်နေကြသည်။ အားလုံး လက်ညှိုးထိုးရာကို သူ ပြန်အလှည့်မှာတော့ အရာရာက နောက်ကျသွားပြီ ဖြစ်သည်။ အနီးကပ် သူမြင်လိုက်ရသည်က ကားတစ်စင်း၏ ကားခေါင်းကိုပဲ ဖြစ်၏။

"ဝုန်း . . . "

"အောင်သိန်း . . . "

"ကိုအောင်သိန်း . . . "

ဝုန်းခနဲ အတိုက်ခံရမှုကြောင့် သူလွင့်ထွက်ကာသွားသည်။ ဟာခနဲ အသည်းမှာအေးခနဲ ခံစားလိုက်ရပြီး သူ၏နာမည်ကို အလန့်တကြား ရေရွတ်လိုက်သံကို နောက်ဆုံးကြားလိုက်ရသည်။

သီချင်းသံများကြားမှ 'ကိုအောင်သိန်း' ဟု စိုးရိမ်တကြီး ခေါ်လိုက်သည့်အသံမှာ ဧပရယ့်အသံ ဟုတ်မှဟုတ်ပါလေစ။

မသဲကွဲတော့။ မကြားတော့။ ပြီးနောက် . . .

သူ ဘာမှမသိတော့။

လေးလံနေသော မျက်လုံးကို အားယူကာဖွင့်လိုက်သောအခါ စူးရှသောအလင်းကြောင့် သူ မျက်လုံးကို ပြန်မှိတ်ထားဖြစ်သည်။

"ဟော . . ဟော . . . သတိရလာပြီ ထင်တယ် . . . မျက်လုံးတစ်ချက်ဖွင့်လိုက်သလို ပဲ . . . အောင်သိန်း . . . ဟကောင်ကြီး . . . မင်း သတိရပြီလား . . ."

စိုးရိမ်တကြီးဆိုသော မင်းညို၏အသံကို သူ ရှင်းရှင်းလင်းလင်း ကြားနေရသည်မို့ သူ ခေါင်းကိုအသာအယာ ညိတ်ပြဖြစ်သည်။ အားယူကာ နောက်တစ်ကြိမ် ဖြည်းဖြည်းချင်း မျက်လုံးကို ဖွင့်ကြည့်တော့ အောင်မိုးတို့နှစ်ကောင်ကို

http://www.linhtet.com



တွေ့ရသည်။ ထို့နောက် သီတာနှင့်ဧပရယ့်ကိုပါ ခုတင်ဘေး၌ ခုံနှင့် ထိုင်နေသည်ကို တွေ့ရသည်။

"ဘာမှ ကြီးကြီးမားမား ထိခိုက်တာမရှိဘူး . . . ရုတ်တရက် မို့ ရှော့ခ်ဖြစ်ပြီး မေ့သွားတာတဲ့ . . . အဲဒါနဲ့ ကိုအောင်သိန်းတို့မိဘ တွေဆီ အကြောင်းမကြားတော့ဘူး . . . မစိုးရိမ်ရဘူးဆိုလို့ . . . "

"ဟုတ်လား . . . "

သီတာ့စကားကြောင့် သူ 'ဟုတ်လား' ဟု ခပ်တိုးတိုးဆိုဖြစ် သည်။

"အားနည်းနေတယ် ထင်တယ် . . . သွေးပေါင်ချိန်နည်း နည်းလေး နည်းနေလို့ . . . ပုလင်းကြီးချိတ်ထားတယ် . . . ဒါကုန် ရင် မင်း ဆေးရုံကဆင်းလို့ရပြီ . . . "

အောင်မိုးက အားပေးစကား ဆိုသည်။

"လက်ကျန်ဆေးသွင်းတာက နာရီဝက်လောက်ကြာဦးမှာ ဆိုတော့ . . . ငါတို့ တစ်ခုခု သွားစားလိုက်ဦးမယ် . . . ကဲ အောင် မိုးနဲ့ သီတာ . . . လာ တစ်ခုခု စားရအောင် . . . "

"ဧပရယ်လည်း လိုက်မယ် . . . "

နှစ်ယောက်တည်းကျန်အောင်လုပ်သော မင်းညို၏အကြံကို ရိပ်မိနေဟန်ဖြင့် ဧပရယ်က သူမလည်း လိုက်မည်ဟု ဆိုသည်။

"အကုန်သွားရင် လူနာစောင့် ဘယ်ကျန်တော့မလဲ . . . ကျန်ခဲ့ . . . ဒါပဲ . . . "

သီတာက ထရပ်ရန်ပြင်သော ဧပရယ်ကို ပခုံးမှဖိကာ ပြန် ထိုင်ခိုင်းရင်း ရယ်ကျဲကျဲဖြင့် ဆိုသည်။

"ကဲ ကဲ . . . အောင်သိန်း . . . နာရီဝက်ကြီးများတောင် အချိန်ရှိသေးတယ်နော် . . . အဟမ်း . . . "

"ဘာလဲ . . . ဘာလဲ . . . "

http://www.linhtet.com



အောင်မိုး၏ ပြောင်ချော်ချော်စကားကြောင့် ဧပရယ်က ရှက်ဝဲဝဲဖြင့် 'ဘာလဲ' ဟု ထအော်သည်။

"ဩော် . . . ဆေးသွင်းဖို့ နာရီဝက်လောက် အချိန်ကျန် သေးတယ်လို့ ပြောတာပါဟ . . . ကဲ . . ကဲ သွားပြီ . . သွားပြီ"

အောင်မိုးက ဖြေရှင်းချက်ပေးပြီး သူ့ကို 'ကြည့်လုပ်တော့' ဟူသောသဘောဖြင့် မျက်စိတစ်ဖက် မသိမသာမှိတ်ပြရင်းက ဆို သည်။

အားလုံးတဝုန်းဝုန်းဖြင့် ထထွက်သွားချိန်မှာ အခန်းထဲ၌ သူတို့နှစ်ယောက်သာ ကျန်ရစ်ခဲ့ကြသည်။

အတော်လေးကြာသည်အထိ တစ်ယောက်နှင့်တစ်ယောက် စကားမဆိုဖြစ်ကြ။ သူမက ခေါင်းကိုငုံ့ကာ လက်သည်းတို့ဖြင့် ထိုင်ခုံ ကို ခြစ်ကာနေသည်။ သူ့နားထဲမှာတော့ 'နာရီဝက် ကျန်သေးတယ်' ဆိုသော အောင်မိုး၏စကားကို ပြန်၍ကြားနေမိသည်။

"ဧပရယ် . . . "

" . . . . . . . "

သူ ခပ်တိုးတိုးခေါ်သည်ကို သူမ မထူး။

"ဧပရယ် . . . "

"ဘာလဲ . . . "

နောက်တစ်ခါ ခေါ်တော့မှ သူမက 'ဘာလဲ' ဟု ခပ်ဆတ် ဆတ် ထူး၏။

"သက်သာလားလို့ မမေးတော့ဘူးလား . . . "

"မေးစရာလား . . . သက်သာနေတာပဲ ဥစ္စာ . . . "

သူမက ဘုတောစကားဆိုသည်။ ရှက်ဝဲဝဲအရိပ်တို့က သူမ မျက်နှာမှာ ပေါ်ကာနေသည်။

"ဟောဗျာ . . . လူမမာရေးအရတော့ မေးသင့်တာပေါ့ . . "

http://www.linhtet.com



"မမေးဘူး . . . "

"ဘာဖြစ်လို့တုံး . . . "

"ကြည့်မရလို့ . . . "

"ဟောဗျာ . . . ဘာဖြစ်လို့တုံး . . . "

"လူကို လန့်အောင်လုပ်တာကိုး . . . "

"အာ . . . ဒါက တမင်လုပ်တာမှ မဟုတ်တာ . . . ကျုပ်လည်း ရှက်လို့ထပြီး ပြေးမိတာပဲဗျ . . . တောက် ! . . ဟိုကောင်တွေကွာ . . . တော်တော်လေးဆိုးတဲ့ကောင်တွေ . . . သူတို့လုပ်တာနဲ့ ဧပရယ့်ကို ကျုပ်ချစ်နေတဲ့အကြောင်း လူတွေသိကုန်ကြပြီ"

သူ့စကားကို သူမက ဘာမှတ်ချက်မှမပေး။ မပြောနဲ့ဟု လည်း မတား။ ထို့ကြောင့် ဆက်ပြောရမည်ဟု သူ တွေးဖြစ်သည်။

"ဒီတော့ မထူးတော့ပါဘူး . . . ပြောစရာရှိတာတော့ ရှေ့မျက်နှာနောက်ထားပြီး ပြောရတော့မှာပဲ . . . ကျုပ်လေ ဧပရယ့် ကို . . . "

"ဟော . . . လူနာတောင် သတိရလာပြီပဲ . . . "

ရှိသမျှခွန်အားတွေကိုစုကာ ရည်းစားစကားလေးပြောရန် ကြံရုံရှိသေး . . . ဘွားခနဲဝင်လာသော နာ့စ်မကြောင့် သူ နင်တင်တင်ကြီးဖြစ်သွားရသည်။

"လူနာ . . . ဘယ်လိုနေသေးလဲ . . . သက်သာလား"

"သက်သာဒယ် . . . "

သူ စိတ်တိုတိုဖြင့် နာ့စ်မကို ခပ်ဆောင့်ဆောင့်ဖြေဖြစ်သည်။ သူ စိတ်တိုနေသည်ကို နာ့စ်မက ရိပ်မိဟန်မတူသော်လည်း ဧပရယ်ကတော့ ပြုံးစိစိလုပ်သည်။

"ခေါင်းမူးတာတွေ ဘာတွေရှိရင် ပြောနော် . . . "

"မရှိဘူး ဆရာမ . . တော်တော်လေးကို ခေါင်းကြည်နေတယ်"

http://www.linhtet.com



ဘုတောသော သူ့စကားကြောင့် သူမက ခွီးခနဲရယ်သည်။ ဆရာမက . . .

"ဟုတ်ပါပြီရှင် . . . ကောင်းပါပြီ . . ."

ဟု ဆိုပြီး ထွက်၍သွားသည်။

သူမကတော့ ရယ်နေဆဲ။

"ဘာရယ်တာလဲ . . . လှောင်တာလား . . ."

သူ၏ ဂျစ်ကန်ကန်အဆိုကြောင့် သူမက . . .

"ဟောတော် . . . ရယ်တောင်မရယ်ရတော့ဘူးလား . . . ဘလိုင်းကြီးပါလား . . ."

ဟု ရယ်ကျဲကျဲဖြင့် ဆိုသည်။

"စောစောက ပြောတာတောင် ဘယ်ရောက်လို့ ရောက်မှန်း မသိတော့ဘူး . . . အရေးထဲမှပဲ . . ."

တစ်ယောက်တည်း ညည်းတွားသလိုဆိုဖြစ်သော သူ့စကား ကြောင့် သူမက ခွီးခနဲရယ်ပြန်သည်။

"အစက ပြန်ကောက်ရရင်တော့ဗျာ . . . တိုတိုနဲ့လိုရင်းပဲ ပြောတော့မယ် . . . ဧပရယ်ကို ကျုပ် . . . ချစ် . . ."

"သန့်ရှင်းရေးလုပ်ပေးမယ်နော် . . ."

တံမြက်စည်းကြီးကိုင်ကာဝင်လာသော သန့်ရှင်းရေးဝန်ထမ်း ယူနီဖောင်းဝတ်ထားသည့်အဒေါ်ကြီးကြောင့် သူ့စကားတို့ ဆုံးအောင် ပင် မပြောလိုက်ရ။

"အဒေါ်ကြီး . . . ကျုပ်အခန်းက သန့်ရှင်းပြီးသားဗျ . . . အမှိုက်လှည်းမနေတော့နဲ့ . . . ကျေးဇူးပဲ . . ."

ခေါင်းထောင်ကာဆိုသော သူ့စကားကြောင့် အဒေါ်ကြီးက အူကြောင်ကြောင်ဖြင့် . . .

"ရတယ်လေ . . ."

တော် ဝင် မြို့ မ စာ အုပ် တိုက်

http://www.linhtet.com



ဟု ဆိုရင်း သူတို့နှစ်ယောက်ကို သဘောပေါက်သလိုကြည့်ကာ ကုပ်ချောင်းချောင်းဖြင့် ထွက်ကာသွားသည်။ သူမကတော့ ပြုံးစိစိကြီးလုပ်ကာနေသည်။

"ရည်းစားစကားကို ကောင်းကောင်းမပြောရတော့ဘူး . . . မနားတမ်းကို လာနေကြတော့တာပဲ . . . "

ခပ်ရွတ်ရွတ်ဆိုသော သူ့စကားကြောင့် သူမကတော့ တခွီးခွီးရယ်သည်။ သူမ၏ရယ်သံက သူ့အတွက် အားအင်တွေဖြစ်ကာ ပွန်းပဲ့ထားသော အသေးစားနာကျင်မှုတို့ပင်လျှင် နာကျင်ခြင်းမရှိတော့။

http://www.linhtet.com

ဘာပဲပြောပြောပေါ့ဗျာ။ ကိုယ်က ရည်းစားစကားပြောတာကို တစ်ဖက်က ရယ်ပြီး၊ ပြုံး ပြီး နားထောင်နေတယ်။

ပြီးတော့ ကောင်မလေးရဲ့မျက်လုံးထဲမှာလည်း ချစ်ခြင်းရဲ့အရိပ်အယောင်တွေ မြင်နေရတယ်ဆိုရင် ‘ချစ်လား’ လို့ မေးနေစရာလိုတော့ မယ်မထင်ဘူး။

တစ်ခါတလေမှာ ဖွင့်မပြောပေမယ့် ကိုယ့်ဘက်က အလိုက်တသိနဲ့ ကြားပေးရမယ့် ရင်ထဲက စကားသံဆိုတာကလည်း ရှိသေးတယ် မဟုတ်လား။

http://www.linhtet.com



ကျုပ်လည်းပဲ ကောင်မလေးရဲ့ ရယ်သံချိုထဲကနေ 'ချစ်တယ်'ဆိုတဲ့စကားကို ရင်ထဲကနားနဲ့ ကြားဖြစ်အောင် ကြားလိုက်တယ်ပေါ့ဗျာ။

http://www.linhtet.com

ရည်းစားသက်တမ်း အနည်းငယ်မျှကြာလာသောအခါ သူမက . . .

"ကို . . အခု ကိုနဲ့ဧပရယ်တို့အကြောင်းကို ဖေဖေသိသွားပြီ သိလား . . ."

"ဟိုက် . . . ဒုက္ခပဲ . . ."

မြင်ပင်မမြင်ဖူးသော ယောက္ခမလောင်းကြီးကို ကြောက်စိတ်ကြောင့် သူ 'ဟိုက်' ဟု ရေရွတ်ဖြစ်သည်။

"ဘာလဲ . . . ကြောက်လို့လား"

သူမ၏အမေးကို သူ 'အင်း' ဟု ဖြေဖြစ်သည်။

"အဲဒါ . . ဖေကြီးက ကိုနဲ့တွေ့ချင်တယ်တဲ့ . . ."

http://www.linhtet.com



"ဘာ . . ."

သူမ၏စကားကြောင့် သူ လှပ်ခနဲပင် ရင်တုန်သွားရသည်။ သူမကတော့ ဘာမှမဖြစ်သလို စကားကို ဆက်၏။

"ဘာမှမစိုးရိမ်ပါနဲ့ . . ဖေကြီးက သဘောကောင်းပါတယ်"

"တကယ်လား . . ."

"တကယ်ပေါ့ . . . အဲဒါ ဖေကြီးက တွေ့ချင်တယ် . . . ဘယ်အချိန်တွေ့ကြမလဲတဲ့ . . . အဲဒါနဲ့ ဧပရယ်လည်း ဒီနေ့တွေ့တာပေါ့ဆိုပြီးတော့ ဒီကိုခေါ်ထားတယ် . . ."

"ဟေ . . ."

သူ 'ဟေ' ဟုသာ ဆိုနိုင်သည်။ ရင်ထဲမှာတော့ ဘာကြောင့်မှန်းမသိ ကြောက်ဒူးတုန်နေမိသည်က အမှန်။

"ကြိုပြောတာ မဟုတ်ဘူးကွာ . . ."

"ဘာဖြစ်လို့လဲ . . ."

"အာ . . . ကြိုတင်ပြင်ဆင်ခဲ့ရမှာပေါ့ . . . အခု ယောက္ခမလောင်းနဲ့တွေ့ရမယ့် ကိုယ့်ကိုလည်း ကြည့်ဦး . . . ဘောင်းဘီအကျပ်နဲ့ တီရှပ်နဲ့ . . ."

"ဘာဖြစ်လဲ . . . ကြည့်ကောင်းနေတာပဲ . . ."

"ဧပရယ့်မျက်လုံးထဲမှာ ကြည့်ကောင်းပေမယ့် ဧပရယ့်အဖေရဲ့ မျက်လုံးထဲမှာ အမြင်မတော်ရင် ဘယ့်နှယ့်လုပ်မလဲ . . . တကယ်ဆို ပုဆိုးနဲ့ရှပ်အင်္ကျီဖြူနဲ့ . . ."

"အာ . . . ဒါတွေက အရေးမကြီးပါဘူး . . . အဓိက,ကရိုးသားဖြူစင်တဲ့စိတ်ပါ . . . ဘာမှမဖြစ်ဘူး . . . ဖေကြီးက သဘောကောင်းပြီးသား . . . သူ မေးတာကိုသာ အရှိအတိုင်း အမှန်အတိုင်း ဖြေဖို့ပဲလိုတယ် . . . ဘာမှမပူနဲ့ . . . ဟော . . . ပြောရင်းဆိုရင်းနဲ့လာပြီ . . ."

http://www.linhtet.com



'လာပြီ' ဆိုသောစကားကြောင့် သူ ရင်ခုန်သွားရသည်။ ဤရင်ခုန်မှုမျိုးသည် သူ ကြုံဖူးသမျှ ရင်ခုန်သံမျိုးနှင့်မတူ ကွဲပြားခြားနား၏။

ယောက္ခမလောင်းနှင့်ဆုံတွေ့ရမည့် သမက်လောင်း၏ ရင်ခုန်သံပါတကားဟု သူ သုံးသပ်နေစဉ်မှာပင် ဥပဓိရုပ်သန့်သန့် ပြန့်ပြန့်ဖြင့် ဧပရယ့်ဖေဖေ ရောက်ကာလာသည်။

"ဖေကြီး . . . လာ . . . "

သူမကတော့ အေးအေးဆေးဆေးပင် သူမ၏အဖေကို နှုတ်ဆက်သည်။ သူကတော့ ပြုံးပြရမလို၊ ခေါင်းညိတ်ပြရမလိုဖြင့် ရှုံးတိုးရှုန့်တန့်ကြီး ဖြစ်ကာနေသည်။

"ဖေကြီး သူက ကိုအောင်သိန်းတဲ့ . . . ကို . . . ဒါက ဖေကြီး . . . "

သူမ၏အဖေက မရယ်သော၊ မပြုံးသောမျက်နှာဖြင့် ခေါင်းညိတ်ပြသည်။ သူကတော့ ပြုံးပြဖြစ်သည်။

"မောင်အောင်သိန်း ဦးရဲ့သမီးကိုယူပြီးရင် ဘာလုပ်ငန်းလုပ်မယ် စိတ်ကူးလဲ . . . ဘယ်အလုပ်ကို မောင်ရင်အကျွမ်းကျင်ဆုံးလဲ"

'အကျွမ်းကျင်ဆုံး' ဆိုသော မေးခွန်းကို သူ အပြေးအလွှား စဉ်းစားရန်မလို။ ရွာမှာ သူလုပ်ခဲ့သမျှတို့တွင် အကျွမ်းကျင်ဆုံးက နို့စားနွားမွေးကာ နွားနို့ညှစ်ခြင်းမဟုတ်ပါလား။ ထို့ကြောင့် ပူထူနေသည့်ကြားက စိတ်ကိုတည်အောင်ထားကာ . . .

"ဟုတ်ကဲ့ . . . ကျွန်တော် ကျွမ်းကျင်တာကတော့ နို့ညှစ်တာကို အထူးကျွမ်းကျင်ပါတယ် . . . "

"ဘာကွ . . . "

နီမြန်းသွားသော သူမအဖေ၏မျက်နှာကို သူမြင်လိုက်ရသည်။

http://www.linhtet.com



"အဟုတ်ပြောတာပါ ခင်ဗျ . . . ရွာမှာ နွားနို့ညှစ်ပြိုင်ရင် ဘယ်ကောင်မှ ကျွန်တော့်ကို မနိုင်ဘူး . . . ဒီ . . နွားနို့ညှစ်တာက"

"ကို . . . "

အားရပါးရ အမူအရာဖြင့် ညှစ်ဟန်ပြကာဆိုသော သူ့စကားမဆုံးခင်မှာ သူမက မျက်စိပျက်မျက်နှာပျက်ဖြင့် တား၏။ သူမ၏အဖေကား ပြူးကျယ်သောမျက်လုံးအစုံ၊ အတော်ကြီးဟကာ အံ့ဩနေသော နှုတ်ခမ်းအစုံဖြင့် သူ့ကို လူထူးလူဆန်းကိုကြည့်သလို မျိုး ကြည့်ကာနေသည်။

"မယုံလို့လားဟင် . . ကျွန်တော် လက်တွေ့ညှစ်ပြရမလား"

လက်က ဆုပ်ချည်၊ ဖြန့်ချည်ဖြင့် အားရပါးရ လုပ်ပြနေသောသူ့ကိုကြည့်ကာ သူမ၏အဖေက . . .

"မင်း . . . မင်း . . . ငါ့ကိုပြောင်နေတာပေါ့ . . . ဟုတ် လား . . . "

ဟု ဒေါသထွက်ထွက်ဖြင့် အာခေါင်ခြစ်ကာအော်သည်။

"ဘယ်ကလာ . . . ပြောင်ရမှာလဲ ဦးရယ် . . . ဘုရားစူးရစေ့ . . အတည်ပါဗျ . . . မယုံရင် လက်တွေ့ညှစ်ပြပါ့မယ် . . ဘယ်လောက်ကပ်တဲ့၊ ဆိုးတဲ့နွားမပဲဖြစ်ဖြစ် . . . ကျွန်တော်နဲ့တွေ့ရင် . . . လေ . . . တစ်ခါတည်း . . . "

"တော်တော့ . . . သမီး . . . လာစမ်း . . . ပြန်မယ်"

သူ့စကားမဆုံးခင်မှာ ဧပရယ့်အဖေက ဧပရယ့်ကို လှမ်းဆွဲသည်။ ဧပရယ်က ပေကပ်ကပ်မဟုတ်သော်လည်း မလိုက်ချင်ဟန် ဖြင့် အနည်းငယ်ရုန်းသည်။

"ဖေဖေ . . . သူက တကယ်ရိုးလား . . . "

"တော်စမ်း . . . ရိုးသားတာတွေ ဘာတွေလာပြောမနေနဲ့ . . . ဒီရှူးကြောင်ကြောင်နဲ့ ငါ လုံးဝသဘောမတူဘူး . . . ဒီကောင်နဲ့

http://www.linhtet.com



ချက်ချင်း အဆက်ဖြတ် . . . ဒီကောင်နဲ့ယူလို့ကတော့ ငါနဲ့သေခန်း ပြတ်ပဲ . . . လာ . . . အခု လာစမ်း . . . ငါ သေတောင် ဒီကောင် နဲ့ မယူရဘူး . . . ”

ဧပရယ်ကား သူမ၏အဖေနောက်သို့ မလိုက်ချင်လိုက်ချင် ဖြင့် ပါကာသွားသည်။ ကုမ္ပဏီပိုင်ရှင်သူဌေးကြီး၏ သမက်တွေ့ဆုံပွဲ ၌ မရှုမလှသောဇာတ်သိမ်းခန်းကို သူ မယုံကြည်စွာရှိသွားမိသည်။ သူ ဘာ မှားသနည်း . . . ။

မိဘသဘောမတူ၍ လက်လျှော့မည့် ချစ်သူစုံတွဲများတွင် သူနှင့်ဧပရယ်တို့အတွဲမပါ။ ခိုးပြေးကာလက်ထပ်လိုက်ချိန်မှာ သူတို့ မျှော်လင့်ထားသလို သတင်းစာမှာ သမီးအဖြစ်မှစွန့်လွှတ်ခြင်း ကြော်ငြာ ဘာညာသာရကာတို့ ပါမလာ။

သို့သော် ‘အိမ်ရိပ်တောင်မနင်းနဲ့’ ဟူသောစကားနှင့်အတူ အမှန်အကန် အဆက်အသွယ် လုံးလုံးမလုပ်တော့သည်ကတော့ အသေအချာပဲ ဖြစ်သည်။ သူသည်လည်း အတန်အသင့် သုံးနိုင်စွဲနိုင်သူမို့ သိပ်ဆင်းဆင်းရဲရဲကြီး မနေရသော်လည်း ဧပရယ့်ကို သူမ၏မိဘအိမ်မှာလို မထားနိုင်သည်က အမှန်ပဲဖြစ်သည်။

http://www.linhtet.com



ရွာမှ ပဲ၊ ပြောင်း စသည့်သီးနှံတို့ကို ရန်ကုန်ပွဲရုံများမှာ သွင်းရန် လှေလာနေဆဲမို့ ဘာအလုပ်မှတော့ မယ်မယ်ရရမရှိသေး။

သို့နှင့်ဇပရယ်၏ ကိုယ်ဝန်လေးလကျော်ခန့်မှာ ယောက္ခထီးကြီးက ဆိုင်းမဆင့်၊ ဗုံမဆင့် ရောက်ချလာကာ 'အိမ်မှာလာနေကြဖို့' ခေါ်ခြင်းဖြစ်သည်။

တစ်ချိန်လုံးပွဲကြည့်ပရိသတ်လုပ်နေသော ဇပရယ်က သူ့ကိုပြုံးပြသည်။ သူမအပြုံး၏အဓိပ္ပါယ်ကို သူ ကောင်းကောင်းသိပါသည်။ နောက်ဆုံးတော့ 'အိမ်ရိပ်နင်းရပြီပေါ့' ဟူသော အပြုံး။ ကိုယ်လေးလက်ဝန်နှင့်မို့ သူလည်း မိဘအိမ်မှာ ပြန်နေချင်ရှာပေလိမ့်မည်။

"ဇပရယ်ကလည်းနော် . . . ဟန်ဆောင်ပန်ဆောင်လေးတောင် မငြင်းဘူး . . . ဘုတ်အုပ်တွေ၊ ဓာတ်ရှင်တွေထဲကလို မာနကြီးတစ်ခွဲသားနဲ့ ပြန်မလာတော့ဘူး . . . သမီးအပြစ် သမီးခံမယ် တွေ ဘာတွေ မလုပ်ဘူး . . ."

"လုပ်စရာလား . . . ဒါဟာ ဓာတ်ရှင်ရိုက်နေတာမှ မဟုတ်တာ . . . ကဲပါ . . . စကားကြောရှည်မနေနဲ့ . . . ပစ္စည်းတွေ အမြန်သိမ်း . . . တော်ကြာ ဖေကြီး စိတ်ပြောင်းသွားဦးမယ် . . . ကားလာအောင်မစောင့်ဘဲ တက္ကစီငှားပြီး ဒိုးရအောင် . . . ဒီလိုနေ့ကို စောင့်နေရတာကြာပေါ့ . . ."

မိဘနှင့်မာနပြိုင်မထားဘဲ 'ပြန်လာခဲ့' ဆိုသောစကားကို အခုမှ မြေဝယ်မကျ နားထောင်သော သမီးအလိမ္မာဇပရယ်၏စကား ကြောင့် သူ ခွီးခနဲရယ်ဖြစ်သည်။

"သူများကျတော့ ပြောပြီးမှ . . သူကျတော့ မလာဘူးလို့ နှစ်ခါတောင် မငြင်းဘဲနဲ့များ . . ."

"အာ . . . သွားငြင်းရင် ယောက္ခထီးကြီး စိတ်ဆိုးပြီး ပိတ်ထိုးသွားရင်ဘယ်လိုလုပ်မလဲ . . ဒီတော့ အောင်သိန်းတို့က ယောက္ခမ

http://www.linhtet.com



အိမ်ကို ပျော်ပျော်ကြီး ရှေ့မျက်နှာ ရှေ့မှာပဲထားပြီးတော့ လိုက်နေ . . . ပစ် . . . ဦး . . . မှာ . . . "

"အမလေး . . . ဒီလောက် မာနကြီးတဲ့လူမျိုး မတွေ့ဖူးသေးဘူး . . . "

ပြောပြီး ဧပရယ်က ရယ်သည်။ သူလည်း ရယ်ဖြစ်ပါသည်။ ယောက္ခမအိမ်မှာ နေခြင်းမနေခြင်းထက် ကိုယ်ဝန်သည်မိန်းမဖြစ်သူ၏ စိတ်ချမ်းသာခြင်းကိုသာ ရှေးရှုရမည်မဟုတ်လား။

"အင်း . . . မိဘအိမ် ပြန်သာတက်ရမှာ . . . ကိုကလည်း ရိုးရိုးအအနဲ့ ဖေဖေကလည်း ခပ်သွက်သွက်၊ ခပ်ထက်ထက်နဲ့ တွေ့ကြဦးတော့မှာပဲ . . . "

သူမ၏ရေရွတ်သံကို သူ မကြားပါ။ ပစ္စည်းပစ္စယများသိမ်းရင်း ဗိုက်ဖုံးအင်္ကျီအဟောင်းသုံးထည် မမေ့အောင်ကိုသာ ဂရုစိုက်နေဖြစ်သည်ကိုး။

http://www.linhtet.com

"သားရေ . . မောင်အောင်သိန်း . . . လာဦး . . . ဒီမှာ ဧည့်သည်တွေနဲ့ မိတ်ဆက်ပေးမလို့ . . ."

အိမ်မှာရောက်ပြီး တစ်လခန့်အကြာမှာ ယောက္ခထီးလုပ်သူ၏ ချိုသာသောခေါ်သံကို ပထမဆုံးအကြိမ်အဖြစ် သူ ကြားရသည်။

သူ ဝမ်းသာအားရဖြင့်ပင် ဧည့်ခန်းဆီ အပြေးတစ်ပိုင်းထွက်ခဲ့ဖြစ်သည်။ ဧည့်ခန်းမှာ ဧည့်သည်ငါးယောက်ခန့် ထိုင်နေကြသည်။

"လာ . . သား . . . ဒါ ကျွန်တော့်သမက်လေ . . . သား . . . ဒါ ဖေဖေ့ရဲ့မိတ်ဆွေ ကုမ္ပဏီပိုင်လုပ်ငန်းရှင်တွေပဲ . . . ဒီဘက်က ဦးစိမ်းမောင် . . သူ့ဘေးက ဦးလှစိန် . . . နောက် သူ့ဘေးက ဦးဖြူဟိန်း . . . . သူ့ဘေးက . . ."

http://www.linhtet.com



အားလုံးကို သူ မမှတ်မိပါ။ သို့သော် သူတစ်ယောက်မကျန် အကုန်လုံးကို ပြုံးပြဖြစ်သည်။

"ကဲ . . . သား . . . သူတို့ကို ဧည့်ခံထားလိုက်ဦး . . . ဖေဖေ Toilet ခဏ သွားဦးမယ် . . ."

ယောက္ခထီးကြီးက ထအသွားမှာ သူ နားနားကပ်ပြီး . . .

"ဟကောင် စကားမများစေနဲ့နော် . . ."

ဟု ကြိတ်ကာမှာသည်မို့ သူ . . .

"ဟုတ်ကဲ့ . . ."

ဟု မသိမသာ ခေါင်းညိတ်ပြဖြစ်သည်။ ပြီး . . . ဧပရယ် ကလည်း အပြင်သွားတာ ကြာလှချည်လားဟု မျှော်မိပြန်သည်။ ယောက္ခမနှင့်ဧပရယ်ဈေးသွားချိန်မှာ ယောက္ခထီးနှင့်သူ နှစ်ယောက် တည်း အိမ်မှာကျန်ခဲ့သည်ကိုး။

"မအေးရေ . . . ဒီမှာ ဧည့်သည်တွေဖို့ ကော်ဖီငါးခွက်ယူ ခဲ့ပါဦး . . ."

ဧည့်ခန်းထဲမှဖြတ်သွားသော အိမ်အကူမအေးကို လှမ်းပြော ရင်း ဧည့်သည်များကို ပြုံးပြဖြစ်သည်။

"ကိုအောင်သိန်းက ယောက္ခမရဲ့ ကုမ္ပဏီမှာ အလုပ်မဝင် သေးဘူးလား . . ."

ရုတ်တရက်ထမေးသော ဦးလေးကြီးတစ်ယောက်၏ အမေး ကို . . .

"ဟုတ်ကဲ့ . . . မဝင်သေးဘူးခင်ဗျ . . ."

ဟု ဖြေဖြစ်သည်။

"ဘာလုပ်ငန်းတွေလုပ်ဖို့ စိတ်ကူးထားလို့တုံးဗျ . . ."

နောက် ဦးလေးတစ်ယောက်၏အမေးကို ကြားရချိန်မှာ သူ ရွာမှနွားခြံကြီးကိုမျက်စိမှာမြင်ယောင်ရင်း လွမ်းသွားမိသည်။ ယောက္ခ

http://www.linhtet.com



ထီးကြီးမှာခဲ့သော စကားမလွဲစေနှင့်ဆိုသည့် အမှာစကားကို သူ မေ့သွားသည်။ ထို့ကြောင့် စိတ်လိုလက်ရပင် . . .

"ဖြစ်နိုင်ရင်တော့ ကျွန်တော် နို့စားနွားမွေးချင်တာဗျ"

"ဗျာ . . ."

မေးသော ဦးလေးအပါအဝင် ကျန်လေးယောက်က မျက်စိမျက်နှာပျက်သွားကြသည်။ ပျက်ဆို . . . ထိပ်တန်းကုမ္ပဏီတွေထဲက ကုမ္ပဏီပိုင်ရှင်၏သမက်က 'နို့စားနွားမွေးချင်သည်' ဟု ဆိုလာသည်ကိုး။

"အဟော် . . . ကိုအောင်သိန်းက နယူးဇီလန်တို့မှာလို နွားတွေ ထောင်နဲ့သောင်းနဲ့ချီမွေးပြီး အိတ်စ်ပို့ကုန်ထုတ်တဲ့အထိ မျှော်မှန်းထားတာကိုး . . . ကောင်းပါတယ်ဗျာ . . ."

တစ်ယောက်သော ဦးလေးကြီး၏စကားကြောင့် ကျန်လူများကခေါင်းလိုက်ညိတ်ကြသည်။ သူကတော့ ခေါင်းကိုရမ်းဖြစ်သည်။

"မဟုတ်ဘူးဗျ . . . ကျွန်တော်က လေးငါးဆယ်ကောင်မွေးပြီး . . ရပ်ကွက်ထဲ နွားနို့လိုက်ပို့ချင်တာ . . အဲဒီ့ဝင်ငွေက အတော်ဖြူးမှာဗျ . . ."

"ဗျာ . . အာ . . . ကိုအောင်သိန်းက . . . အတော်နောက်တတ်တာပဲ . . . ကောင်းတယ်ဗျာ . . . ပျော်ပျော်နေတတ်တော့ အသက်ရှည်တာပေါ့ . . ."

တစ်ယောက်သော ဦးလေးက ထိုသို့ရှုမြင်သည်။ ကျန်လူများက . . .

"ဟုတ်ပဗျာ . . . ဟုတ်ပ"

ဟု ခေါင်းညိတ်ရင်း ဆိုကြပြန်သည်။

"အာ . . . ကျုပ် နောက်နေတာ မဟုတ်ဘူးဗျ . . . အဟုတ်ပြောတာ . . . ဘုရားစူးရစေ့ . . . ကြွားတာတော့မဟုတ်ဘူးဗျို့ . . .

http://www.linhtet.com



ကျုပ် နွားနို့ညှစ်တာ ဘယ်လောက်ထိကျွမ်းကျင်သလဲဆိုရင် ဘယ်ကောင်မှ ကျုပ်ကိုမယှဉ်နိုင်ဘူး . . . အေးလေ . . . နွားနို့ညှစ်တယ်ဆိုတာကလည်း လွယ်တာမှ မဟုတ်တာ . . . ကျုပ် လုပ်ပြမယ်"

ပါးစပ်ကြီးဟကာ နားထောင်နေကြသော လူကြီးမင်းများကို သူ စိတ်လိုလက်ရ ရှင်းပြနေရာက မာန်ပါလာသည်မို့ ဆိုဖာခုံပေါ် တွင် တကယ်နွားနို့ညှစ်သလိုမျိုး ဆောင့်ဆောင့်ထိုင်ကာ ပုဆိုးခပ်တို တိုဖြင့် နွားနို့ညှစ်ခြင်းကို သရုပ်ပြနေဖြစ်သည်။

"ဟောသလို . . . ဟောသလို . . . ညှစ်မှ . . . "

သူ ပြောပြသမျှကို ပါးစပ်ကြီးဟကာ နားထောင်နေကြသည်ကိုကြည့်ရင်း သူ အတော်ကလေး ကျေနပ်သွားသည်။ ထိုစဉ်မှာပင် Toilet မှ ပြန်လာသော ယောက္ခထီးက သူ့ ကို . . .

"မောင်အောင်သိန်း . . . ဆိုဖာပေါ်မှာ ဆောင့်ဆောင့်ကြီးထိုင်ပြီးတော့ ဘာလုပ်နေတာတုံး . . . "

ဟု တအံ့တဩဖြင့် မေးသည်။

"နွားနို့ညှစ်ပြနေတာလေဗျာ . . . "

"ဘာ . . . ဟကောင် . . . မင်း အခုချက်ချင်းပြန်ပြင်ထိုင်စမ်း . . . "

သူ့ကို ခပ်ငေါက်ငေါက်ဆိုကာ သူ့အနားခပ်သွက်သွက်ရောက်လာပြီး ကုပ်မှဆွဲကာ ဆိုဖာခုံပေါ်မှာ ပြန်ထိုင်စေသည်။ ပြီးစိတ်ဆိုးနေသောအိုက်တင်ကို ချက်ချင်းချိန်းကာ ဧည့်သည်များဘက်လှည့်၍ ပြုံးလိုက်ရင်း . . .

"ဒီကလေးက ဒီလိုပဲ . . . အမြဲရွှတ်နောက်နောက်နဲ့ စတတ်တယ် . . . "

"အာ . . . ကျုပ်မနောက်ဘူး . . . အတည်ပြောတာ . . "

"အောင်သိန်း . . . "

http://www.linhtet.com



သူ၏အပြင်းစကားမဆုံးခင်မှာ ယောက္ခထီးကြီးက မိုးခြိမ်းသံကြီးဖြင့် သူ့ကို ဟန့်သည်မို့ သူ ပါးစပ်ကို ပိတ်လိုက်ရသည်။

"ရှင်းပြလို့တောင် မပြီးသေးဘူး . . . ဇွတ် . . . "

ဟု စိတ်မှာ မကျေမနပ်တွေးမိသည်။

"ကဲ . . . ရောက်တာလည်းကြာပြီ . . . ကျွန်တော်တို့ ပြန်လိုက်ပါဦးမယ် . . . "

အခြေအနေမဟန်သည်မို့ ဧည့်သည်များက ထလစ်ရန် အကြံဖြင့် နှုတ်ဆက်ရင်း ကမန်းကတန်းထကြသည်။

"ဟုတ်ကဲ့ပါ . . . နောက်မှအေးအေးဆေးဆေး စကားပြောကြတာပေါ့ . . . "

ယောက္ခထီးကြီးက မချိပြုံးပြုံးရင်း လိုက်၍နှုတ်ဆက်သည်။

"ကိုအောင်သိန်းရေ ပြန်ပြီဗျာ . . . "

လူကြီးမင်းများထဲမှ တစ်ယောက်က သူ့ကိုလှမ်း၍နှုတ်ဆက်သည်။

"ဟုတ်ကဲ့ပါဗျာ . . . နောက်ကြုံမှပဲ ဝက်စာ၊ ကြက်စာ ကျွေးတဲ့အကြောင်းတွေ ပြောပြ . . . . "

**"အောင်သိန်း . . . "**

သူ့စကားပင်မဆုံးသေး . . . ကုမ္ပဏီပိုင်ရှင်သူဌေးဖြစ်သူ ယောက္ခထီးကြီး၏ အသံက ဟိန်းထွက်လာသည်မို့ ပါးစပ်ကို ကမန်းကတန်း ပိတ်လိုက်ရသည်။ ယောက္ခထီးမကြိုက်လျှင် ပြင်ရပေမည်။ ယောက္ခမရှိသေ၊ အသက်ရှည်ဟူသော ဆိုရိုးက ရှိနေသည်ကိုး။ ယောက္ခထီးအိမ်မှာနေမှတော့ ယောက္ခထီးစကားကို အလေးထားနားထောင်ရမည် မဟုတ်ပါလား။

*ရယ်မောပျော်ရွှင်နိုင်ပါစေ*

*ပြည့်ပိုင်မျှားအိမ်*

http://www.linhtet.com

